
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြိုတင်

## မရလာတောင်ကြီးကျောက်သားမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

◆ မိုးရေစက်များက သဘာဝအတိုင်း ကောင်းကင်ကနေ မြေပြင်ပေါ်ကို ဆင်းရတဲ့အခါ ရှိတယ်။

တစ်ချိန်မှာ အခိုးအငွေ့အဖြစ်နဲ့ ကောင်းကင်ကို ပြန်တက်ရပြန်တယ်။

ထို့ကဲ့သို့ပင်...ဘဝဆိုတာလည်း အတက်အကျများနဲ့ လည်ပတ်နေခြင်းပါပဲ။

◆ လူတွေမှာ ဝမ်းနည်းခြင်းကို ကြောက်ရွံ့နေတာနဲ့ ပျော်ရွှင်စရာ အခွင့်အရေးတွေကို လက်လွှတ်ခဲ့ရတာတွေ အများကြီးရှိတယ်။

◆ လုပ်သင့်လုပ်ထိုက်သောအရာကို စိတ်က သိသော်လည်း လက်တွေ့လုပ်ရမည် ဆိုသောအခါ အတော့်ကို ခက်ခဲနေတတ်တာမျိုး ရှိသည်။

◆ အမှန်တရားသည် အမြဲလှပနေသည် မဟုတ်၊

အမှန်တရားကို လက်ခံယုံကြည်မှသာ အလှတရား အစစ်ဖြစ်ပေသည်။

◆ ထက်မြက်တဲ့စိတ်ဟာ လေထီးတစ်လက်လိုပါပဲ၊

လေထီးဟာ ဒီအတိုင်း ထုပ်မထားပဲ ပွင့်နေတဲ့အခါမှသာ အမြင့်ရောက်တာပါ။

◆ နှလုံးသားထဲမှာ ကိန်းဝပ်နေတဲ့အချစ်ကို သာမန် အကြောင်းလောက်နဲ့တော့ ထုတ်မသုံးသင့်ပါဘူး။

တကယ်သုံးရမယ့်အချိန် ရောက်တဲ့အခါ စွမ်းအား လျော့နေတတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

- အခွင့်အရေးကောင်းတွေဟာ တစ်ခါတစ်ရံမှာ
ပြဿနာအဖြစ်နဲ့ ရောက်လာတတ်ပါတယ်။
ပြဿနာနဲ့ အခွင့်အရေးကို ခွဲခြားနိုင်သူက
တပန်းသာ လေ့ရှိပါတယ်။

- အကောင်းနှင့်အဆိုးသည် ဘယ်သောအခါမှ
ဒွန်တွဲ မနေပါ။
သူတပါးက ဆိုးသော်လည်း သင်က ကောင်းသော
အရာကိုသာ ပေးလိုက်ပါ။
တစ်ချိန်မှာ အကောင်းဆုံးများက တစ်ကျော့ပြန်
လာပြီး သင်ရှိရာ ရောက်လာပါလိမ့်မယ်။

- ပထမဆုံးအကြိမ် အိမ်ထောင်ပြုခြင်းဟာ
သဘာဝအတိုင်း ဆောင်ရွက်ခြင်းဖြစ်တယ်။
နှစ်ကြိမ်ဆိုလျှင် သင့်ဘက်က ချို့ယွင်းမှု
တစ်ခုခု ရှိလာပြီ ဆိုတာ သိနိုင်ပါတယ်။
သုံးကြိမ်ဆိုလျှင်တော့ အခြား
သူကို အပြစ်ပြောစရာ မရှိတော့ပေ။

- လောကကြီး အခြားလူတွေ လုယူလို့မရနိုင်တဲ့
နေရာ တစ်နေရာ ရှိပါတယ်၊
"အမေ" ဆိုတဲ့ နေရာပါပဲ။

- မျက်ရည်ကျအောင် စကားပြောနိုင်သူသည်...
စကားပြောသော မျက်ရည်များ ရှိသော
ကြောင့်သာ ဖြစ်ပါသည်။

- တစ်ဦးနှင့်တစ်ဦး အကြောင်းပြချက် မလိုတဲ့
လွတ်လွတ် လပ်လပ် ဖန်တီးနိုင်တဲ့အရာ ရှိပါတယ်၊
အချစ်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) မရဏနိမိတ်ပေလော

အခန်း(၂) ထူးဆန်းသော စိတ်ဆွေသစ်များနှင့် တွေ့ဆုံရခြင်း

အခန်း(၃) မြန်မာနိုင်ငံနှင့် ထူးခြားသောနေရာများ

အခန်း(၄) ဆွေးသောက်ပတ္တမြားနှင့် အန္တရာယ်ဆိုးများ

အခန်း(၅) ညဥ့်လယ်ယံမှ ကိုယ်ပွားဝိညာဉ်

အခန်း(၆) ဖမုန်းထန်တို့နှင့် ပြန်တွေ့ခြင်း

အခန်း(၇) မရဏတောင်ကြားမှ သဲလွန်စ

အခန်း(၈) မရဏတောင်ချောက်

အခန်း(၉) နတ်ဘုရားမနှင့် ဆန်းကြယ်မှုများ

အခန်း(၁၀) တောနက်အတွင်းမှ အန္တရာယ်များ

အခန်း(၁၁) နတ်ဘုရားကျောင်းမှ အရိပ်မည်း

အခန်း(၁၂) သစ္စာမဲ့သူများ၏ထူးဆန်းသောဂါကြမ္ဘာ

အခန်း(၁၃) ထူးဆန်းသော မရဏနွံအိုင်

အခန်း(၁၄) ရွှေရှာတောက်ရန်သူများ

အခန်း(၁၅) ဒေါက်တာမင်းထင်ကျော်နှင့် အန္တရာယ်ခရီးလမ်း

အခန်း(၁၆) အန္တရာယ်များကြားမှ ဝိညာဉ်ပုံရိပ်

အခန်း(၁၇) အချစ်၏နိဒါန်း...သို့မဟုတ်




အခန်း (၁)

## မရဏနိမိတ်ပေလော

မှိုင်းညို့လျက်ရှိသော သစ်တောကြီးများကို ဦးစွာလှမ်းမြင်ရသည်။ မြူနှင်းအောက်ဝယ် မှုန်ဝါးဝါး လှမ်းမြင်ရသော သစ်တောကြီးများမှာ အစိမ်းရင့်ရောင်နှင့် အမည်းရောင်များ ရောထွေးလျက် ရှိနေလေ၏။

၎င်းသစ်တောကြီးများအလွန်မှာတော့ မြင့်မားသော တောင်တန်းကြီးများကို ခပ်ရေးရေးလှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သည် သာဝတ္ထိမြို့ ...င်းအလွန်တွင် ခေတ္တစခန်းချကြလေသည်။

သူတို့အဖွဲ့သားများ မြန်မာနိုင်ငံမှ ထွက်လာခဲ့ကြ... ...အတန်ကြာသောအခါ မဇ္ဈိမဒေသသို့ ရောက်ရှိနေကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ လေယာဉ်ပျံဖြင့် အရောက်လာခဲ့ပြီး ကာလကတ္တားမှတဆင့် ရှေ့သို့ အဆင့်ဆင့် ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။

ကာလကတ္တားမှ ခရီးဆက်သော် ဂါယာသို့ ရောက်ပြီး ထိုမှတစ်ဆင့် ဗာရာဏသီသို့ရောက်သည်။

ဂါယာဘူတာသို့ရောက်သောအခါ ဆင်း၍ ဗုဒ္ဓဂါယာ သတ္တဌာနများကို အခွင့်သာခိုက် ဝင်ရောက်ဖူးမျှော်ကြသေးသည်။ ထိုမှတစ်ဆင့် ဗာရာဏသီသို့ ခရီးဆက်ကာ မိဂဒါဝုန်သို့ ဝင်ဖြစ်ကြသည်။

ကာလကတ္တားမှ ည(၇)နာရီထွက်သောရထားကို စီးခဲ့ကြရာ ဗုဒ္ဓဂါယာသို့ နံနက်(၆)နာရီခန့်တွင် ရောက်သည်။

ဗုဒ္ဓဂါယာ ဘုရားဖူးပြီးမှ ဗာရာဏသီသို့ ခရီးဆက်ကြခြင်းဖြစ်သည်။

ဗာရာဏသီသည် မြို့ကြီးတစ်မြို့ဖြစ်သည်။

ထိုမြို့မှတစ်ဆင့် ဗုဒ္ဓတရားဦး ဟောရာ မိဂဒါဝုန် ခေါ် ဆာရ်နဂတ်မှာ ဗာရာဏသီမှတစ်ဆင့် (၁၂)ကီလိုမီတာခန့် ဝေးလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သည် ဗာရာဏသီသို့ ရောက်သောအခါ ဟော်တယ်များ၌ မတည်းဘဲ ဒေါက်တာမင်းထင်ကျော်၏အသိမိတ်ဆွေဖြစ်သူ မြန်မာဘုန်းတော်ကြီး ဒေါက်တာဂမ္ဘီရဗုဒ္ဓိကျောင်း၌ တည်းခိုလေသည်။





ဆရာတော်ကျောင်းမှာ ဗာရာဏသီဘူတာကြီးမှ (၁)ဖာလုံခန့်သာ ဝေးလေသည်။

ဆရာတော်သည် ပဲခူးတိုင်း၊ ဿနပွင်မြို့နယ်၊ တာဝရေ တံခါးကျေးရွာဇာတိသား ဖြစ်သည်။

ပဲခူးကြခတ်ဝိုင်းကျောင်းတိုက်မှ ဓမ္မာစရိယ ပါဠိပါရဂူဘွဲ့၊ ဗာရာဏသီမြို့၊ ဆန်ဆကရိ(တ်)တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့နှင့် ကာသီဝိဇ္ဇာတက္ကသိုလ်မှ အင်္ဂလိပ် ဒီပလိုမာဘွဲ့တို့ကို ရရှိပြီးနောက် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်မှ ပီအိပ်ချ်ဒီ(Ph.D)ပါရဂူဘွဲ့ ရရှိထားသော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော် ဒေါက်တာဂမ္ဘီရဗုဒ္ဓိမှာ မြန်မာနိုင်ငံ၌ ရှိစဉ်ကပင် ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်ရင်းနှီးသောကြောင့် ဗာရာဏသီသို့ ရောက်သောအခါ အစစအရာရာ လိုလေသေးမရှိအောင် အကူအညီပေးလေသည်။

ဗာရာဏသီမြို့မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ထင်ရှားကျော်ကြားခဲ့သော မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ၏အလယ်ဗဟိုရ်ကျရာ အထိကရမြို့လည်း ဖြစ်ခဲ့လေသည်။

ယခင်က ကာသိတိုင်း ဗာရာဏသီပြည်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဟိန္ဒူဘာသာဖြင့် (ကာစီ)ကာသိဟု ခေါ်၍ အင်္ဂလိပ်ခေတ်တွင် ဗားနားရပ်(စ်) ဟု ခေါ်ကြသည်။

ယခုအခါမှာတော့ ဗာရာဏသီ(ဝါရာကာစီ)ဟုပင် ခေါ်ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီသည် ဂင်္ဂါမြစ်၏အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ဂင်္ဂါမြစ်အတွင်းသို့ အနောက်ဘက်မှ စီးဝင်သော ဝရုဏာမြစ်နှင့် အစီမြစ်ငယ်နှစ်ခုတို့၏အကြား၌ တည်ရှိကာ ဂင်္ဂါမြစ်ကို ရှိခိုးကြ၊ ရေချိုးကြသော ဟိန္ဒူတို့၏မြို့တော်ဖြစ်သည်။

နှစ်ပေါင်း(၃၀၀၀)ကျော်ကတည်းက မြို့တော်အဖြစ် တည်ရှိခဲ့သော သက်တမ်းအရှည်ဆုံး မြို့တော်တစ်ခုဆိုလျှင်လည်း မမှားပေ။

ဗာရာဏသီသည် ဥတ္တရပရာဒေ့ရှ်(ယူးပီ)ပြည်နယ်အတွင်း၌ ရှိသည်။

မြတ်ဗုဒ္ဓ တရားဦးဟောရာ မိဂဒါဝုန်တောမှာ ဗာရာဏသီမြို့၏မြောက်ဘက် (၆)မိုင်ခန့်၌ တည်ရှိလေသည်။ မိဂဒါဝုန်သည် မြန်မာတို့၏အခေါ်အဝေါ်ဖြစ်ပြီး ပါဠိဘာသာ "မိဂဒါယ+ဝန" မှ မိဂဒါဝုန် ဖြစ်လာလေ၏။

ယခုအခေါ်မှာ 'ဆာရာနတ်' ဖြစ်သည်။

ဇာတနိပါတ် နိဂြောဓမိဂဇာတ်နှင့် ဆက်နွယ်ကာ ၎င်းဇာတ်တော်လာ ကိုယ်ဝန်ဆောင် သမင်မအလှည့်တွင် ဘုရားအလောင်း သမင်မင်း၏ ကိုယ့်အသက်ကို စွန့်ကာ ကယ်တင်ရာမှ သမင်အားလုံး ဘေးမဲ့ဖြစ် ကိုးကွယ်ရာရခဲ့ဖူးသည့်အကြောင်းပြု၍ 'ဆာရင်္ဂနာထ' မှ ဆာရာနတ်(သမင်များ၏မှီခိုအားထားရာ အရှင်သခင်) ဟု ပြောင်းလဲလာခဲ့ခြင်းဖြစ်၏။

အမိပ္ပါယ်ကတော့ မိဂဒါဝုန်နှင့် အတူတူပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်တို့သည် ဗာရာဏသီ၌ စခန်း





တထောက်နားပြီး သာဝတ္ထိရောက်အောင် မြောက်ဘက်သို့ ခရီးဆက်ကြရလေသည်။

သာဝတ္ထိသည် အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ ဂွန်ဒါဒိစတြိတ်အပိုင် (ဂွန်ဒါနှင့် ဘာရိုင့်ချ်ခရိုင်တို့၏နယ်စပ်)တွင် တည်ရှိသည်။

ရာပတီခေါ် အစိရဝတီမြစ်၏အရှေ့ဘက်၌ တည်ရှိလေသည်။ ရာပတီမြစ်သည် နီပေါလ်နိုင်ငံ (ဟိမာလယ-ဟိမဝန္တာတောင်ခြေ)မှ စကာ ဖူသန်မြို့မှသည် ဂိုရက္ခပူရ်အထိ ရောက်အောင် စီးဆင်းလေသည်။

ဗုဒ္ဓသမိုင်းတွင် ပဋာစာရီနှင့် သာကီဝင်တို့အား သတ်ရာမှ အပြန်တွင် ဝိဋူဋဘအား ဒုက္ခပေးခဲ့သောမြစ် ဖြစ်လေသည်။

သာဝတ္ထိမှာ သာဝတ္ထိရသေ့၏ကျောင်းနေရာ ရှိသောကြောင့် သာဝတ္ထိဟု ခေါ်ဝေါ်ကြခြင်းဖြစ်၏။

ထို့ပြင် . . .

သဗ္ဗအတ္ထိ အလုံးစုံ ရှိသောကြောင့် သာဝတ္ထိဟု ခေါ်ကြောင်း ပါဠိစာပေများ၌ ဖော်ပြထားသည်။

မဟာဘာရတကျမ်းအလိုအရလည်း သာဝတ္ထိရသေ့ တောင်တည်ထောင်သဖြင့် သာဝတ္ထိဟု ခေါ်ကြောင်းဆိုသည်။

သက္ကတနှင့် ဟိန္ဒီဘာသာ အသံထွက်ဖြင့် 'ဆာရာဝပ်စတီ' ဟုလည်း ခေါ်ကြလေသည်။

ယခုအခါ ဇေတဝန်ကျောင်းတော်ရာကို (SAHEK) ဆာဟဲက်ခေါ်၍ သာဝတ္ထိမြို့ဟောင်းကို (MAHEK) မဟဲက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကာ နှစ်ခုပေါင်းတွဲ၍ (Sahek Mahek)'ဆာဟဲက်မဟဲက်' ဟု ဒေသခံများက ခေါ်ဝေါ်ကြသည်။ သာဝတ္ထိသည် ဗုဒ္ဓမတိုင်မီ အေဒီ(၄)ရာစု၊ သို့မဟုတ် (၅)ရာစုအစပိုင်းအထိ မြို့အဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းတွင် တောအဖြစ် ပြောင်းလဲခဲ့လေသည်။

တောနက်ထဲတွင် ရှေးဟောင်းနန်းတော်ရာများ၊ အဆောက်အအုံများမှလွဲ၍ လူနေအိမ်ခြေ မရှိပေ။ သာဝတ္ထိနှင့် ပတ်သက်၍ ဗုဒ္ဓနှင့် သက်ဆိုင်သော ထူးခြားသောနေရာများမှာ သရက်ဖြူပင်နေရာ၊ ဒေဝဒတ်ရေကန်၊ စိဉ္စမာနအိုင်၊ ဇေတဝန်ကျောင်းတော်ရာ အစရှိသည်တို့ဖြစ်သည်။

သရက်ဖြူပင်နေရာမှာ တိတ္ထိများနှင့် တန်ခိုးပြိုင်ခဲ့သော နေရာဖြစ်သည်။

တိတ္ထိတို့သည် သရက်ပင်မှန်သမျှ အားလုံးခုတ်ထွင် ရှင်းလင်းထားသော်လည်း ကဏ္ဍအမည်ရှိ ဥယျာဉ်စောင့် လှူဒါန်းသော သရက်သီးကို ဘုဉ်းပေးတော်မူပြီး အစေ့ကို မြေသို့ ချကာ စိုက်ပျိုးခဲ့ရာ ချက်ချင်း သရက်ပင် ပေါက်သောနေရာဖြစ် သည်။ ကဏ္ဍကို အကြောင်းပြု၍ (ကဏ္ဍ + အမ္ဗ) သရက်ဖြူပင် ဟု ခေါ်တွင်ခြင်းဖြစ်၏။

ထိုသရက်ပင်ရင်း၌ ရေမီးအစုံ တန်ခိုးဖြာဋ္ဌိဟာကို ပြ ကာ တာဝတိံသာသို့ (၂)လှမ်း၊ (၃)ဘဝါဖြင့် ကြွလှမ်းပြီး မယ်တော်နတ်သားအား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာ တရားဟောကြားရင်း (၇)ဝါမြောက် ဝါဆိုတော်မူခဲ့သည်။ ဤ နေရာသည် မြတ်စွာဘုရား၏တန်ခိုးတော်အနန္တကို အာရုံပြုသင့်





သောနေရာဖြစ်ပေသည်။

ထိုနေရာနှင့် ကိုက်(၃၀၀)အကွာတွင် ရေအိုင်ကြီးတစ် အိုင် ရှိလေသည်။

ဒေဝဒတ် မြေမျိုရာ ရေကန်ဟု ဆိုသည်။

သံဝေဂ ရလာသော ဒေဝဒတ်သည် ဂယာသီသမှ သာဝတ္ထိသို့ ဗုဒ္ဓမြတ်စွာအား တောင်းပန်ကန်တော့ရန် လာခဲ့ သော်လည်း ဤရေကန်သို့ ရောက်သောအခါ ပူလွန်း၍ မနေနိုင် ဘဲ ရေသုံးရန်အတွက် ထမ်းစင်မှ ချစဉ် မြေသို့ ရောက်သော အခါ မြေမျိုခံရသောနေရာ ဖြစ်သည်။

မြတ်စွာဘုရားနှင့် နီးသောနေရာသို့ ရောက်လာစေကာ မူ အကုသိုလ်ကံကြီး ပါလာပါက မြတ်စွာဘုရားပင် မကယ်နိုင် တော့ပေ။ ထိုနေရာနှင့် မလှမ်းမကမ်းတွင် ကိုယ်ဝန်အတုဖြင့် မြတ်စွာဘုရားအား အရှက်ခွဲလိုသူ စိဉ္စမာန၏ရေအိုင် ရှိလေ သည်။ သာဝတ္ထိ၌ ထူးခြားသောနေရာတစ်ခုမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ဇေတဝန်ကျောင်းပင်ဖြစ်ပေသည်။

ဇေတဝန်ကျောင်းတော်ရာမှာ ရှေးယခင်လက်ရာများ တွေ့ရတော့ဘဲ ယခု အထပ်ထပ်ပြုပြင်ထားသော လက်ရာသစ် များကိုသာ တွေ့နိုင်တော့သည်။

အဆောက်အဦများသာ အသစ်ဖြစ်နေသော်လည်း နေရာကတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ နေရာ အစစ်ပင် ဖြစ်ပေသည်။

ဇေတဝန်ကျောင်းတော်ရာမှ မြောက်ဘက်သို့ ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဆက်သွားပါက ကုန်းမြင့်တောတန်းများ ဝန်းရံနေသော သာဝတ္ထိမြို့ဟောင်းနေရာသို့ ရောက်ကြလေသည်။

မြို့ဟောင်းနေရာတစ်ဝိုက်မှာ (၃)မိုင်ကျော်ကျော်ခန့် ကျယ်ဝန်းပြီး လမြေမ်းကွေးပုံသဏ္ဌာန် ရှိလေသည်။

အရှေ့မြောက်ဘက်၌ ရာပတီမြစ် ရှိလေသည်။

သာဝတ္ထိပြည်မြို့ဟောင်း၌ ဂျိန်းဘုရားကျောင်း ရှိသည်။ ထိုနေရာသည် ဂျိန်းတို့၏တတိယအကြီးဆုံးဖြစ်သူ သမ္ဘဝနာထ အား မွေးဖွားခဲ့သော နေရာဟောင်းဖြစ်သည်။ ဗုဒ္ဓမတိုင်ခင် ကတည်းက သာဝတ္ထိသည် ဂျိန်းဘာသာကို ကိုးကွယ်ခဲ့ကြလေ သည်။

ထို့ပြင်. . . ကတ်ကျိကုဋ္ဌိခေါ် ကောသလမင်း၏နန်း ပြသာဒ်နှင့် အနာထပိဏ်သူဌေး၏အိမ်နေရာလည်း ရှိသည်။

သာဝတ္ထိ၌ မလ္လိကာမိဖုရား၏အဆောင် ရှိသလို ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ စိတ်ဝင်စားမှု ရှိကြသော အင်္ဂုလိမာလ မွေးဖွားရာနေရာလည်း ရှိပေသည်။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်က ထိုနေရာ တဝိုက်တွင် အင်္ဂုလိမာလ ရန်ကြောင့် လူတို့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသည်။

ဆောက်တည်ရာမရ ပြေးလွှားပုန်းအောင်းခဲ့ကြရသည်။

အင်္ဂုလိမာလ ဓားချက်အောက်မှာ အသက်ပျောက်ခဲ့ကြရသည်။

အရှင်လတ်လတ် လက်ညှိုးအဖြတ်ခံခဲ့ကြရသည်။

ထိုနေရာသည် သွေးတို့ဖြင့် ညစ်ပေစေကုန်၏။





ထိုနေရာသည် မျက်ရည်စက်တို့ဖြင့် စွန်းပေခဲ့ရသည်။

ထိုနေရာတွင် ညည်းညူသံ၊ ကြုံးဝါးသံ၊ ကြောက်လန့် ဖွယ်ရာ အော်ဟစ်သံတို့ဖြင့် ပွဲတင်ထပ်ခဲ့ရချေသည်။

ယခုတော့မူ. . .

သာဝတ္ထိမြို့ဟောင်းတစ်ဝိုက်မှာ လူသူမရှိတော့ဘဲ တောတောင်များစွာ ဖုံးလွှမ်းလျက် ရှိနေတော့သည်။

ထိုနေရာရောက်သောအခါ ဒေါက်တာမင်းထင်ကျော် တို့အဖွဲ့ စခန်းချကြလေသည်။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်သောကြောင့် သစ် တောနှင့် နီးသော တောင်ကုန်းတစ်ခုပေါ်၌ ရွက်ဖျင်တဲများ ထိုး အာ စခန်းချကြလေသည်။

ယခု ခရီးထွက်လာကြသောအဖွဲ့မှာ ဒေါက်တာမင်း ထင်ကျော်တို့ မြန်မာအမျိုးသားက (၅)ယောက်လောက်သာ ပါပြီး ကျန်(၁၅)ယောက်ခန့်က ကုလားအမျိုးသားများဖြစ်ကြလေ သည်။

၎င်းတို့အားလုံးမှာ မစ္စတာပရာချန်၏တပည့်များဖြစ်ကြ လေသည်။ မစ္စတာပရာချန်သည် အိန္ဒိယ ဆန်ကုန်သည်ကြီးများ အသင်းမှ ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ဆန်အရောင်းအဝယ် ကိစ္စနှင့် လာရောက်ရင်း ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင် ရင်းနှီးကြရာမှ ယခုကဲ့သို့ ခရီးထွက်ရန်အကြောင်းပေါ်လာရခြင်း ဖြစ်ပေ၏။

ယခုလို ခရီးထွက်ကြရာတွင် ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ဦးဇန်ကောင်းနှင့် ကျော်စွာတို့လည်း လိုက်လာကြပြီး အခြားနှစ်ယောက်လည်း ပါလာသည်။

မစ္စတာပရာချန်၏အဖွဲ့မှာတော့ ၎င်း၏လက်ထောက် တပည့်နှစ်ယောက်ဖြစ်သူ တင်မင်းဟန်နှင့် ကျော်ဇလတို့နှင့် အတူ အခြားဆယ်မယောက်ခန့် ပါလာကြသေးသည်။ တင်မင်းဟန်နှင့် ကျော်ဇလတို့နှစ်ယောက်မှာ ကုလားလူမျိုးများ ဖြစ်ကြသော်လည်း မြန်မာနာမည်များ တပ်ကာ မြန်မာတစ်ယောက်ကဲ့သို့ ဝတ်စားနေထိုင်ကြသူများဖြစ်သည်။

၎င်းတို့၏ပြောပြချက်အရ မြန်မာနိုင်ငံ၌ မွေးဖွားကြီးပြင်းလာကြပြီး အရွယ်ရလာကာမှ အိန္ဒိယသို့ ရွှေ့ပြောင်းနေထိုင်ကြကြောင်း သိရလေသည်။

ခရီးတစ်ထောက်နားသောအခါ ကုလားထမင်းချက်များ ချက်ပြုတ်ကျွေးသော သတ်သတ်လွတ်အစားအစာများမှာ ခံတွင်းမြိန်ဖွယ်ရာဖြစ်သည်။

ညအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်း၊ ကျော်စွာ၊ တင်မင်းဟန်နှင့် ကျော်ဇလတို့ ငါးယောက်သည် ရွက်ဖျင်တဲတစ်လုံးအတွင်း၌ ရှေ့ခရီးစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။

"သာဝတ္ထိ ကျော်တာနဲ့ ရှေ့ခရီးစဉ်တွေမှာ လူနေအိမ်မြို့ရွာတွေ မရှိတော့ဘူး ဆရာ၊ တောတောင်ခရီးတွေပဲ ကျန်တော့တယ်"

တင်မင်းဟန်က သူအသင့်ယူလာသောမြေပုံကို ဖြန့်ချကာ သာဝတ္ထိမြို့ဟောင်းနေရာကို လက်ထောက်ပြသည်။





မြေပုံမှာ မဇ္ဈိမဒေသကို ရေးဆွဲထားခြင်းဖြစ်ပြီး မြေပုံပေါ်၌ တိုင်းကြီး(၁၆)တိုင်း၏နေရာများကို တွေ့ရသည်။ သာဝတ္ထိနှင့် အရှေ့မြောက်ယွန်းယွန်း၌ ကပိလဝတ္ထုသာ ရှိတော့ပြီး ဟိုဘက်၌ မြို့ရွာများ မရှိတော့ပေ။

မြောက်ဘက်နယ်နိမိတ်မှာတော့ ဟိမဝန္တာတောင်တန်းကြီးက တံတိုင်းသဖွယ် ကာရံထားလေသည်။

ဟိမဝန္တာနှင့် ကပိလဝတ္ထုကြားမှာတော့ တောင်တန်းနှင့် တောများသာ ရှိလေတော့သည်။

"ကျွန်တော်တို့ အခုသွားရမယ့်နေရာက ဘယ်နေရာလဲ"

ထိုအခါ တင်မင်းဟန်က မြေပုံတစ်နေရာကို လက်ညှိုးထိုးပြလေသည်။

"ကျွန်တော်တို့ သွားရမယ့်နေရာက ဒီနေရာပဲ၊ အဲဒီနေရာက မရဏတောင်ကြားဆိုတဲ့နေရာပဲ၊ အဲဒီတောင်ကြားထဲကို ဝင်သွားတဲ့လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အဝင်သာ ရှိပြီး အထွက်မရှိတဲ့နေရာပဲ"

"တယ်ကြမ်းတဲ့နေရာပါလား"

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း ဝင်ပြောလိုက်သည်။

"ဘယ်လိုကြောင့် ပျောက်ကုန်တာလဲဗျ"

ကျော်စွာကပါ ဝင်မေးသောအခါ ကျော်ဇလက. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း အခုအချိန်ထိ ဒီအခြေအနေကို မသိကြရသေးပါဘူး၊ နယ်ခံတွေ ပြောပုံအရတော့ သေသွားတဲ့ လူတွေရဲ့ဝိညာဉ်တွေက ဖမ်းစားလို့ သေကြရတယ်လို့တော့ သိရတယ်"

ဟု ပြောပြသည်။

"ပျောက်သွားတဲ့လူတွေကို လိုက်မရှာကြဘူးလား"

"ရှာကြည့်ကြတာပေါ့. . . မရဏတောင်ကြားထဲမှာ သူတို့ရဲ့အရိုးစုတွေပဲ တွေ့ကြရတယ်"

"အဖြေတစ်ခုတော့ ရှိရမှာပေါ့"

"ကျွန်တော်တို့တတွေက ဒီနယ်ခံတွေဆိုရင်လည်း မမှားဘူး၊ ဒါကြောင့် ဒီနေရာတွေရဲ့အကြောင်းကို ကောင်းကောင်းသိကြတော့ အဲဒီနေရာကို သွားရမှာ အတော့်ကို လန့်မိတယ်၊ ဒါပေမယ့် ဆရာကြီးက ခိုင်းတော့လည်း လိုက်လာရတာပေါ့"

"ကျွန်တော်တို့ချည်းဆိုရင်လည်း ဘယ်နည်းနဲ့မှ သွားဝံ့မှာ မဟုတ်ဘူး၊ အခုတောင် ဆရာတို့ ပါလာလို့သာ အရဲစွန့်ပြီး လိုက်လာကြရတာ"

ကျော်ဇလက ခွန်အားကြီးသလောက် အသည်းငယ်ပြီး ကြောက်ရွံ့စိတ် ရှိဟန်တူလေသည်။

"ဒါထက် နေပါဦး၊ ဘာကြောင့် ဒီလောက်တောင် ကြောက်နေရတာလဲ"

"ကြောက်ဆို ကျွန်တော်တို့ အခုသွားမယ့်နေရာက မရဏတောင်ကြားနဲ့ နီးတဲ့တောထဲကို သွားရမှာဗျ၊ အဲဒီ





သစ်တောကလည်း အတော့်ကို ကြမ်းတဲ့သစ်တောပဲ"

"ဘယ်လိုကြမ်းတာလဲဗျ"

"အဲဒီတောက အခြားဟုတ်ရိုးလား၊ ဘုရားရှိစဉ်က အင်္ဂုလိမာလဆိုတဲ့ တောပုန်းကြီး နေသွားတဲ့သစ်တောပဲ၊ အဲဒီသစ်တောထဲမှာ ပေါက်တဲ့သစ်ပင်တွေဆိုရင်လည်း အဆန်းပဲ၊ နောက်ပြီး အဲဒီတောထဲမှာ အင်ဒီးယန်းလူရိုင်းတွေ ရှိတယ်၊ သူတို့က လူတွေကို ဖမ်းမိရင် သတ်စားကြတယ်"

"ဒါဖြင့် စောစောက ပြောတဲ့ မရဏတောင်ကြားမှာ သေတဲ့လူတွေက အဲဒီလူရိုင်းတွေ ဖမ်းပြီးစားပစ်တာဖြစ်မှာပေါ့"

"ဒါကတော့ အသေအချာ မပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်တော်တို့တတွေ ရှေ့ခရီးတွေမှာတော့ စိတ်ချလက်ချ နေလို့မရတော့ဘူး၊ သတိဝီရိယနဲ့ သွားမှဖြစ်တော့မယ်"

ထိုသို့ပြောဆိုနေကြစဉ် အပြင်ဘက်မှ ဆူဆူဝါးဝါး အော်ဟစ်သံများနှင့် သေနတ်သံအချို့ကိုပါ ကြားလိုက်ရသဖြင့် မိမိတို့ သက်နက်များကို ကိုင်ကာ အပြင်ဘက်သို့ ပြေးထွက်လာကြသည်။

အပြင်ဘက်၌ အမှောင်ရိပ်များ သမ်းနေပြီး အစောင့်ကုလားများမှာ ထိတ်လန့်တကြားဖြစ်နေကြသည်။

"ဘာဖြစ်တာလဲဟေ့"

"တောစပ်က မည်းမည်းကြီးတွေ ထွက်လာတာ မြင်လို့ သေနတ်နဲ့ လှမ်းပစ်တာ ဆရာ"

အစောင့်ကုလားတစ်ယောက်က တောစပ်တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ လက်ညှိုးထိုးပြလေသည်။

ထိုနေရာသို့ လက်နှိပ်မီးများဖြင့် လှမ်းထိုးကြည့်တော့လည်း ဘာမှမမြင်ရပေ။

သို့ကြောင့်. . . သေနတ်နှင့် လက်နှိပ်မီးများကို အဆင်သင့် ပြင်ပြီး တစုတဝေးတည်း ထိုနေရာသို့ သွားကြည့်ကြလေသည်။ ထိုနေရာရောက်သောအခါ သစ်ပင်သစ်ကိုင်းများကို လတ်လတ်ဆတ်ဆတ် ချိုးဖဲ့ထားသည်ကို တွေ့ရပြီး သစ်ရွက်များပေါ်တွင် စွန်းပေကျန်ခဲ့သော သွေးကွက်အချို့ကိုပါ တွေ့ကြရလေသည်။ သူတို့သည် တောထဲသို့ အတန်ငယ် ဝေးသောနေရာရောက်အောင် လိုက်ကြည့်ကြသော်လည်း အခြေအနေ မထူးတော့မှ မိမိတို့ စခန်းချရာသို့ ပြန်လှည့်လာကြသည်။

လမ်းတစ်နေရာသို့ ရောက်သောအခါ သစ်ပင်တစ်ပင်ပေါ်မှ 'ဝေါ' ကနဲ မြည်သံကြားလိုက်ရသဖြင့် လက်နှိပ်မီးများဖြင့် ဝိုင်းထိုးလိုက်ကြသည်။

သစ်ပင်ပေါ်မှ ထိုးကျလာသောအရာမှာ သူတို့ရှေ့ မလှမ်းမကမ်းနေရာ ရောက်သောအခါ 'ဝုန်း'ကနဲ ရပ်တန့်ကာ တန်းလန်းကြီး ဖြစ်နေတော့သည်။

ခဏချင်းမှာပင် သွေးညှီနံ့နှင့် အပုပ်နံ့များက လှိုင်တက်လာတော့သည်။

ဒေါက်တာမင်းထင်ကျော်က မိမိတို့ရှေ့ မလှမ်းမကမ်းနေရာ၌ လေထဲ၌ တွဲလောင်းကြီး ဖြစ်နေသောအရာကို လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။





"ဟာ. . ."

အားလုံး အထိတ်တလန့်နှင့် ရေရွတ်လိုက်ကြသည်။

သူတို့ရှေ့ တွဲလောင်းကျနေသောအရာမှာ အခြားမဟုတ်ပေ။ လူအရိုးစုကြီးပင် ဖြစ်သည်။

လူအရိုးစုကြီးမှာ ခြေထောက်နှစ်ချောင်းကို နွယ်ကြိုးနှင့် ပူးချည်ကာ ဇောက်ထိုးချထားသောကြောင့် တွဲလောင်းကြီး ဖြစ်နေသည်။

ခြေထောက်မှ လည်ပင်းအထိ အသားများ မရှိတော့ပဲ အရိုးစုသာ ကျန်တော့သည်။

ဦးခေါင်းပိုင်းကတော့ သည်အတိုင်း ကျန်နေသော်လည်း ပုပ်ပွနေပြီဖြစ်သောကြောင့် ရုပ်ပျက်နေပြီ။

ဇောက်ထိုးချထားသောကြောင့် မျက်ဖြူလန်နေပြီး ပါးစပ်က ဟနေရာ သွားဖြဲပြနေသကဲ့သို့ ထင်ရလေသည်။ ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် နွယ်ကြိုးကို ပစ်ချလိုက်ရာ ကြိုးပြတ်ကာ မြေပေါ်သို့ ဝုန်းကနဲ ပြုတ်ကျလာတော့သည်။

...ဖြစ်ဆော...



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၂)

## ထူးဆန်းသော မိတ်ဆွေသစ်များနှင့် တွေ့ဆုံရခြင်း

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် ခရီးထွက်ခြင်းနှင့် အခြားအလုပ်ကိစ္စများ မရှိသောအချိန်တွင် ၎င်းလေးစားခင်မင်သော ဗေဒင်ဆရာကြီးတစ်ဦး ရှိရာသို့ ကားကလေးနှင့် ထွက်လာခဲ့လေသည်။

(၁၉၅၀)ခုနှစ်ဝန်းကျင်တဝိုက်လောက်က ရန်ကုန်မြို့ပေါ်တွင် ဗေဒင်ဟောပြောသော ဆရာကြီးတစ်ဦးနှင့် လက္ခဏာဟောပြောပေးသော ဆရာကြီးတစ်ဦး၊ ၎င်းတို့နှစ်ဦးသာ ရှိသေးသည်။ ယခုအချိန်ကဲ့သို့ ဗေဒင်ဆရာရော၊ လက္ခဏာဆရာပါများစွာမရှိပေ။

ထိုအထဲတွင် ဗေဒင်လက္ခဏာပညာကို စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ပြီး ဟောပြောပေးသော ဆရာကြီးများ ရှိသလို တစ်ပွဲတိုး တစ်ချက်ကောင်း ပညာကလေးနှင့် စီးပွားရှာနေသူ အများအပြား ရှိပါသည်။

ပန်းရံသမား၊ ဆိုက်ကားသမားကအစ ဆရာတစ်ဦးထံမှာ ရက်ပိုင်းလပိုင်း တပည့်ခံပြီး တစ်ပွဲတိုးပညာများနှင့် ဆရာတစ်ဆူလုပ်ကာ ဟောပြောပေးနေကြသည်။

ဗေဒင်လက္ခဏာဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၌ ဖြစ်ပျက်မည့် အဆိုးအကောင်းများကို တွက်ချက်ကြည့်ရှု၍ ဟောပြောညွှန်ပြပေးရလေရာ များစွာတာဝန်ကြီး၍ အရေးကြီးသောကိစ္စပင် ဖြစ်၏။

"ခင်ဗျား ဘယ်ရက်ပိုင်း ဘယ်လပိုင်းလောက်မှာ အန္တရာယ်ဆိုးတစ်ခုခုနဲ့ ကြုံရလိမ့်မယ်၊ ဒါကြောင့် ယတြာချေရမယ်"

ဆိုပြီး ယတြာကြေး ယူရုံနဲ့တော့ 'ဆရာ' ဟု ခေါ်ဆိုထိုက်မည်မဟုတ်ပေ၊ ယတြာအစီအရင်သာ ဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာနှင့် မရောထွေးသင့်သောအရာလည်း ဖြစ်ပေသည်။

ထိုခေတ်အခါက ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၆)၊ (၄၈)၌ ဗေဒင်ဟောပြောပေးသော လျှပ်စစ်ဗေဒင် ဦးအုန်းသင် ရှိပြီး ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၁၆)၌ လက္ခဏာ ဟောပြောပေးသော ဆရာစန္ဒြရတို့နှစ်ယောက်သာ ရှိသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုဆရာကြီးနှစ်ယောက်





စလုံးနှင့် ခင်မင်ရင်းနှီးလေရာ အချိန်အားလပ်သည်နှင့် ၎င်းတို့ထံသို့ သွားရောက်ကာ ပညာရပ်ပိုင်းဆိုင်ရာများကို မေးမြန်းပြောဆိုလေ့ရှိသည်။

ယခုလည်း ဆရာကြီးဦးအုန်းသင်ထံသို့ သွားရောက်ကာ မိမိသိလိုသမျှများကို မေးမြန်းကြည့်လေသည်။

"ဆရာကြီး. . . ယတြာချေပေးရုံနဲ့ လူတစ်ယောက်မှာ ဖြစ်ပျက်လာမယ့် ကံကြောင့် ဖြစ်ပျက်လာမယ့် အကြောင်းဆက်တွေဟာ ပြေပျောက်သွားပါသလား"

"ရှေးကာလတွေထဲက ယတြာကျမ်းတွေကတော့ ရှိခဲ့ပါတယ်၊ ပညာရှိ ပရောဟိတ်တွေက တိထိများအကြောင်း၊ နေ့ရက်များ၊ ကရိဏ်းများ၊ နက္ခတ်များ၊ မုဟုတ္တ(၄၈ မိနစ်)၊ လဂ္ဂနာ၊ ယောဂ၊ အသားလှုပ်ကျမ်း၊ အိပ်မက်များ၊ စစ်ပွဲအောင်မြင်ရန် အစီမံများ၊ ဂြိုဟ်တို့ကို တောင်းပန်သော ယဇ်သဘင်အခမ်းအနား၊ ခရီးမသွားခင် (၇)ရက်ကြိုတင်ပြီး ယက္ခများကို ပူဇော်ခြင်း၊ ယဇ်ပူဇော်ရာမီးရဲ့ ဘယ်ညာလှည့်ပတ်လှုပ်ရှားခြင်းကို ကြည့်ပြီး ကြိုတင်ခန့်မှန်းခြင်းများ၊ ဆင်များ၊ မြင်းများ၏လှုပ်ရှားမှုကို ကြည့်ပြီး ကြိုတင်ခန့်မှန်းခြင်းများ၊ စစ်ကြွေးကြော်သံများ၊ အတိတ်နိမိတ်ကောက်ခြင်း စတဲ့ ယတြာကျမ်းတွေမှာ ရေးသားဖော်ပြတာတွေ ရှိခဲ့ပါတယ်"

"ဒါဖြင့် ဗေဒင်ပညာ အစစ်အမှန်က ဘယ်လိုအကျိုးပြုနိုင်ပါသလဲ ဆရာကြီး"

"ဗေဒင်ပညာအစစ်အမှန်ဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့

www.burmeseclassic.com



ပညာရပ်တစ်ခုပဲ၊ မှော်လိုလို၊ စုန်းလိုလို၊ နတ်လိုလို ဗေဒင်ပညာမေတောက်တခေါက် တတ်မြောက်ပြီး သူများပြောသံကြားတာတွေ မှတ်ပြီး ဟောပြောပေးနေတာက ဗေဒင်ပညာရှင်အစစ်မဟုတ်ဘူး၊ သူတို့က လူတွေကို အကျိုးပြုတာ မဟုတ်ဘူး၊ သူတို့အကျိုးရှိဖို့အတွက် လိမ်လည်လှည့်ဖြားနေကြတာ၊ တကယ့်ပညာအစစ်အမှန်ကို တတ်မြောက်တဲ့ ပညာရှင်တွေဆိုရင် လူတွေကို များစွာအကျိုးပြုနိုင်ပါတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"သံဟိတကျမ်းထဲမှာ ဖော်ပြထားတဲ့ နက္ခတ္တဗေဒ သိပ္ပံပညာရပ်နဲ့ ပတ်သတ်ပြီး ဘယ်လောက်ကျယ်ဝန်းသလဲဆိုတာ ဟောဒီမှာ မောင်ထင်ကျော် ဖတ်ကြည့်ရင် သိပါလိမ့်မယ်"

ဟု ပြောကာ စာအုပ်စင်မှာ တင်ထားသော ကျမ်းစာအုပ်ကို ယူလာပြီး စာမျက်နှာအချို့ကို လက်ဖြင့် ထောက်ပြရာ အောက်ပါအတိုင်း တွေ့ရလေသည်။

သံဟိတကျမ်း၌ ဖော်ပြထားသောအချက်များမှာ. . .

နေနှင့် အခြားသောဂြိုဟ်များ၏ရွေ့လျားသွားလာခြင်း၊ ပုံမှန်သဘာဝနှင့် ပြောင်းလဲခြင်းများ၊ ၎င်းတို့၏အလင်းပမာဏ၊ အရောင်အဆင်း၊ အလင်းတန်းများ တောက်ပြောင်ခြင်း၊ ပုံပန်းသဏ္ဌာန်၊ ထွက်ခြင်း၊ ဝင်ခြင်း လမ်းကြောင်းများ၊ ပတ်လမ်းပေါ်တွင် လှည့်ပတ်သွားလာခြင်း၊ အထက်နှင့်အောက်သို့ ရွေ့လျားခြင်း၊ ပတ်လမ်းကြောင်းတစ်လျှောက်တွင် နက္ခတ်များ၊ ဂြိုဟ်များ ပူးယှဉ်ကြခြင်း၊ ၎င်းမှ အကျိုးရလဒ်များ၊





နက္ခတ်ကိုးခိုင် သုံးစုတစ်တွဲနှင့် ၎င်းတို့၏အကျိုးရလဒ်များ၊ တိုင်းပြည်များတွင် ဖြစ်ပေါ်ခြင်း၊

'အဂ္ဂသယစာရ'(Canopus-ခရီးလမ်း) ၎င်းထွက်ပေါ်ချိန်၊ (ကမ္ဘာမြေလောကစာတ်တစ်ခွင်လုံး စိမ်းလန်းစိုပြည် ဝေဝေဆာဆာဖြင့် သရဒရတုကာလကို ခရီးဦးကြိုပြုနေချိန်)

ခုနစ်စင်ကြယ်၏ခရီးလမ်း(ရသေ့(၇)ပါး)

(၁)မာရိစိ၊ (၂)ဝသိဋ္ဌ၊ (၃)အင်္ဂီရသ၊ (၄)အတြိ၊ (၅)ပုလဟ၊ (၆)ကြတုနှင့် (၇)အရုစတိ၊ ဝက်ဝံကြီးကြယ်စုနှင့် အကျိုးရလဒ်များ၊ ဂြိုဟ်တို့မှ ဖော်ပြသော တိုင်းပြည်များ၊ အရာဝတ္ထုများ၊ သက်ရှိသတ္တဝါများ၊ နက္ခတ်များမှ ဖော်ပြသောအရာများ၊

(၁)တန့်၊ (၅)တန့်နှင့် (၉)တန့် ဘာဝများတွင် ဂြိုဟ်များ ရပ်တည်မှုကြောင့် ရရှိလာသော ကောင်းကျိုးများကို စိစစ်ရှာဖွေခြင်း၊

ဂြဟယုဒ္ဓဂြိုဟ် စစ်ထိုးပွဲမှ ရလဒ်များ၊

စန်းနှင့် ပူးယှဉ်ခြင်း၊ နှစ်၏အရှင်ဂြိုဟ်နှင့် အကျိုးရလဒ်များ၊ မုတ်သုန်ရာသီ၏ညွှန်ပြချက်များ၊

ရောဟဏီ၊ သွာတ်၊ ပြုဗ္ဗသာဠ်၊ ဥတ္တရာသာဠ်၊

နက္ခတ်များနှင့် စန်းယှဉ်ခြင်း၊ ချက်ချင်းမိုးရွာမည့် သင်္ကေတများ၊ ပန်းများ သစ်သီးဝလံများ ပေါက်ဖွားပုံမှ ဟောပြောသည့် ကောင်းကျိုးဆိုးပြစ်များ၊

နေနှင့်လတို့ ခမောက်ဆောင်းခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



နေထွက်ချိန်၊ နေဝင်ချိန်တို့တွင် နေကို ဖြတ်သန်းနေသော တိမ်စဉ်တိမ်တန်းများ၊

လေတိုက်ခြင်း၊ ဥက္ကာ ကျခြင်း၊ မီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ နေထွက်နေဝင် တိမ်တောက်ခြင်း၊

တိမ်များ မြို့ပြသဏ္ဌာန်ဖြစ်ပေါ်နေခြင်း၊ သဲမုန်တိုင်းများ၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊

ရောင်းကုန်ဝယ်ကုန်များ ဈေးကစားခြင်း၊

ကောက်ပဲသီးနှံ ဖြစ်ထွန်းမှု အခြေအနေ၊

အိန္ဒြာဒွဇ သို့မဟုတ် တံခွန်တိုင်လွှင့်ထူခြင်း အခမ်းအနား၊ သက်တန့်ရေစို၊ ပိသုကာအတတ်၊ ခြေလက်များ လှုပ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးပြစ်များကို လေ့လာသော သိပ္ပံပညာ၊

ထို့ပြင် ကျီးအာနိမိတ်၊ အန္တရသာကရနိမိတ်၊ သမင်ခွေး အစရှိသော တိရစ္ဆာန်များနှင့် ပတ်သက်သော လေ့လာခြင်းများ၊ အရပ်ရှစ်မျက်နှာသို့ လေတိုက်ခြင်း၊ နန်းတော်ဆောက်ခြင်း၊ ဘုရားကျောင်းဆောင် ဆောက်လုပ်ခြင်း၊ ရုပ်ပွားများ ထုလုပ်ခြင်း၊ ရုပ်ထုများ ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနား၊

ဆေးပင်ဆေးမြစ်များနှင့် ကုသခြင်း၊

ရေကြောရှာဖွေခြင်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားရှာဖွေခြင်း၊

ရေသန့်မင်္ဂလာနှင့် မင်းခမ်းမင်းနားပြုလုပ်ခြင်း၊

ခန်ဇနပုံသန်းခြင်း၊ ဆန်းပြားထူးထွေသော ဖြစ်ရပ်များ





ကြောင့် ဘေးဒုက္ခကြီးများ ဖြစ်ပေါ်မည့် စိုးရိမ်စိတ်၊

မယုရ စိတြပွဲတော်၊ ဓားသိဒ္ဓိတင်ခြင်း၊ သရဖူဆောင်းခြင်း၊ ကြက်၊ လိပ်၊ နွား၊ မြင်း၊ ဆင်၊ ယောကျ်ား၊ မိန်းမ၊ မိုးရွာခြင်း စသည့် ကြန်အင်လက္ခဏာအစုံအလင်များ၊

ရောဂါဘေးများအကြောင်း၊ အ႐ုတ်အစားများ၊ လက်ဝတ်ရတနာများအကြောင်း၊ အဖိုးတန် ကျောက်မျက်ရတနာများ စစ်ဆေးရှာဖွေခြင်း၊

မင်းနှင့် ပြည်သူပြည်သားများအတွက် နိမိတ်ကောင်းများ၊ နိမိတ်ဆိုးများ စသည်တို့ ပါဝင်လေသည်။

အထက်ပါ အကြောင်းအရာများအားလုံးကို နက္ခတ္တဗေဒ ပညာရှင်သည် ဉာဏ်အမြော်အမြင်နှင့် ကောင်းစွာရှုမြင်တတ်ရပေမည်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသော အကြောင်းအရာများကို အားလုံးသိရှိရန် မလွယ်ကူလှပေ။

သို့ကြောင့် ရှေးအခါက နန်းသုံး တော်ဝင်နက္ခတ်ဗေဒင်ပညာရှင်တို့သည် ၎င်းအတွက် လက်ထောက်လေးဦး ထားရှိရလေသည်။

လက်ထောက်တစ်ဦးလျှင် အရပ်ရှစ်မျက်နှာကို တာဝန်ခံရလေသည်။

တစ်ဦးက အရှေ့အရပ်နှင့် အရှေ့တောင်အရပ်၊

တစ်ဦးက တောင်အရပ်နှင့် အနောက်တောင်အရပ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက အနောက်အရပ်နှင့် အနောက်မြောက်အရပ်၊

တစ်ဦးက မြောက်အရပ်နှင့် အရှေ့မြောက်အရပ်တို့ ဖြစ်ကြလေသည်။

ဤသို့တာဝန် ပူခြင်းကြောင့် အရပ်ရှစ်မျက်နှာမှ ထူးခြားသော ဖြစ်စဉ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် သိနိုင်လေသည်။ အချိန်နှင့် ပြောင်းလဲနေသော အခြေအနေများကို လေ့လာညှိနှိုင်းကာ ကောင်းကျိုးဆိုးပြစ်များကို ဟောပြောညွှန်ပြပေးရလေသည်။

"ကိုင်းမောင်ထင်ကျော် တွေ့ပြီမဟုတ်လား၊ နက္ခတ်ဗေဒင်ပညာရှင်တစ်ယောက်အနေနဲ့ တာဝန်ယူရတဲ့ အစိတ်အပိုင်းတွေ ဘယ်လောက်များသလဲဆိုတာ လက်တွေ့မြင်ရပြီမဟုတ်လား"

"ဟုတ်ကဲ့. . . မြင်ပါတယ် ဆရာကြီး၊ အကြောင်းအရာခေါင်းစဉ်တွေတောင် ဒီလောက်များနေရင် အကြောင်းအရာတစ်ခုချင်းစီရဲ့အချက်အလက်တွေ ဘယ်လောက်များမယ်ဆိုတာ ခန့်မှန်းမိပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်သည် ဆရာကြီးအား နှုတ်ဆက်ကာ မိမိအိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်သို့ ရောက်သောအခါ တပည့်တစ်ယောက်က. .

"ဆရာမရှိတုန်း ကုလားလူမျိုးဧည့်သည်တစ်ယောက်လာသွားတယ်၊ ဒီမှာ ဆရာ့အတွက် စာတစ်စောင် ပေးသွားပါတယ်"





ဟု ပြောကာ စာအိတ်တစ်လုံးကို ပေးလေသည်။

စာအိတ်ကို ဖွင့်ကြည့်လိုက်သောအခါ မဂိုလမ်း (ယခုရွှေဘုံသာလမ်း)တွင် နေထိုင်သော ဂုဏ်၏မိတ်ဆွေ ရာဂျစ်ဆိုသူထံမှ စာဖြစ်မှန်း သိရလေသည်။

စာထဲတွင် ရေးထားသောအကြောင်းအရာမှာ. . .

"မိတ်ဆွေကြီးဒေါက်တာမင်းထင်ကျော်...

ယနေ့ည ခထရင်းဟိုတယ်၌ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှရောက် ဆန်ကုန်သည်ကြီးများအသင်း ကိုယ်စား လှယ် မန္တတာ ပရာချန်က ဒေါက်တာနှင့် မိတ်ဖြစ်ဆွေဖြစ် ညစာ အတူစားရန် ဖိတ်ကြားနိုင်းပါသဖြင့် ယခုကဲ့သို့ လာရောက် ဖိတ်ကြားခြင်း ဖြစ်ပါသည်။

ညနေ(၆)နာရီတွင် ခထရင်းဟိုတယ်သို့ကြွရောက်ခဲ့ပါ ရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ်။

ရာဂျစ်

ရတနာကုန်သည်"

ဟူ၍ရေးသားထားလေသည်။

ရာဂျစ်ဆိုသူမှာ မဂိုလမ်း (ရွှေဘုံသာလမ်း) အလယ်အလောက်တွင် ရွှေအရောင်းအဝယ်ကိစ္စများနှင့် ပတ်သက်၍ သိကျွမ်းနေသူဖြစ်၏။ သို့သော်. . . သာမန်အလုပ်ကိစ္စများဖြင့်သာ သိကျွမ်းခင်မင်မှုရှိပြီး ယခုကဲ့သို့ ညစာအတူတူ စားသောက်ရန်အထိတော့ ရင်းနှီးမှု မရှိလှပေ။

သို့ကြောင့် ယခုကဲ့သို့ ဖိတ်ကြားလာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်တော့ အံ့ဩမိလေသည်။

သို့စေကာမူ မိတ်ဆွေတို့၏ဝတ္တရားအရ ယခုကဲ့သို့ တကူးတက လာရောက်ဖိတ်ကြားသဖြင့် သွားရောက်ရန် ဆုံးဖြတ်ပြီး ညနေပိုင်းအချိန်တွင် မိမိမော်တော်ကားနှင့် စထရင်း ဟော်တယ်ရှိရာ ကမ်းနားလမ်းဘက်သို့ အဝင်ပေါက်ဝမှ လာ ရောက်ကြိုဆိုနေသော ရာဂျစ်ကို တွေ့ရလေသည်။

"ဟော. . . ဒေါက်တာ ရောက်လာပြီ၊ အခုလို ကျွန် တော်တို့ ဖိတ်ကြားမှုကို လက်ခံတဲ့အတွက် များစွာကျေးဇူးတင်ပါ တယ်၊ သီးသန့်စီစဉ်ထားတဲ့အခန်းထဲမှာ မစ္စတာပရာချန် စောင့် နေပါတယ်၊ ကြွပါ ဒေါက်တာ"

ဟု ဆီးကြိုနှုတ်ဆက်ပြီး သီးသန့်စီစဉ်ထားဟန်ရှိသော အခန်းသို့ ခေါ်ဆောင်သွားလေသည်။

အခန်းထဲ ရောက်သောအခါ ရုပ်ရည်တည်ကြည် ခန့်ညားသော အမျိုးသားတစ်ယောက်နှင့် ချောမောလှပသည့် အမျိုးသမီးနှစ်ယောက်ကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော် အခန်းထဲ ဝင်လာသောအခါ သုံးယောက်စလုံး နေရာမှ ထ,ကာ နှုတ်ဆက်ကြသည်။

ရာဂျစ်ကပင် မိတ်ဆက်ပေးသည်။

"ဒေါက်တာ. . . သူက အိန္ဒိယနိုင်ငံ ဆန်ကုန်သည်ကြီး များအသင်းရဲ့ကိုယ်စားလှယ် မစ္စတာပရာချန်ပါ"

"ဟုတ်ကဲ့. . . အခုလို တွေ့ရတာ ဝမ်းသာပါတယ် ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ"





"ကျွန်တော်လည်း အခုလို ဒေါက်တာနဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်"

ဟု ပြောကာ လက်ဆွဲနှုတ်ဆက်လိုက်ပြီး မစ္စတာပရာ ချန်ကပင် သူ့နံဘေးမှာ ထိုင်နေသော အမျိုးသမီးနှစ်ဦးနှင့် မိတ် ဆက်ပေးသည်။

"ဒါက ကျွန်တော်ရဲ့ဇနီး မဟေသီပါ၊ သူကတော့ ကျွန် တော့်ရဲ့သမီး သီရိမာလာပါ"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍နှုတ်ဆက်ပြီး ရာဂျစ် နှင့်အတူ ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

မစ္စတာပရာချန်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီး အသားဖြူဖြူ အရပ်အမောင်းကောင်းကောင်း၊ မုတ်ဆိတ် မွေး၊ နှုတ်ခမ်းမွေးအချို့နှင့် ရင့်ကျက်ခန့်ညားသူတစ်ယောက် ဖြစ်သလို ဇနီးဖြစ်သူ မဟေသီမှာလည်း မျက်လုံးမျက်ခုံးကောင်း ကောင်း၊ နှာတံပေါ်ပေါ်နှင့် မဂိုကုလားမတစ်ဦးကဲ့သို့ ချောမော သူဖြစ်၏။ သမီးဖြစ်သူ သီရိမာလာမှာ မိခင်ဖခင်နှစ်ဦးစလုံးထံမှ ကျက်သရေ ရှိ၍ လှပချောမောသော အမွေများကို ပိုင်ဆိုင်ထား သည့်ပမာ ဆံပင်ရှည်ရှည်၊ မျက်ခုံးထူထူ၊ မျက်လုံးမျက်ဆံလှလှ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းထူထူနှင့် ကျက်သရေရှိသော အလှ ပိုင်ရှင်တစ်ဦးဖြစ်သည်။

ထို့နောက်. . .

ညစာစားသောက်ပြီးနောက် အဖျော်ယမကာများကို ကိုယ်နှစ်သက်ရာ အနည်းငယ်စီ သောက်ရင်း စကားပြောကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟောဒီက ကျွန်တော့်မိတ်ဆွေ ရာဂျစ် ပြောပြတာက တစ်ဆင့် ဒေါက်တာရဲ့အကြောင်းတွေကို ကျွန်တော်သိရပါတယ်၊ ဒေါက်တာက ခရီးသွားလာခြင်းနဲ့ စွန့်စားရှာဖွေမှုတွေကို ဝါသနာပါသလို ရှေးဟောင်းပညာရပ်တွေကိုလည်း စိတ်ဝင်စားတယ်လို့ သိရပါတယ်"

"မှန်ပါတယ်. . ."

"ဒါထက် ဒေါက်တာအနေနဲ့ ရှေးဟောင်းဗေဒင်ကျမ်းတွေကိုရော စိတ်ဝင်စားမှု ရှိရဲ့လား"

"ရှိပါတယ်. . . ကျွန်တော့်အနေနဲ့ တစ်ကြိမ်လောက်တော့ လေ့လာဖူးပါတယ်၊ ဒါပေမယ့် သိပ်ပြီးမပြည့်စုံလှဘူး"

"အိန္ဒိယဟာ ဗေဒင်ကျမ်းဟောင်းတွေ စုဝေးရာနေရာတစ်ခုပဲဗျ၊ အိန္ဒိယဟာ ဗေဒင်ကျမ်းဟောင်းတွေရဲ့မူလဇစ်မြစ်နေရာတစ်ခုပဲ"

"မှန်ပါတယ်"

"ဒေါက်တာအနေနဲ့ ဒီပညာရပ်တွေကို စိတ်ဝင်စားလို့ လေ့လာချင်တယ်ဆိုရင် အိန္ဒိယကို တစ်ခေါက်လောက် လာခဲ့ဖို့ ဖိတ်ခေါ်ပါရစေ"

"ကျေးဇူးတင်ပါတယ်. . . အိန္ဒိယဗေဒင်(Hindu Vedas)ဆိုတဲ့ကျမ်းတွေဟာ အင်မတန် ရှေးကျပါတယ်၊ ဂေါတမမြတ်စွာဘုရား မပွင့်ခင်ကတည်းက ရှိခဲ့တာပဲ၊ ဒီလိုပဲ. . . နေလမွန်းတည့်ကျမ်းဆိုရင်လည်း ယောဂီကြီးတွေဆီမှာ ရှိတယ်လို့ပဲ သိရပါတယ်"

"မှန်ပါတယ်. . . ဒီဗေဒင်ကျမ်းတွေကို သိမ်းဆည်းသိုဝှက်ထားတဲ့လူတွေက တခြားမဟုတ်ဘူး၊ အိန္ဒိယယောဂီတွေပဲ၊ သူတို့ ဟိမဝန္တာမှာ အမြဲနေကြပြီး အသက်က ရာထောင်ချီရှိပြီး ရှည်ကြတယ်၊ အဲဒီယောဂီကြီးတွေဟာ တကယ်ကို ထူးခြားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေပါပဲ"

"ကျွန်တော်လည်း ကြားဖူးပါတယ်၊ တစ်နေ့တော့ အခွင့်အခါသင့်ရင် အိန္ဒိယကို တစ်ခေါက်လာပြီး ဒီပညာတွေကို လေ့လာဖို့ စိတ်ကူးရှိပါတယ်"

"လာခဲ့ပါ ဒေါက်တာ. . . ကြိုဆိုပါတယ်၊ ဒေါက်တာလာမယ်ဆိုရင် စားသောက်နေထိုင်ရေးကအစ ခရီးသွားလာရေးပါမကျန်. . . အို. . . နောက်ဆုံး ကျွန်တော်နဲ့ သိကျွမ်းခင်မင်တဲ့ယောဂီကြီးတွေ ရှိတဲ့နေရာကိုပါ ရောက်အောင်ပို့ပေးဖို့ တာဝန်ယူပေးပါ့မယ်"

"ဒီစကားကြားရတာ အထူးပဲ ဝမ်းသာပြီး ကျေးဇူးလည်းတင်လှပါတယ်"

"ကျွန်တော်တို့ အိန္ဒိယမှာ ရှိတဲ့ ဟိန္ဒူကျမ်းတွေဟာ ဂရိယဉ်ကျေးမှုတွေထက်တောင် ရှေးကျပြီး ဂရိလူမျိုးတွေရဲ့အတတ်ပညာတွေဟာ ဟိန္ဒူကျမ်းတွေဆီကတစ်ဆင့် ပွားယူတဲ့ပညာရပ်တွေပဲဗျ"

"ကျွန်တော် ကြားဖူးတာကတော့ ဗေဒင်ပညာသာမကဘူး လက္ခဏာအတတ်တွေကိုပါ တတ်မြောက်ကြတယ်၊







www.burmeseclassic.com

www.burmeseclassic.com



အနောက်မြောက်နယ်ဘက်မှာ ရှိကြတဲ့ ဂျိုရှိဇာတ်ဝင် ပုဂ္ဂိုလ်ကြီးတွေဆိုရင် ဒီပညာတွေကို အတော်ပဲ လိုက်စားကြတယ်လို့ သိရပါတယ်"

"ဒေါက်တာ အိန္ဒိယရောက်ရင် ကျွန်တော်အနေနဲ့ အများကြီး အကူအညီပေးနိုင်ပါတယ်၊ ကျွန်တော်တို့ ဘိုးဘွားအစဉ်အဆက် ယုံကြည်ကိုးကွယ်ခဲ့တဲ့ နန္ဒာဆွာမိဆိုတဲ့ ဘရာမင် (ပြဟ္မဏမျိုး) ယောဂီကြီး ရှိတဲ့နေရာကို ရောက်အောင်ပို့ပေးပါ့မယ်"

ဟု ကတိပေးလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မစ္စတာပရာချန်တို့ နှစ်ယောက် စကားလက်ဆုံကျနေကြစဉ် ရာဂျစ်၊ မဟေသီနှင့် သီရိမာလာတို့မှာ အချိုရည်များ တစိမ့်စိမ့် သောက်ရင်းနှင့် စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

"နန္ဒာဆွာမိကို ကျွန်တော်တို့ရဲ့ဘိုးဘွားအစဉ်အဆက်က လူတွေအားလုံး အတော့်ကို ယုံကြည်ကိုးကွယ်ကြတယ်၊ သူ့မှာ တန်ခိုးသိဒ္ဓိတွေ အများကြီး ရှိတယ်"

"ဒါထက် သူက ဘယ်နေရာမှာလဲဗျ"

"သူက ဟိမဝန္တာမှာ နေတယ်၊ သူနေတဲ့နေရာက ဒါဂျီလင်နဲ့ မြောက်မိုင်လောက်ပဲ ဝေးတယ်"

"ဟန်ကျတာပဲ. . . ကျွန်တော်ကလည်း ဒီလိုထူးခြားတဲ့ ပုဂ္ဂိုလ်မျိုးတွေနဲ့ တွေ့ချင်နေတာ၊ ဒါထက် ယောဂီကြီးရဲ့အသက်အရွယ်က ဘယ်လောက်ရှိပြီလဲဟင်"





"ကျွန်တော်ကတော့ သူ့ကို နှစ်ကြိမ်သုံးကြိမ်လောက်ပဲ မြင်ဖူးပါတယ်၊ အသက်ကတော့ တစ်ရာ့ခြောက်ဆယ်ကျော်ပြီလို့ သိရတယ်၊ ကျွန်တော်တို့ ဖခင်တွေလက်ထက်ကတည်းက ယုံကြည်ကိုးကွယ်ခဲ့ကြတာပဲ၊ အသက်တစ်ရာ့လေးဆယ်ကျော်လာတော့ ဆန်ကို မစားတော့ပဲ နွားနို့နဲ့သစ်သီးကိုပဲ စားတယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကစပြီးတော့ နွားနို့တောင် မသောက်တော့ပဲ သစ်သီးကိုပဲ စားတော့တယ်"

"ကောင်းပါပြီ. . . မစ္စတာပရာချန် ပြောပြတာနဲ့တင် စိတ်ဝင်စားလှပါပြီ၊ ကျွန်တော် ဆက်ဆက် လာနိုင်အောင် ကြိုးစားပါ့မယ်"

"တကယ်လို့ ဒေါက်တာ လာမယ်ဆိုရင် ကာလကတ္တားရောက်တဲ့အခါ အိစ်အေရှတစ် ဟိုတယ်မှာပဲ တည်းပါ၊ ဟိုတယ်ပိုင်ရှင်က ကျွန်တော့်ရဲ့မိတ်ဆွေဆိုတော့ ဒေါက်တာ ရောက်တဲ့အခါ သူက ကျွန်တော်နဲ့ တွေ့ဖို့ အစစအရာရာ ကူညီပေးပါလိမ့်မယ်"

ဟု ပြောဆိုကာ အိတ်အတွင်းမှ ဟိုတယ်လိပ်စာကတ်ပြားတစ်ချပ်ကို ထုတ်ပေးလေသည်။

"ကျေးဇူးတင်ပါတယ်. . . မြန်မာပြည်ကို အခုလိုရောက်တဲ့ အခိုက်အတန့်မှာ မစ္စတာပရာချန်တို့ လိုအပ်တဲ့ အကူအညီ ရှိရင်လည်း ပေးပါရစေ"

ထိုစကားကြားသောအခါ မစ္စတာပရာချန်က သဘောကျစွာ ပြုံးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ တစ်ချိန်ကျရင်တော့ ဒေါက်တာနဲ့ ပတ်သက်ပြီး အကူအညီ လိုကောင်းလိုလာမှာပါ။ အဲဒီအခါကျရင် ပြောပြပါ့မယ်၊ အော်. . . ဒါထက် ဒေါက်တာ လာမယ်ဆိုရင် မိသားစုရှိရင် မိသားစုပါ ခေါ်လာနိုင်ပါတယ်"

"ကျွန်တော့်မှာ မိသားစု မရှိသေးပါဘူး၊ ခရီးသွားရင် မိတ်ဆွေအပေါင်းအသင်းတွေနဲ့ပဲ သွားတာများပါတယ်"

"ဒီလိုဖြင့်လည်း ဒေါက်တာနဲ့ ခရီးသွားဖော်တွေကိုပါ ခေါ်လာခဲ့ဖို့ တစ်ခါတည်း ဖိတ်ပါရစေ၊ ကိုယ့်အဖွဲ့နဲ့ကိုယ်ဆိုတော့ ခရီးသွားရတာ ပျော်စရာကောင်းတာပေါ့"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် အံ့ဩသွားလေသည်။

ထို့နောက်. . .

ညဦးပိုင်းအချိန် ရောက်သောအခါ စကားဝိုင်း သိမ်းကြပြီးနောက် မစ္စတာပရာချန်တို့ မိသားစုအား နှုတ်ဆက်ကာ ပြန်ခဲ့လေသည်။

ထိုညက လမ်းတစ်လျှောက်လုံး ကားမောင်းလာရင်းနှင့် 'သီရိမာလာ' ဆိုသော မိန်းမချောကလေး၏မျက်နှာကို တရစ်ဝဲဝဲ မြင်ယောင်နေမိလေသည်။





အခန်း (၃)

# မြန်မာနိုင်ငံနှင့် ထူးခြားသောနေရာများ

နောက်ပိုင်းရက်များတွင် ဆရာကြီးဦးအုန်းခင်နှင့် ဆရာကြီး စန္ဒြရတို့နှင့် တွေ့ဆုံသောအခါ ထိုအကြောင်းကို ပြောပြလိုက်လေရာ ဆရာကြီးနှစ်ယောက်စလုံးက ဝမ်းမြောက်ဝမ်းသာနှင့် အားပေးကြလေသည်။

"ဒါ အင်မတန်သွားသင့်တဲ့ ခရီးမျိုးပဲ၊ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ဆိုရင်လည်း မမှားဘူး၊ အိန္ဒိယ ယောဂီကြီးတွေနဲ့ တွေ့ရဖို့ မလွယ်သလို ရှေးဟောင်းဗေဒင်လက္ခဏာကျမ်းတွေကို တွေ့မြင်လေ့လာရဖို့ဆိုတာကလည်း လွန်စွာခက်ခဲတဲ့ကိစ္စပဲ၊ ဒါကြောင့် အခုလို အကူအညီပေးမယ့် ပုဂ္ဂိုလ်မျိုး ပေါ်လာတုန်း သွားဖြစ်အောင်သာ သွားလိုက်ပါ မောင်ထင်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ အားပေးကြသဖြင့် နောက်ထပ်တစ်လခန့် ကြာသောအခါ ခရီးထွက်ရန်ကိစ္စကို စတင်အကောင်အထည်ဖော်လေတော့သည်။ ထိုသို့စီစဉ်ရာတွင် မိမိအတွက် စကားပြောဖော်လည်းရ၊ အားကိုးတိုင်ပင်ရာလည်း ရသော ဆရာကြီးဦးဗန်ကောင်းနှင့် ကျော်စွာတို့နှစ်ယောက်ကိုပါ အကျိုးအကြောင်း ပြောပြကာ အဖော်ညှိရလေသည်။

၎င်းတို့နှစ်ယောက်ကလည်း လိုလိုလားလားပင် လက်ခံကြကာ လိုက်ကြရန် သဘောတူကြလေသည်။

သို့ကြောင့် နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ ရန်ကုန်မှ ကာလကတ္တားသို့ ပျံသန်းသောလေယာဉ်ပျံဖြင့် လိုက်ခဲ့ကြလေသည်။ ကာလကတ္တားသို့ ရောက်သောအခါ မစ္စတာပရာချန် လိပ်စာပေးထားခဲ့သော အိစ်အေရှတစ်ဟိုတယ်မှာပင် တည်းခိုကြလေသည်။ ဟိုတယ်သို့ ရောက်လျှင်ရောက်ချင်း ဟိုတယ်မန်နေဂျာအား . . .

“ကျွန်တော်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ မြန်မာပြည်က လာခဲ့တာပါ၊ ကျွန်တော့်ကို မစ္စတာပရာချန်နဲ့ တွေ့ရအောင် ဆက်သွယ်ပေးပါ”

ဟု ပြောလိုက်ရာ ဟိုတယ်မန်နေဂျာမှာ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာမည်ကို ကြိုတင်သိရှိထားသည့်အတိုင်း ဟိုတယ်၌ သီးသန့်ထားသောအခန်းများသို့ လိုက်လံပို့ဆောင်ပေးပြီးနောက် မစ္စတာပရာချန် ရှိရာသို့ ကြေးနန်းဖြင့် အကြောင်းကြားလိုက်လေသည်။





နောက်ထပ် ခြောက်နာရီခန့် ကြာသောအခါ ဟိုတယ်မန်နေဂျာ ရောက်လာပြီး အကျိုးအကြောင်း လာပြောသည်။

“မစ္စတာပရာချန်ရဲ့အတွင်းရေးမှူးဆီက ကြေးနန်းပြန် ရောက်လာပါတယ်၊ မစ္စတာပရာချန်က ဗာရာဏသီမြို့ကို အသင်းကိစ္စနဲ့ လိုက်ပါသွားရပါတယ်၊ တနင်္လာနေ့မှ ကာလကတ္တားကို ပြန်ရောက်လာမှာပါ၊ သူပြန်မရောက်သေးတဲ့အချိန်မှာ ကာလကတ္တားမှာ ရှိတဲ့ ထူးခြားတဲ့နေရာတွေကို လိုက်လံပို့ဆောင်ပေးဖို့ မစ္စတာပရာချန်ရဲ့သမီး ရောက်လာပါလိမ့်မယ်”

ဟု သိရသဖြင့် မိမိတို့အခန်း၌ စိတ်ချလက်ချ နားကြလေသည်။ နံရံပေါ်မှ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သောအခါ သည်နေ့သည် (၁၉၅၀)ခု၊ မတ်လ(၈)ရက်၊ (၁၃၁၁-ခုနှစ်၊ တပေါင်းလဆုတ် (၆)ရက်) ဗုဒ္ဓဟူးနေ့ဖြစ်ရာ (၅)ရက်ခန့် အချိန်ရနေသေးသည်။

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ဟော်တယ်ဝန်ထမ်းတစ်ယောက်က လာရောက်အကြောင်းကြားသည်။

“အောက်ထပ်မှာ မစ္စတာပရာချန်ရဲ့သမီး ရောက်နေပါတယ်၊ ဆရာတို့ကို လာရောက်ကြိုဆိုတာလို့ ပြောပါတယ်”

သို့ကြောင့် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ဧည့်ခန်း၌ စောင့်နေသော မစ္စတာပရာချန်၏သမီး သိရီမာလာကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော် ဆင်းလာတာ မြင်သောအခါ သိရီမာလာက ထိုင်ရာမှ ထလာပြီး နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ၊ ဖေဖေတာ အရေးကြီးကိစ္စနဲ့ ဗာရာဏသီကို ခရီးထွက်သွားပါတယ်၊ တနင်္လာနေ့မှ ပြန်ရောက်မှာပါရှင်၊ အခု ကျွန်မလာတာ ဒေါက်တာတို့ကို နေရာထိုင်ခင်း စီစဉ်ပေးဖို့နဲ့ ကာလကတ္တားမှာရှိတဲ့ ထူးခြားတဲ့နေရာတွေကို လိုက်ပို့ပေးရန်အတွက် ဖြစ်ပါတယ်၊ ကျွန်မမှာ ကားပါလာပါတယ်"

ဟု မြန်မာစကားပီသသောလေသံဖြင့် ပြောဆို နှုတ်ဆက်လေသည်။

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ ဒီဟော်တယ်မှာ တည်းလည်း အဆင်ပြေပါတယ်"

"ဒီလိုလည်း မသင့်ပါဘူးရှင်၊ ဖေဖေက သူမရှိတုန်း ဒေါက်တာတို့ လာရင် နေရာထိုင်ခင်း စီစဉ်ပေးဖို့ တစ်ခါတည်း မှာသွားပါတယ်၊ ဟိုမှာရှိတဲ့ သီးသန့်အိမ်မှာ လွတ်လွတ်လပ်လပ် တည်းခိုနေနိုင်ပါတယ်"

ဟု ပြောဆိုသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း မိမိပစ္စည်းကလေးများကို သိမ်းဆည်း၍ လိုက်ခဲ့ကြလေသည်။

သူတို့အတွက် စီစဉ်ထားသောနေရာမှာ လူသူရှင်းပြီး သီးပင်စားပင်များနှင့် သာယာလှပသော တိုက်တစ်လုံးဖြစ်သည်။ ထိုတိုက်မှာ မစ္စတာပရာချန် အနားယူသောတိုက် ဖြစ်ကြောင်း နောက်မှ သိရလေသည်။

ထိုတိုက်မှာ တည်းခိုရသည်မှာ ဟိုတယ်မှာ တည်းခိုရတာနှင့်စာလျှင် များစွာလွတ်လပ်မှု ရှိကာ စိတ်ချမ်းသာမှု ရှိကြ





လေသည်။ မြို့ထဲသို့ ပြန်ထွက်သောအခါ ဦးဇန်ကောင်းနှင့် ကျော်စွာတို့နှစ်ယောက်က မလိုက်ကြတော့ပဲ ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း လိုက်သွားလေသည်။

သီရိမာလာက ကာလကတ္တားမြို့ပေါ်ရှိ ထူးခြားသော နေရာအချို့ လိုက်ပို့ပေးသည်။

ကာလကတ္တားမြို့မှာ ကမ္ဘာ့အရှေ့ပိုင်းတွင် အတော်ပင် ကြီးကျယ်ခမ်းနားသော မြို့ကြီးတစ်မြို့ဖြစ်ပြီး ဗြိတိသျှ နယ်ချဲ့ သဟာယနိုင်ငံများထဲရှိ မြို့ကြီးများထဲတွင် ဒုတိယစွဲသောမြို့ဖြစ်သည်။

(၁၉၁၂)ခုနှစ်အထိ အိန္ဒိယပြည် အစိုးရ ရုံးစိုက်ရာ ဗဟိုဌာနလည်း ဖြစ်ခဲ့လေသည်။

လူဦးရေမှာလည်း ရန်ကုန်မြို့ရှိ လူဦးရေထက် အဆများစွာကွာခြားလေသည်။

သီရိမာလာက ကာလကတ္တားမြို့ပေါ်ရှိ လေကလိုက်တည်ဆောက်ခဲ့သော ဖို့ဝီလျံ ခေါ် ခံတပ်အဆောက်အဦကြီး၊ မြင်းပြိုင်ကွင်းနှင့် ပန်းဥယျာဉ်တော်ကြီး၊

ဥပဒေပြု လွှတ်တော်အဆောက်အအုံ၊ တိရစ္ဆာန်ရုံ၊ ပြတိုက်များနှင့် အခြားထင်ရှားသော ဘာသာရေးအဆောက်အအုံများသို့ လိုက်လံပို့ဆောင်ပေးသည်။ ပန်းဥယျာဉ်တော်ကြီးသို့ ရောက်သောအခါ စားသောက်ဆိုင်တစ်ခုသို့ ဝင်ရောက်ကာ နားကြလေသည်။

"ကာလကတ္တားက အတော်စည်ကားတဲ့မြို့တစ်မြို့ပဲ၊

www.burmeseclassic.com

ဒီမှာနေရတာ အတော်ပျော်ဖို့ကောင်းမှာပဲ"

"ကျွန်မကတော့ ဒီမှာ.မပျော်ဘူး၊ မြန်မာပြည်မှာ နေရ တာကို ပိုပြီးသဘောကျတယ်"

"ဘာကြောင့်ဂါဟင်"

"မြန်မာပြည်မှာ နေရတာ အေးချမ်းမှု ရှိတယ်"

"မသီရိမာလာက မြန်မာပြည်မှာ နေဖူးလို့လားဟင်"

သီရိမာလာက အေးချမ်းစွာ ပြုံးလိုက်လေသည်။

"ကျွန်မကို မြန်မာဆန်ဆန် သီရိလို့ပဲ ခေါ်နိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ကျွန်မတို့မိဘတွေက အင်္ဂလိပ်တွေ သိမ်းပိုက်စအချိန် လောက်က ရန်ကုန်မြို့မှာ နေခဲ့ကြတာပါ၊ ကျွန်မမွေးလာပြီးတော့ လည်း မြန်မာနိုင်ငံကို မကြာခဏ ရောက်ပါတယ်၊ ဖေဖေ အလုပ်ကိစ္စနဲ့ သွားတိုင်း ကျွန်မလိုက်သွားလေ့ရှိတယ်၊ ဒါကြောင့် မြန်မာပြည်ရဲ့အကြောင်းကို ကောင်းကောင်းသိနေတာပါ"

"ဒီတစ်ခါ မသီရိ မြန်မာပြည်ကို လာရင် ရန်ကုန်မြို့သာ မကဘူး၊ မြန်မာပြည်အနှံ့အပြားမှာ ရှိတဲ့ တန်ခိုးကြီးဘုရားတွေ သာယာလှပတဲ့နေရာတွေအနှံ့ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ဒီစကားကြားရတာ ကျွန်မဖြင့် သိပ်ဝမ်းသာတာ မြန်မာပြည်က ဘုရားပွင့်တဲ့ဒေသ မဟုတ်ပေမယ့် စေတီပုထိုး ရုပ်ပွားတော်တွေ အများကြီး ရှိတယ်နော်"

"ကျွန်တော်တို့နိုင်ငံက ဘုရားပွင့်တော်မူရာအ မဟုတ်ပေမယ့် မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ





ရေမြေချင်း ဆက်စပ်နေတဲ့ အနီးကပ်ဆုံးနိုင်ငံ ဖြစ်လေတော့ ဗုဒ္ဓဘာသာ ထွန်းကားတာ ဖြစ်ပါတယ်၊ မြန်မာပြည်တနံတလျား ဘုရားစေတီ မရှိတဲ့ဒေသ မရှိသလောက်ပါပဲ"

"အံ့သြစရာပဲနော်. . ."

"ကျွန်တော်တို့နိုင်ငံက ဗုဒ္ဓဘာသာဝင် အများဆုံးရှိတဲ့ နိုင်ငံဖြစ်လေတော့ စေတီပုထိုးတွေ အများကြီးရှိတာကတော့ မဆန်းလှပါဘူး"

"ဒေါက်တာက အဲဒီနေရာတွေကို အနှံ့ရောက်ဖူးမှာပေါ့ နော်"

"ကျွန်တော်က အမြဲတမ်းလိုလို နေရာအနှံ့ကို ခရီးသွား နေတဲ့လူဆိုတော့ အခုလိုနေရာတွေကို ရောက်ခဲ့တာပါ၊ မြန်မာ နိုင်ငံမှာတော့ ကျွန်တော်မရောက်ဖူးတဲ့နေရာဆိုလို့ မရှိသ လောက်ပါပဲ"

"ဒီလိုဆိုရင် ကျွန်မကို မြန်မာနိုင်ငံမှာ ရှိတဲ့ စေတီပုထိုး တွေနဲ့ ထူးခြားတဲ့နေရာတွေအကြောင်း ပြောပြပေးပါလားဟင်"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ တင်ထား သော ဖျော်ရည်ခွက်ကို ယူ၍ တစ်ကျိုက်မော့သောက်လိုက် သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံက ပြည်နယ်နဲ့တိုင်း(၁၄)ခုနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံဖြစ်ပြီး နေရာဒေသအသီးသီးမှာလည်း ထူးခြားတဲ့ဘုရားပုထိုးနဲ့ နေရာတွေ ရှိပါတယ်၊ မြန်မာနိုင်ငံ မြောက်ဖျားမှာ ရှိတာက ကချင်ပြည်နယ်ပါ၊ မြို့တော်က မြစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

နားဖြစ်ပြီး ထူးခြားမှုတွေ ရှိတာက မြန်မာနိုင်ငံမှာ အမြင့်ဆုံး တောင်ထွတ်လို့ သတ်မှတ်တဲ့ ပေပေါင်း(၁၉၃၁၅)ပေ မြင့်တဲ့ ခါကာဘိုရာဇီတောင်၊ မြန်မာနို်ငံမှာ အကြီးဆုံးအိုင်ဖြစ်တဲ့ အင်းတော်ကြီးအိုင်နဲ့ ရွှေမဉ္ဇူဘုရား ရှိတယ်၊ နောက် ဧရာဝတီမြစ် စတင်ဖြစ်ပေါ်ရာ မေခနဲ့မလိခ မြစ်ဆုံရှိပါတယ်၊ အဲဒီနေရာတွေက သိပ်ပြီးသာယာလှပတယ်"

"ဟုတ်ကဲ့"

"နောက် ကယားပြည်နယ်ရဲ့မြို့တော်က လွိုင်ကော် ဖြစ်ပါတယ်၊ အဲဒီမှာက တောင်ကွဲစေတီ၊ ဘီလူးချောင်း လောပိတ အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံ၊ ကန်ခုနစ်ဆင့်နဲ့ ထီးပွင့်ကန် (ဒီမောဆို) ရှိပါတယ်"

"ဟုတ်ကဲ့"

"ကရင်ပြည်နယ်ရဲ့မြို့တော်က ဘားအံမြို့ဖြစ်ပါတယ် ကရင်ပြည်နယ်ထဲမှာလည်း ထူးခြားတဲ့နေရာတွေနဲ့ စေတီပုထိုးတွေ အများကြီး ရှိပါတယ်၊ ဇွဲကပင် ထုံးကျောက်တောင်၊ ဘုရင့်ညီဂူနဲ့ ဆဒ္ဒန်ဂူ၊ သာမညတောင်နဲ့ သံတောင်တောင်ပေါ် အပန်းဖြေစခန်းတို့ ရှိပါတယ်"

"ဟုတ်ကဲ့"

"ရခိုင်ပြည်နယ်ရဲ့မြို့တော်က စစ်တွေမြို့ဖြစ်ပါတယ် ရှေးဟောင်းဘုရားပုထိုးတွေအနေနဲ့က မြောက်ဦး ရှေးဟောင်း ယဉ်ကျေးမှုမြို့တော်နဲ့ စေတီပုထိုးတွေ၊ မဟာမုနိဘုရား၊ ငပလီ ကမ်းသာယာ ပင်လယ်အပန်းဖြေစခန်းနဲ့ စစ်တွေပင်လယ်





မ်းခြေ အပန်းဖြေစခန်းတို့ ရှိပါတယ်"

"အတော့်ကို လှပသာယာတဲ့နေရာတွေ ဖြစ်မှာပါပဲ"

"နောက် ရှမ်းပြည်နယ်ရဲ့မြို့တော်က တောင်ကြီးမြို့ပါ၊ မ်းပြည်နယ်မှာ ထူးခြားတဲ့နေရာတွေက အင်းလေးကန်နဲ့ ာင်တော်ဦးဘုရား၊ သီပေါမြို့ ဘော်ကြိုဘုရားနဲ့ ပင်းတယ ုံးကျောက်လိုဏ်ဂူအပြင် ဂုတ်ထိပ်တံတားလည်း ရှိပါတယ်"

"ဟုတ်ကဲ့"

"နောက် တိုင်းအနေနဲ့ ပြောရရင် စစ်ကိုင်းတိုင်းရဲ့ ြို့တော်က စစ်ကိုင်းမြို့ဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းမှာ ထူးခြားတဲ့ နေရာတွေက သာယာလှပတဲ့ စစ်ကိုင်းတောင်၊ ဖိုးဝင်းတောင်၊ ရွှေဘတောင်၊ မိုးညှင်းတောင်ကြီးနဲ့၊ စိမ်းပြာရေညှိထွက်တဲ့ ာင်းတောင်လည်း ရှိပါတယ်"

"အံ့သြစရာချည်းပါပဲ"

"နောက် မကွေးတိုင်းအတွင်းမှာ တိုင်းမြို့က မကွေးမြို့ ဖြစ်ပြီး မကွေးမြသဲလွန်စေတီတော်၊ ရွှေစက်တော်နဲ့ ရွှေစက် တော် ဘေးမဲ့တော၊ နဂါးပွက်ရွှံ့မီးတောင်၊ ပုဂံပုံညာဒေသ၊ ကျောင်းတော်ရာဘုရား အစရှိတဲ့ တန်ခိုးကြီးဘုရားတွေ ရှိပါ တယ်"

"အများကြီးပဲနော်. . ."

"ဟုတ်တယ် မသီရိ၊ အများကြီး ရှိသေးတယ်၊ ပဲခူးတိုင်း မြို့တော်က ပဲခူးမြို့ဖြစ်ပြီး အကြီးဆုံး လျောင်းတော်မူ ရုပ်ပွား တော်ဖြစ်တဲ့ ရွှေသာလျောင်းဘုရား၊ ပြည်ရွှေဆံတော်ဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေမော်တောဘုရား၊ အိုးယွန်းကြီးအင်းဘေးမဲ့တောနဲ့ စိမ်ရေ အပန်းဖြေစခန်းတို့ ရှိပါတယ်"

"ပုဂံဘုရားတွေက ဘယ်နေရာမှာ ရှိတာလဲဟင်"

"ပုဂံဘုရားတွေက မန္တလေးတိုင်းအတွင်းမှာ ရှိတာပါ၊ မန္တလေးတိုင်းရဲ့မြို့တော်က မန္တလေးမြို့ပါ၊ မန္တလေးတိုင်းအတွင်းမှာ မန္တလေးတိုင်း မြို့ရိုးနဲ့ကျုံးရှိတယ်၊ မဟာမြတ်မုနိရုပ်ပွားတော် ရှိတယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့တော်၊ ပုပ္ပါးမီးငြိမ်းတောင်နဲ့ တောင်သမန်အင်းနဲ့ ဦးပိန်တံတားတို့အပြင် အခြားလေ့လာစရာနဲ့ သာယာလှပတဲ့နေရာတွေ အများကြီးရှိတယ်"

"ဒီတစ်ခေါက် မြန်မာပြည်ကို ရောက်ခဲ့ရင် အဲဒီနေရာတွေကို မရောက်ရောက်အောင် သွားရမယ်၊ ဆက်ပြောပါဦး ဒေါက်တာ"

"နောက် ရန်ကုန်တိုင်းရဲ့မြို့တော်ကတော့ ရန်ကုန်မြို့ပါပဲ၊ ရန်ကုန်မြို့တော်ကို မြန်မာနိုင်ငံရဲ့မြို့တော်အဖြစ် သတ်မှတ်ထားပါတယ်၊ (၁၉၅၀-ခုနှစ်က) ရန်ကုန်မြို့မှာ ထူးခြားတာတွေက ရွှေတိဂုံစေတီတော် ရှိတယ်၊ လှော်ကား သဘာဝဘေးမဲ့ဥယျာဉ်နဲ့ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းနဲ့ အခြားလေ့လာစရာ စေတီဘုရားတွေ အများကြီးရှိပါတယ်"

"ရန်ကုန်မြို့တော့ နေရာအတော်များများ ရောက်ခဲ့ဖူးပါတယ်"

"ဧရာဝတီတိုင်းရဲ့မြို့တော်က ပုသိမ်မြို့ဖြစ်ပါတယ်၊ ဧရာဝတီတိုင်းရဲ့ထူးခြားချက်က စပါးအများဆုံး ထွက်တာပါ၊





ထူးခြားတဲ့နေရာတွေက ရွှေမုဋ္ဌောစေတီတော်၊ မော်တင်စွန်းဘုရားနဲ့ မော်တင်စွန်းအငူ၊ ပုသိမ်ထီးလုပ်ငန်း၊ အပန်းဖြေစခန်းအနေနဲ့ ချောင်းသာနဲ့ ငွေဆောင်ကမ်းခြေ ရှိတယ်၊ နောက်ထူးခြားတဲ့ အင်းရဲကြီးလည်း ရှိပါတယ်"

"ဟုတ်ကဲ့"

"နောက်ဆုံး တနင်္သာရီတိုင်းရဲ့မြို့တော်က ထားဝယ်မြို့ဖြစ်ပါတယ်၊ တနင်္သာရီတိုင်းရဲ့ထူးခြားမှုက မြိတ်ကျွန်းစုနဲ့ ဘုရင့်နောင်အငူ၊ မောင်းမကန် အပန်းဖြေစခန်း၊ မလိကျွန်းနဲ့ သဘာဝဘေးမဲ့ဥယျာဉ်နဲ့ ရှင်ကိုးရှင် စေတီတော်တွေ ရှိပါတယ်၊ အဲဒါတွေက မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ ဘုရားပုထိုး၊ စေတီတွေနဲ့ ထူးခြားတဲ့နေရာတွေပဲ ဖြစ်ပါတယ်၊ အခု ကျွန်တော်ပြောပြတာက ထင်ရှားတဲ့ အဓိကအချက်တွေကိုပဲ ပြောပြတာပါ၊ တကယ်လေ့လာမယ်ဆိုရင် အများကြီး ကျန်ပါသေးတယ်"

"ဒေါက်တာက အတော့်ကို ဗဟုသုတ ပြည့်စုံတာပဲနော်"

"ကျွန်တော်က ခရီးသွားရတာ ဝါသနာပါတော့ ထူးခြားတဲ့နေရာတွေကို မှတ်တမ်းပြုစုထားလို့ အခုလို ပြန်ပြောပြနိုင်တာပါ"

"ကျွန်မတို့လည်း အိန္ဒိယမှာ နေလာတာ ကြာပြီပဲ၊ အခုလို ဒေသတစ်ခုချင်းကို ပြောပြပါဆိုရင် ပြောပြနိုင်မယ် မထင်ဘူး၊ ဒါကြောင့် ဒေါက်တာရဲ့လေ့လာမှတ်သားမှုကို ချီးကျူးမိတာပါ"

သီရိမာလာက သူမစိတ်ထဲ ရှိသည့်အတိုင်း ပွင့်ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်း ပြောရာ ဒေါက်တာမင်းထင်ကျော်မှာ အနည်းငယ် မနေ ထတ် မထိုင်တတ် ဖြစ်သွားသောကြောင့် ဖျော်ရည်ထည့်ထား သော ဖန်ခွက်ကို ယူ၍ မော့သောက်နေလေသည်။

"ဖေဖေပြန်ရောက်လာရင် ဒေါက်တာတို့ကို ဟိမဝန္တာ က ယောဂီကြီးဆီကို လိုက်ပို့ပေးလိမ့်မယ်၊ အဲဒီအခါကျရင် ကျွန်မလည်း လိုက်ခဲ့မယ်နော်"

"မသိရိပါ လိုက်တော့ ပိုကောင်းတာပေါ့"

ထို့နောက်. . .

စားသောက်ခြင်းများကို လက်စသတ်၍ ဥယျာဉ်တော် ကြီးအတွင်းမှ ပြန်လည်ထွက်ခဲ့ကြလေသည်။





အခန်း (၄)

# ဈေးသောက်ဝတ္ထုပြားနှင့် အန္တရာယ်ဆိုးများ

တနင်္လာနေ့ နေ့လည်ပိုင်းအချိန်တွင် ဗာရာဏသီမြို့သို့ အလုပ်ကိစ္စဖြင့် သွားနေသော မစ္စတာပရာချန် ပြန်ရောက်လာ သည်။ သူသည် ကာလကတ္တားသို့ ပြန်ရောက်လာသည်နှင့် ခေတ္တမျှသာ နားပြီး ညနေပိုင်းအချိန်လောက်တွင် ဒေါက်တာ မင်းထင်ကျော်တို့ တည်းခိုနေသောနေရာသို့ ရောက်လာလေ သည်။

ဂုင်းနှင့်အတူ သူ၏လက်ထောက်တပည့်နှစ်ယောက် ဖြစ်ကြသော တင်မင်းဟာန်နှင့် ကျော်ဗလတို့နှစ်ယောက်လည်း ပါလာကြသည်။

သူတို့နှစ်ယောက်စလုံးမှာ ကုလားကပြား(မြန်မာသွေး



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ပါသူ)များ ဖြစ်ကြသော်လည်း မြန်မာစကားနှင့် ကုလားစကားကိုပါ ကျွမ်းကျင်စွာ ပြောဆိုနိုင်ရုံမက နေထိုင်မှုများမှာလည်း ကုလားလူမျိုးတစ်ယောက်နှင့် မတူပဲ ဥရောပနိုင်ငံသားများကဲ့သို့ စမတ်ကျကျ ဝတ်ဆင်နေထိုင်ကြသူများ ဖြစ်ပေသည်။

မစ္စတာပရာချန်သည် ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ များစွာအားနာသော အမူအယာနှင့် တောင်းပန်စကားဆိုလေသည်။

"ဒေါက်တာတို့အနေနဲ့ ကာလကတ္တားကို လာမယ်ဆိုရင် ကျွန်တော့်ဆီကို သံကြိုးကြိုရိုက်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ ခရီးသွားဖို့ အစီအစဉ် ရှိတယ်ဆိုရင်တောင်မှ တစ်မျိုးစီစဉ်ပြီး စောင့်နေရမှာ ဖြစ်ပါတယ်၊ အခုလို လူချင်းလွဲသွားရတာ စိတ်မကောင်းပါဘူး"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်တော်တို့ကလည်း မစ္စတာပရာချန်အတွက် စီစဉ်ရတာတွေ များမှာစိုးလို့ အခုလို လာခဲ့ကြတာပါ"

"ဘာပဲဖြစ်ဖြစ်လေ. . . ကျွန်တော်တို့ မြန်မာပြည် လာစဉ်က ကိုယ့်အလုပ်ကိစ္စနဲ့ ကိုယ့်အစီအစဉ်နဲ့ လာကြတာမို့ အကြောင်းမရှိပေမယ့် ဒေါက်တာတို့က ကျွန်တော်ဖိတ်ကြားလို့ ကျွန်တော့်ဆီ လာကြတာဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိတာပေါ့၊ ဧည့်သည်ကို လာပါလို့ ဖိတ်ခေါ်ခဲ့ပြီးမှ အိမ်ရှင်က တမင်ရှောင်နေသလိုမျိုး ဖြစ်နေတာပေါ့၊ ဒီအတွက် စိတ်မကောင်းပါဘူးဗျာ"





မစ္စတာပရာချန်မှာ စကားအပြောအဆိုလိမ္မာကျွမ်းကျင်သလောက် လူမှုရေးကောင်းသူတစ်ယောက်ပေပဲဟု စိတ်ထဲမှ မှတ်ချက်ချမိလေသည်။

"ဒါထက် ဒီရောက်ကတည်းက တည်းခိုနေထိုင်ရတာရော အဆင်ပြေမှု ရှိရဲ့လား"

"ဟုတ်ကဲ့. . . ရှိပါတယ်၊ မစ္စတာပရာချန်ရဲ့သမီး သီရိမာလာက အစစအရာရာ ကူညီဆောင်ရွက်ပေးလို့ အားလုံးအဆင်ပြေပါတယ်"

ထို့နောက်. . .

မစ္စတာ ပရာချန်မှာ အခြားအကြောင်းကိစ္စများကိုသာ တွင်တွင်ပြောနေပြီး ဟိမဝန္တာမှ ယောဂီကြီး ရှိရာသို့ ဘယ်နေ့ဘယ်အချိန် ပို့ပေးမည်ဟူသော စကားတစ်လုံးတစ်ပါဒမျှ မပါသောကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စိတ်ထဲ၌ တစ်မျိုးဖြစ်နေမိလေသည်။

မစ္စတာပရာချန်တစ်ယောက် ထိုကိစ္စကို မေ့များမေ့နေပြီလားဟု စိတ်ထဲမှ တွေးတောနေမိသည်။

အတန်ကြာသောအခါမှ မစ္စတာပရာချန်က သူအမိက ပြောချင်သောစကားများကို စတင်ပြောလေသည်။

"ဒေါက်တာရဲ့စိတ်ထဲမှာတော့ ဟိမဝန္တာတောင်က ယောဂီကြီးနဲ့ သွားတွေ့ဖို့ကိစ္စကို တွေးနေမိမှာပဲ၊ ဒါကလည်း ဒေါက်တာတို့ မပြန်ခင်မှာ ပို့ဖြစ်အောင် ပို့ပေးဖို့ ကျွန်တော်စီစဉ်ထားပါတယ်၊ ဒီကြားထဲမှာတော့ ကျွန်တော့်ကို အကူအညီတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ပေးစေချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဘိုးဘွား အဆက်ဆက် ပိုင်တဲ့ ရတနာပစ္စည်း ရှာဖွေဖို့ လမ်းညွှန်မြေပုံ တစ်ခု ပျောက်သွားတာကို ကူညီပြီး ရှာဖွေပေးဖို့ပါပဲ"

"ရတနာမြေပုံက ဘယ်ပုံဘယ်နည်း ပျောက်ဆုံးသွား တာလဲ၊ တစ်ဆိတ်လောက် ကျွန်တော်နားလည်အောင် ပြည့် ပြည့်စုံစုံ ပြောပြပေးပါလား"

ထိုအခါ မစ္စတာပရာချန်က ငွေဘူးကလေးထဲမှ ဆေး ပြင်းလိပ်တစ်လိပ်ကို ထုတ်၍မီးညှိသည်။

ပြီးလျှင် တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားပြန်စသည်။

"ရတနာမြေပုံဆိုတာ သာမန်စာရွက်တစ်ရွက်ပေါ်မှာ ရေးထားတာ မဟုတ်ပါဘူး၊ ပတ္တမြားတစ်လုံးပေါ်မှာ ပေါ်နေတာ ပါ"

"ဘယ်လိုရေးထားတာပါလိမ့်"

"ပတ္တမြားရဲ့အပေါ်မှာ သက္ကတဘာသာနဲ့ အမှတ် အသားတွေ ရေးထားတာပါ၊ လမ်းညွှန်အမှတ်အသားတွေလည်း အားလုံးပါပါတယ်၊ အဲဒီပတ္တမြားကို နေရောင်ခြည်အောက်မှာ ထောင်ကြည့်လိုက်ရင် မြေပုံလမ်းညွှန် အရေးအကြောင်းတွေကို တွေ့ရပါတယ်"

"အဲဒီပတ္တမြား ဘယ်လိုပျောက်သွားတယ်ဆိုတာရော ပြောပြပါဦး"





ထိုအခါ မစ္စတာပရာချန်က သက်ပြင်းတစ်ချက် ချလိုက် ပြီး အမှန်အတိုင်း ပြောပြလေသည်။

"တကယ်တော့ ဒီပတ္တမြားက ကျွန်တော်တို့ ဘိုးဘွား တွေလက်ထဲ ရောက်ခဲ့တာ အတော်ကြာခဲ့ပြီဆိုပေမယ့် ကျွန် တော်တို့ အစဉ်အဆက် ပိုင်တဲ့ပစ္စည်းတော့ မဟုတ်ပါဘူး"

ဟု အစချီကာ အောက်ပါအကြောင်းများကို ပြောပြ လေသည်။

မစ္စတာပရာချန်၏အဘိုးဖြစ်သူ ဟာမက်မှာ အိန္ဒိယ၌ အခြေစိုက်နေသော အင်္ဂလိပ်စစ်တပ်မှ တပ်ကြပ်ကြီးတာဝန် ထမ်းဆောင်နေရသူဖြစ်ကာ ၎င်းအုပ်ချုပ်ရသောတပ်စုမှာ ဂေါ်ရခါးစစ်သားများသာ ဖြစ်လေသည်။ (၁၉၄၂)ခုနှစ်တွင် အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ဆုတ်ခွာခဲ့ကြရလေ သည်။

ထိုအချိန်မှာလည်း အိန္ဒိယနိုင်ငံ အနှံ့အပြားတွင် တော် လှန်ရေးတိုက်ပွဲများက အဆက်မပြတ် ဖြစ်ပေါ်ခဲ့လေသည်။ တစ်ချိန်၌ အင်္ဂလိပ်စစ်တပ်များနှင့် တော်လှန်ရေးသမားတို့ တိုက်ပွဲဖြစ်ကြလေသည်။

တော်လှန်ရေးသမားများမှာ ဒေသခံနယ်ခံများ စုပေါင်း ထားသော ပြောက်ကျားတပ်များ ဖြစ်ကာ တိုက်ပွဲဖြစ်ပွားသော နေရာမှာ သာဝတ္ထိမြောက်ဘက်ရှိ တောနက်ကြီးများအတွင်း၌ ဖြစ်ပေသည်။

ထိုတောနက်ကြီးများမှာ လူသူအရောက်အပေါက်နည်း

www.burmeseclassic.com



ပြီး တောတောင်ထူထပ်သည်ကတစ်ကြောင်း၊ သားရဲတိရစ္ဆာန်များ ပေါလှသည်က တစ်ကြောင်းကြောင့် နယ်မြေမကျွမ်းကျင်ပါက ဘေးဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရလေသည်။ တစ်ကြိမ်မှာတော့ တပ်ကြပ်ကြီးဟာမက် ပါဝင်သော အင်္ဂလိပ်စစ်တပ်မှာ မရဏတောင်ကြားတစ်ဝိုက်တွင် ဒေသခံ ပြောက်ကျားတပ်များနှင့် တိုက်ပွဲများ ဖြစ်ကြလေသည်။ ၎င်းတို့စစ်တပ်မှာ ပြောက်ကျားများ အသုံးပြုသော အဆိပ်လူးမြားဒဏ်ကြောင့် လူအတော်များများ သေဆုံးကြရလေသည်။

ထိုသေအဆိပ်များ သုတ်လိမ်းထားသော မြားချက်ထိပါက သွေးစို့ရုံနှင့်ပင် ဘယ်လိုမှ ဆေးကုရန် အချိန်မရဘဲ အသက်ပျောက်ကြရလေသည်။

သို့သော်လည်း လက်နက်အင်အား၊ လူအင်အား ကွာလွန်းသောကြောင့် ပြောက်ကျားတပ်သားများမှာ မရဏတောင်ကြားအတွင်းသို့ ဝင်ပြေးသွားကြလေတော့သည်။

ထိုသို့ဝင်ပြေးသွားသည်ကို မြင်သောအခါ အင်္ဂလိပ်စစ်တပ်များက နောက်မှ တရကြမ်း ဝင်လိုက်သွားကြလေသည်။

သို့သော်လည်း အတွင်းသို့ ရောက်သောအခါ ပြောက်ကျား တပ်သားများကို တစ်ယောက်တစ်လေမှ မတွေ့ရသဖြင့် အတွင်းသို့ ဝင်လိုက်သွားရာ မမျှော်လင့်ဘဲ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ဆိုးကြီးနှင့် ကြုံရလေတော့သည်။

မရဏတောင်ကြားလမ်းမှာ သိပ်မကျယ်ဝန်းလှဘဲ ေ
နှစ်ဆယ်ခန့်သာ ရှိသည်။





သို့စေကာ ဘေးတစ်ဖက်တစ်ချက်မှ ထောင်တက်သွားသော ကျောက်နံရံကြီးနှစ်ခုကတော့ အတော့်ကို မြင့်မားလှသည်။

အပေါ်၌ ချုံနွယ်ပိတ်ပေါင်းများက ပိတ်ဆီးနေရာ ကောင်းကင်ပြင်ကိုတောင် ကွက်တိကွက်ကြားမျှသာ မြင်နိုင်လေသည်။ ထိုအထဲသို့ ရောက်ကာမှ အပေါ်မှ မိုးသီးမိုးပေါက်များ ချာချလိုက်သကဲ့သို့ အရည်များက စစ်သားများ ကိုယ်ပေါ်သို့ ကျလာလေတော့သည်။

စစ်သားများမှာ သံခမောက်များ ဆောင်းထားသော ကြောင့် ထိုအပေါ်မှ စီးကျလာသော အရည်များက ပခုံးနှင့် ကိုယ်မေါ်သို့ ကျလေသည်။

ကြည့်လိုက်တော့ အဖြူရောင်အဆင်းရှိ ပျစ်ချွဲချွဲအရည်များပင် ဖြစ်ပေသည်။

ထိုအရည်များနှင့် ထိလိုက်သော အကျီအဝတ်အစားများမှာ အက်စစ်ရည်နှင့် ထိလိုက်သကဲ့သို့ ဖြစ်ကာ၊ သို့မဟုတ် အပူဖြင့် ထိလိုက်သကဲ့သို့ ဖြစ်ကာ မီးခိုးငွေ့များ ထွက်လာသည်။ ထိုအရည်များကြောင့် ခဏချင်းမှာပင် အကျီနှင့်အဝတ်အစားများ လောင်ကျွမ်းကုန်လေတော့သည်။

"ဟ. . . ဟ. . . ဘာအရည်တွေ ကျလာတာလဲ"

"ဒီ. . . ဒီမှာ မီးလောင်သလို ဖြစ်ကုန်ပြီဟ"

"အကျီတွေတင် မကဘူး၊ အသားတွေပါ လောင်ကျွ
. . . လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ပူတယ် ပူတယ်"

ဟု ဆူညံစွာ အော်ဟစ်ကာ သူ့ထက်ငါ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြရာ ကျဉ်းမြောင်းလှသော တောင်ကြားထဲ၌ တစ်ယောက်နှင့်တစ်ယောက် တိုက်မိကာ ပြိုလဲကုန်ကြလေတော့သည်။ ထိုအချိန်မှာပင် အပေါ်မှ ကျလာသော အဖြူရောင် အရည်များကလည်း ရပ်တန့်မသွားဘဲ အောက်သို့ ကျသထက် ကျလာရာ လူအတော်များများ လောင်ကျွမ်းသွားတော့သည်။

ထိုအခိုက်မှာပင် တောင်ကြားအပေါ်ပိုင်းဆီမှ ကြောက်မက်ဖွယ်ကောင်းသော အသံများ ကြားရသဖြင့် တပ်ကြပ်ကြီး ဟာမက်နှင့် ရဲဘော်အချို့မှာ တောင်ကြားလမ်းအတွင်းမှ လွတ်မြောက်အောင် ထွက်ပြေးကြလေတော့သည်။

တောင်ကြားလမ်းအတွင်း၌ ကျန်ခဲ့သော အင်္ဂလိပ်စစ်သားများ၏ကံကြမ္မာကိုကား သူတို့မသိကြတော့ပေ။

တပ်ကြပ်ကြီးဟာမက်နှင့် စစ်သား(၃)ယောက်တို့မှာ ကြောက်လန့်တကြား ထွက်ပြေးရင်းနှင့် တောနက်ထဲသို့ ရောက်သွားလေသည်။ ထိုတောနက်မှာ အခြားမဟုတ်ဘဲ ဘုရားပွင့်တော်မူစဉ်က အင်္ဂုလိမာလ တောပုန်းကြီး ကျက်စားခဲ့ရာ တောနက်ကြီးပင် ဖြစ်လေသည်။

ထိုတောနက်ထဲရှိ အချို့သစ်ပင်များမှာ လူများနှင့် ပုံပန်းသဏ္ဍာန် တူလှပြီး အချို့သစ်ပင်မှ ပွင့်သောပန်းပွင့်များမှာ ကြောက်မက်ဖွယ်ရာ ပုံသဏ္ဍာန် ရှိလေသည်။

အချို့အသီးများမှာ လက်ညှိုးများကို သီတွဲထားသကဲ့သို့





အတွဲလိုက် ကျနေကြသည်။

ထိုသစ်ပင်များမှ ထွက်နေသော အစေးများမှာလည်း သွေးပုပ်ရည်များနှင့် တူကာ အနံ့အသက်ကလည်း ဆိုးလှလေသည်။ ကျေးငှက်များက ထိုအသီးများကို လူအသွေးအသားထင်၍ ထိုးဆိတ်ဖျက်ဆီးကြရာ အပိုင်းပိုင်းပြတ်ကာ မြေပေါ်သို့ ကျနေသည်။

ထိုအပိုင်းအပြတ်များကို ရုတ်တရက် ကြည့်မည်ဆိုပါက လူ၏လက်ချောင်း၊ ခြေချောင်းများကို အပိုင်းပိုင်း ဖြတ်၍ ချထားသကဲ့သို့ ရှိလေသည်။

တပ်ကြပ်ကြီးဟာမက်နှင့် စစ်သားသုံးယောက်တို့သည် ကြောက်မက်ဖွယ်ကောင်းလှသော တောအုပ်အတွင်းမှ ဖြတ်သန်းသွားကြစဉ် တစ်နေရာ ရောက်သောအခါ အမြင်အားဖြင့် ကြောက်မက်ဖွယ်ကောင်းလှသော ရုပ်ထုကြီးတစ်ခု ရှိရာသို့ ရောက်ခဲ့ကြလေသည်။

ထိုရုပ်ထုကြီး၏မျက်နှာမှာ ကြောက်မက်ဖွယ်ရာအဆင်းရှိ၏။ ကိုယ်ပေါ်မှာလည်း လက်နက်မျိုးစုံ၊ လူဦးခေါင်းပြတ်များ ဆွဲထားသော လက်မောင်းများစွာ တပ်ဆင်ထားလေသည်။

ထိုရုပ်ထုကြီးမှာ (၁၂)ပေခန့်အမြင့်ရှိပြီး နဖူး၌ ထူးဆန်းသော အရာတစ်ခု မြှုပ်နှံတပ်ဆင်ထားလေသည်။ ထိုအရာမှာ အခြားမဟုတ်ဘဲ နေရောင်ခြည်ဖြင့် တဝင်းဝင်း တလက်လက် တောက်ပနေသော ပတ္တမြားကြီးတစ်လုံးပင် ဖြစ်ကြောင်း နောက်မှ သိကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးဟာမက်တို့လေးယောက်မှာ ကြောက်မက် ဖွယ်ကောင်းလှသော ရုပ်ထု၏နဖူးပြင်၌ မြှုပ်နှံထားသော ပတ္တမြားကြီးကို နည်းအမျိုးမျိုးနှင့် ကြိုးစားယူကြရာ နောက်ဆုံး တော့ ရလေသည်။ သူတို့လက်ထဲသို့ ပတ္တမြား ရောက်လာသည် နှင့် အင်ဒီးယန်းလူရိုင်းများက လာရောက်တိုက်ခိုက်ကြသဖြင့် သေနတ်များနှင့် ပစ်ခတ်ကာ ထွက်ပြေးကြရပြန်လေသည်။

နောက်ဆုံးတော့ လူသုံးယောက်မှာ လူရိုင်းများ လက် ချက်ကြောင့် သေဆုံးသွားပြီး ဟာမက်တစ်ယောက်သာ ပတ္တမြား နှင့်အတူ လွတ်မြောက်သွားလေသည်။

နောက်ပိုင်းတွင် ဟာမက်မှာ စစ်တပ်မှ ထွက်လိုက်လေ သည်။ သူသည် တောထဲမှ ရလာသောပတ္တမြားကို ထုခွဲရောင်း ကာ အေးအေးဆေးဆေး နေရန် စိတ်ကူးသော်လည်း ဖြစ်မလာ ခဲ့ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

ပတ္တမြားကို ထုခွဲရောင်းချဖို့ နေနေသာ ထိုပတ္တမြား လက်ထဲ ရောက်လာသည့်အချိန်မှစ၍ တစ်ရက်မှ ကောင်း မနေခဲ့ရပေ။

ညစဉ်လိုလို တစ်ကိုယ်လုံး လက်တွေအများကြီး ရှိသော မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ ကြောက်မက်ဖွယ်ကော သော ရုပ်ထုကြီးရောက်လာကာ သူ့ကို နည်းအမျိုးမျိုး ခြောက်လှန့်လေတော့သည်။

ညအိပ်ယာဝင်ချိန် ရောက်လာလျှင် တံခါးပေါက်





အလုံပိတ်ထားသည့်ကြားမှ ထိုမည်းမည်းသဏ္ဌာန်ကြီးက အခန်း ထဲ ရောက်လာပြီး ကြောက်မက်ဖွယ်ကောင်းသောအသံကြီးဖြင့်

"ငါ့ပစ္စည်း ပြန်ပေး. . . ငါ့ပစ္စည်းပြန်ပေး"

ဟု ပြောဆိုကာ လက်ထဲမှာ ကိုင်ထားသော ဓား၊ လှံ၊ ခက်ရင်း၊ မိုန်း၊ ချွန်း၊ ရဲဒင်း၊ ဓားကောက် ႏသည်တို့နှင့် ထိုးခုတ် ရန် ဟန်ပြင်နေရုံမက လက်အချို့တွင် ကိုင်လာသော လူ ဦးခေါင်းပြတ်ကြီးများနှင့် ပစ်ပေါက်ရန် ဟန်ပြင်လေသည်။

၎င်းလက်ထဲမှာ ကိုင်ထားသည့် ဦးခေါင်းများမှာ မျက်လုံး ပြူး၊ လျှာထွက်ဖြစ်နေရုံမက သွေးများ ယိုစီးကျနေလေသည်။

ထိုမကောင်းဆိုးဝါးကြီး ရောက်လာလျှင် အာမက်က သိုင်စင်ဖြင့် ကိုင်သော သေနတ်ဖြင့် ပစ်ခတ်သော်လည်း အချည်းနှီးသာပင်။

သေနတ်သံကြောင့် အခြားအိမ်သားများ ရောက်လာ သောအခါမှ ထိုသဏ္ဌာန်ကြီးမှာ ပျောက်ကွယ်သွားတတ်လေ သည်။ သို့သော်လည်း ၎င်းထွက်သွားသည့်တိုင် အခန်းကြမ်းပြင် ပေါ်မှ သွေးစက်များကတော့ ကျန်နေခဲ့လေသည်။

တစ်နေ့သောအခါ နံနက်မိုးလင်းသည့်တိုင် ဟာမက်၏ အခန်းတံခါး မဖွင့်သေးသောကြောင့် သွား၍ဖွင့်ကြည့်လေရာ အခန်းကြမ်းပြင်ပေါ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အသက် ပျောက်နေသော ဟာမက်ကို တွေ့ရလေသည်။

နောက်ဆုံးတော့ ထိုဂြိုဟ်မွှေလှသည့် ပတ္တမြားကြီးမှာ ပျော ပရာချန်လက်ထဲသို့ ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရာချန်သည် ထိုပတ္တမြားကြီးကို ရသော် ဟိမဝန္တာ၌ ရှိသော ယောဂီကြီး ရှိရာသို့ ယူဆောင်သွားပြီး ပြသလေသည်။

ယောဂီကြီးက နိမိတ်ဖ ဖွား ပြောကြားလေသည်။

"ဒီပတ္တမြားဟာ သွေးသောက်ပတ္တမြား ဖြစ်တယ်၊ သူ့ကို လက်ထဲမှာ အကြာကြီး မထားသင့်ဘူး၊ ပတ္တမြားမှာ လျှို့ဝှက်ချက်တွေ အများကြီး ရှိတယ်၊ ဒါကို တွေ့အောင် ရှာနိုင်မယ်ဆိုရင် သင်ဟာ လောကီစီးပွားအရ ချမ်းသာတဲ့ပုဂ္ဂိုလ် ဖြစ်လာနိုင်တယ်"

ဟု နိမိတ်စကားပြောသည်။

"ဒီပတ္တမြားရဲ့လျှို့ဝှက်ချက်တွေက ဘာတွေလဲဆိုတာ အမိန့်ရှိပါ ဆရာသခင်၊ ဤပတ္တမြားကို နေရောင်ခြည်အောက်မှာ ထောင်၍ကြည့်လော့"

ဟု ပြောသဖြင့် နေရောင်ခြည်အောက်၌ ထောင်ကြည့်သောအခါ ပတ္တမြားအတွင်းဘက်၌ ရှုပ်ထွေးနေသည့် အရေးအကြောင်းအချို့ကို တွေ့ရလေသည်။

ပထမတော့ ထိုအရာများသည် ပတ္တမြားအတွင်းဘက်၌ ပါသောကြိုးများဟု ထင်မိသော်လည်း အသေအချာ ကြည့်သောအခါမှ ကြိုးများ မဟုတ်ဘဲ တစ်စုံတစ်ခုအတွက် လမ်းညွှန်ပြထားသည့် အမှတ်အသားများဖြစ်ကြောင်း သတိပြုမိလေသည်။ ထိုအရေးအကြောင်းများနှင့် ပတ်သက်၍ ယောဂီကြီးအား ထပ်မေးသော်လည်း အသေးစိတ် ပြောမပြတော့ပေ။

"သင့်အနေနဲ့ ဉာဏ်ရှိသလိုသာ အသုံးပြုပေတော့





သို့သော်လည်း တစ်ခုတော့ မှာလိုက်မည်၊ ဤပတ္တမြားကို လက်ထဲမှာ ကြာရှည်မထားနှင့်၊ ထားလျှင် အန္တရာယ်ဆိုးများနှင့် တွေ့ရသိမ့်မည်၊ ထို့ပြင် သူ၏မူလနေရာဟောင်းမှ သက်ဆိုင်သူက လာယူသွားပေလိမ့်မည်"

ဟု မှာလိုက်သဖြင့် ပရာချန်သည် မိမိအိမ်သို့ ရောက်သောအခါ ပတ္တမြားကို ကောင်းမွန်လုံခြုံစွာ သိမ်းဆည်းထားလေသည်။

ရက်အတန်ကြာသည်အထိ ထူးခြားမှု မတွေ့ရဘဲ တစ်ညသ၌ သူအိပ်ပျော်နေစဉ် အခန်းထဲသို့ လက်များစွာ ပါသော လူမည်းကြီးတစ်ယောက် ဝင်လာလေသည်။

ကြောက်မက်ဖွယ်ရာကောင်းသော ထိုအဆင်းသဏ္ဌာန်ကို တွေ့ရသောအခါ အဘိုးဖြစ်သူ ဟာမက် ပြောခဲ့ဖူးသော အကြောင်းများကို ပြန်လည်သတိရကာ များစွာထိတ်လန့်မိလေသည်။

သို့ကြောင့်. . . ခေါင်းအုံးအောက်မှ သေနတ်ကို ယူ၍ ချိန်ရွယ် ကြိုးစားပြန်တော့လည်း မရတော့ပေ။

"ငါ ပတ္တမြားကို ယူရန် လာခြင်းဖြစ်တယ်. . . ပြန်ပေးလော့"

ဟု အသံသြသြကြီးဖြင့် ပြောကာ သူဝှက်ထားသော နေရာမှ ပတ္တမြားကို အလွယ်တကူပင် နှိုက်ယူသွားသည်ကို မျက်စိထဲမှာ မြင်နေရသော်လည်း လူကတော့ လှုပ်မရတော့ပေ။

ပတ္တမြားကို ရပြီးသောအခါ လူမည်းကြီးမှာ သူ့မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



မှ တဖြည်းဖြည်း ကွယ်ပျောက်သွားလေတော့သည်။ ထို ပျောက်ကွယ်သွားပြီး အတန်ကြာသောအခါမှ အိပ်မက်ဆိုး လန့်နိုးလာသလို ဖြစ်ကာ သတိရလာသည်။ လူကလည် ပြန်လည်လှုပ်ရှား၍ရလာသည်။

ထိုအခါမှ အိပ်ယာမှ ထကာ မိမိသိမ်းဆည်းထားသေ နေရာသို့ သွားရောက်ကြည့်သောအခါ မီးခံသေတ္တာမှာ ခြေ လက်ရာ မပျက်ဘဲ ရှိနေသည်ကို တွေ့မြင်ရသောအခါမှ အနည် ငယ် စိတ်သက်သာရာ ရသွားလေသည်။

သို့စေကာမူ စောစောက အိပ်မက်ကဲ့သို့ မြင်လိုက် သော အဖြစ်အပျက်များ ဟုတ်မဟုတ် သိစေရန် မီးခံသေတ္တာ ဖွင့်ကြည့်လိုက်သောအခါ အတွင်း၌ထားသော ပတ္တမြားက ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာ မစ္စ ပရာချန် ပြောပြသောအကြောင်းများကို စိတ်ဝင်စားစွာ ထောင်နေကြလေသည်။

"ဒါဖြင့် အဲဒီပတ္တမြားကြီးက အမှန်တကယ်ပဲ ပျော သွားခဲ့တာပေါ့နော်"

"အသေအချာပါပဲ. . . မီးခံသေတ္တာလည်း ဖွင့် ရော အတွင်းမှာ ဘာမှမရှိတော့ပါဘူး၊ အခြားများ အထ လေသလားလို့ စိတ်မသက်သာတာနဲ့ နေရာအနှံ့ လိုက်ရှာကြ သေးတယ်၊ ဒါပေမယ့် ဘယ်နေရာမှ မတွေ့ရတော့ပါဘူ

မစ္စတာပရာချန်က လက်ထဲမှ မီးသေလုဖြစ်နေ





ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရာ သင်းမျှသော မီးခိုးရနံ့များ ပြန်ထွက်လာလေသည်။

"ဒီအကြောင်းကို သိနေတဲ့ တစ်ယောက်ယောက်ကများ ိးယူသွားတာရော မဖြစ်နိုင်ဖူးလား မစ္စတာ"

ကျော်စွာက ဝင်မေးသည်။

"ဒီအကြောင်းက ကျွန်တော်တို့ရဲ့မိသားစုတွေပဲ သိပြီး အခြားဘယ်သူမှ မသိတဲ့ကိစ္စဆိုတော့ မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် အိပ်မက်ထဲမှာ တွေ့လိုက်ရတဲ့အတိုင်း လူမည်း ကြီးက ပြန်ယူသွားတယ်လို့ မစ္စတာပရာချန်က ယူဆပါသလား"

"ကျွန်တော့်မှတော့ ဒီလိုပဲ ယူဆမိတယ်"

"ဒီလိုဖြင့် ပျောက်ဆုံးသွားတဲ့ ပတ္တမြားကြီးက သူ့ရဲ့မူလ နေရာ ပြန်ရောက်သွားပြီလို့ တွက်ဆလို့ရပါတယ်"

ဦးဗန်ကောင်း စကားကို ဘယ်သူကမှ မငြင်းကြပေ။

"ဒါထက် မစ္စတာပရာချန်ကို တစ်ခုတော့ မေးချင်ပါ တယ်"

"မေးပါ ဒေါက်တာ. . . မေးပါ"

"မစ္စတာပရာချန်ရဲ့လက်ထဲမှာ ပတ္တမြားက အချိန် အတော်ကြာကြာ ရှိခဲ့တာဆိုတော့ ဘယ်လိုထူးခြားမှုမျိုးတွေနဲ့ ကြုံခဲ့ရပါသလဲ၊ နောက်တစ်ချက်က ယောဂီကြီး ပြောလိုက်တဲ့ စကားနဲ့ ပတ်သက်လို့ရော ဘယ်လိုများ ယူဆပါသလဲ"

"ကျွန်တော်လက်ထဲမှာ ရှိနေတုန်းကတော့ အခြား ထူးခြားခြားတွေ မတွေ့ခဲ့ရပါဘူး၊ ပျောက်မယ့်ညတုန်းက



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ အများကြီး ရှိတဲ့ မည်းမည်းသဏ္ဌာန်ကြီးကို တွေ့လိုက်ရတာပဲ ရှိပါတယ်၊ ကျွန်တော့်အထင်ပြောရရင်တော့ ပတ္တမြားထဲမှာ တွေ့ရတဲ့ အရေးအကြောင်းတွေဟာ တစ်စုံတစ်ခုကို လမ်းညွှန်ပေးထားတာလို့ ထင်တာပဲ"

ဟု သူ၏ထင်မြင်ယူဆချက်ကို ပြောပြသည်။

"အခု ကျွန်တော်တို့ကို အကူအညီတောင်းတဲ့ကိစ္စက ပျောက်သွားတဲ့ပတ္တမြားကို ပြန်ရအောင် ရှာပေးစေချင်တဲ့ကိစ္စ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ပွင့်ပွင့်လင်းလင်းပင် မေ လိုက်လေသည်။

"ဟုတ်ပါတယ် ဒေါက်တာ. . . ဒီကိစ္စပါပဲ၊ ဟိမဝန္တာ ယောဂီကြီး ပြောလိုက်တဲ့ စကားအရဆို ပတ္တမြားပေါ်မှာ ထင်တဲ့ အရေးအကြောင်းတွေဟာ ရတနာမြေပုံအညွှန်းတစ်ခုဖြ မယ်ဆိုတာ သိသာပါတယ်၊ တကယ်လို့ ဒီပတ္တမြားကိုသာ အောင်ရှာနိုင်မယ်ဆိုရင် လျှို့ဝှက်ရတနာသိုက်တစ်ခုကို ရှာ မယ်လို့ ထင်မိပါတယ်"

"ဒါထက် ကျွန်တော်တို့ကို ကာလကတ္တားကို လာ ဖိတ်တဲ့ကိစ္စက ပတ္တမြားကို ရှာပေးစေချင်တဲ့ကိစ္စ မဟုတ်လ ဒါထက် ဒီကိစ္စကို မစ္စတာပရာချန်အနေနဲ့ အခြားစိတ်ချယုံကြ တဲ့လူတွေကို စေခိုင်းမယ်ဆိုရင် ရနိုင်ပါရက်နဲ့ ဘာကြောင့် ကျွန်တော်တို့ကိုမှ တကူးတက ရွေးပြီး အကူအညီတောင်း လဲ၊ တဆိတ်လောက် ရှင်းပြပေးပါဦး"





ဒေါက်တာမင်းထင်ကျော်စကားကြောင့် မစ္စတာပရာ ချန်မှာ ကွက်ကနဲ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ကျွန်တော် အမှန်အတိုင်းပဲ ဖွင့်ပြောပါ့မယ် ဒေါက်တာ၊ ဒီကိစ္စမျိုးက ဘာသာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စဆိုတော့ လူသိခံလို့ ဖြစ်ဘူး၊ တကယ်လို့ အိန္ဒိယတစ်နိုင်ငံလုံးမှာ ရှိတဲ့ လူတွေကို ခိုင်းရင်လည်း ဘယ်သူမှ လုပ်ဝံ့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် မြန်မာလူမျိုးတစ်ယောက်ကိုပဲ အကူအညီတောင်းဖို့ ဆုံးဖြတ်ခဲ့ တာပါ၊ ကျွန်တော် ရန်ကုန်ကို လာခဲ့တာ ဒီအကြောင်းလည်း အဓိက ပါပါတယ်၊

ရန်ကုန်ရောက်တော့ ရာဂျစ်နဲ့ တွေ့ပြီး မေးမြန်းစုံစမ်း ကြည့်တော့ ဒီကိစ္စမျိုးက ဒေါက်တာနဲ့ အသင့်တော်ဆုံးဆိုလို့ ကျွန်တော် ဒေါက်တာနဲ့ ဆက်သွယ်ခဲ့တာပါ"

ဒီတော့မှ မစ္စတာပရာချန်၏အကြံအစည်ကို ရိပ်မိလေ တော့သည်။ မိမိတို့အား ရှေးဟောင်းဗေဒင်ကျမ်းနှင့် ဆွဲဆောင် ၍ ကာလကတ္တားသို့ ရောက်အောင် ဖန်တီးခဲ့သည်။

ကာလကတ္တား ရောက်တော့မှ သူ့အစီအစဉ်ကို ပြော လေသည်။

တကယ်တော့ မစ္စတာ ပရာချန်သည် ကုန်သည် တစ်ဦးသာမက ကျွမ်းကျင်သူတစ်ယောက်ဖြစ်သလို 'ကောက်ပင် စကားပြောပုံ' ကိုလည်း ကျွမ်းကျင်ဟန်ရှိသည်။

တစ်ဖက်သားကို မိမိဘက်ပါအောင် ဆွဲဆောင်ပြီးမှ မိမိ လိုချင်သောကိစ္စကို ဆောင်ရွက်ခိုင်းခြင်းမျိုးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုရလျှင်. . .

ငါးစာပြ၍ ကျောကွင်းဆင်ခြင်းမျိုးလည်းဖြစ်လေသည်။

ထိုသို့တွေးမိသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ အနည်းငယ် မကျေနပ်သလို ခံစားလိုက်မိသည်။

"တကယ်လို့ ကျွန်တော့်အနေနဲ့ မစ္စတာပရာချန် အကူအညီတောင်းတဲ့ကိစ္စကို လက်မခံဘူးဆိုရင်ကော. . ."

ထိုစကားကြားသောအခါ မစ္စတာပရာချန်က လိမ္မာပါးနပ်စွာပင် ပြုံး၍. . .

"ဒေါက်တာအနေနဲ့ အကူအညီမပေးနိုင်ဘူးဆိုရင်လည်း ကျွန်တော့်အနေနဲ့ ဇွတ်အတင်း မတောင်းဆိုပါဘူး။ ကျွန်တော်ပေးထားတဲ့ ကတိအတိုင်း ဟိမဝန္တာက ယောဂီကြီး ရှိတဲ့နေရာကို လိုက်ပို့ပေးပါ့မယ်"

ဟု ချိုသာစွာ ပြောကာ ဒေါက်တာမင်းထင်ကျော်တို့ကို နှုတ်ဆက်ပြီး မစ္စတာပရာချန်မှာ ထပြန်သွားလေတော့သည်။





အခန်း (၅)

# ညဉ့်လယ်ယံမှ ကိုယ်ပွားဝိညာဉ်

ညဦးပိုင်းအချိန် ရောက်သောအခါ အိမ်စေများ စီစဉ်ပေးသော ညစာကို စားသောက်ကြလေသည်။

ပြီးလျှင် အပေါ်ထပ် ဝရန်တာရှိ စားပွဲသို့ နွားနို့နှင့် သစ်သီးများ လာရောက်ပို့ပေးကြသည်။

ရင်းအကူအညီတောင်းသောအလုပ်ကို အကူအညီပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ မစ္စတာပရာချန်ကတော့ သူတို့ကို အိမ်ရှင်ကောင်းတစ်ယောက်အနေနှင့် လိုလေသေး မရှိအောင် ပြုစုဧည့်ခံပေးလေသည်။

"သူပြောသွားတဲ့ကိစ္စကို မောင်ထင်ကျော် ဘယ်လို ဆုံးဖြတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝရုန်တာရှိ စားပွဲဝိုင်းသို့ ရောက်သောအခါ ဦးဗန်ထောင်သာ မေးလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှာ မီးညှိထားသော ကပ္ပိတန်စီးကရက်ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

အိမ်စေများက အောက်ထပ်၌သာ နေကြသောကြောင့် အပေါ်ထပ်စားပွဲ၌ သူတို့သုံးယောက်သာ ရှိလေသည်။

ကျော်စွာကတော့ စပျစ်သီးခိုင်များကို တစ်လုံးချင်း ဖြုတ်၍စားနေရင်း နားထောင်နေသည်။

"အဘ သဘောကရော ဘယ်လိုရှိသလဲ"

"တို့တတွေက စွန့်စားရှာဖွေမှုကို စိတ်ဝင်စားကြတဲ့လူတွေပဲ၊ ဒီလောက်စိတ်ဝင်စားဖို့ကောင်းတဲ့ကိစ္စမျိုးကို လက်လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူပြောတဲ့စကားထဲမှာ ပါတဲ့ လူတွေ ဘယ်လိုသေမှန်း မသိတဲ့ မရဏတောင်ကြားက လျှို့ဝှက်ချက်တွေ. . . သွေးသောက်ပတ္တမြားရဲ့လျှို့ဝှက်ချက်တွေဟာ စိတ်ဝင်စားဖို့ မကောင်းပေဘူးလား"

ထိုအခါ ကျော်စွာက ဝင်ပြောသည်။

"စိတ်ဝင်စားဖို့ကောင်းတာတော့ မှန်ပါရဲ့၊ အန္တရာယ်များလွန်းတာရော ထည့်မတွက်ဘူးလား အဘရဲ့"

"မင်းကတော့ ထုံးစံအတိုင်း အလုပ်တစ်ခုကို မလုပ်ရခင်ကတည်းက တွေးပူနေပြန်ပြီ၊ အားပြိုင်မှုတိုင်းမှာ အဆိုးအကောင်း ရလဒ်တွေတော့ ရှိရမှာပေါ့၊ အဆိုးချည်း ရှိနေရင်ပဲဖြစ်ဖြစ်၊ အကောင်းချည်း ဖြစ်နေရင်ပဲဖြစ်ဖြစ် အားပြိုင်မှု ဘယ်





ဖြစ်တော့မှာလဲ၊ ဘယ်အရာမဆို အားပြိုင်မှု မရှိရင် ပျင်းစရာချည်း ဖြစ်နေတော့မှာ၊ အားပြိုင်မှုဆိုတာ ကြိုးစားမှုရဲ့ပြယုဒ်တစ်ခုပဲကွ"

"ဒီတစ်ခါ အားပြိုင်ရမှာ မမြင်ရတဲ့သေမင်းနဲ့ အားပြိုင်ရမှာဆိုတာလည်း ထည့်တွက်ဦးမှပေါ့ အဘရဲ့"

ကျော်စွာကလည်း အလျှော့မပေးချေ။

"သေမင်းနဲ့ အားပြိုင်လို့ မရနိုင်လို့ သေတော့လည်း အေးတာပေါ့ မောင်ကျော်စွာရယ်၊ သေမင်းဆိုတာ ဘယ်သူ့ကိုမဆို အနိုင်ယူနေကျပဲဥစ္စာ၊ ဘာများ ဆန်းလို့လဲ၊ ဒါပေမယ့် သူအနိုင်မယူခင်မှာ ကိုယ်က ကံ၊ ဉာဏ်၊ ဝီရိယ အသုံးပြုပြီး ယှဉ်ပြိုင်ရတာ ဘယ်လောက်အရသာရှိမလဲ"

ကျော်စွာက ဘာမှဆက်မပြောတော့ပဲ ခပ်ပြုံးပြုံး အမူအယာဖြင့် စပျစ်သီးကို ဆက်စားနေလေသည်။

"ငါ့သဘောပြောရရင်တော့ ဒီခရီးဟာ တို့တတွေအတွက် အတွေ့အကြုံတွေ အများကြီး တွေ့ရနိုင်တယ်၊ နောက်တစ်ချက်က ယောဂီကြီး မှာလိုက်တဲ့စကားအရဆိုရင် ပတ္တမြားရဲ့လျှို့ဝှက်ချက်တွေနဲ့ ဆက်နွယ်နေတဲ့နောက်မှာ ရတနာသိုက်တစ်ခုခုနဲ့များ ဆက်စပ်နေမလား မသိဘူး"

"ဒီတော့. . ."

"ဒီတော့ ဒီအတိုင်း ကာလကတ္တားကနေ လှည့်ပြန်သွားတာနဲ့စာရင် တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ရင် ကောင်းသားလို့ စိတ်ကူးမိတာပဲ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ဦးထန်ကောင်းက ထိုသို့ပြောပြီး ကွမ်းတမြုံ့မြုံ့ ဝါးနေလေသည်။ ထိုစကား ကြားသောအခါ ကျော်စွာကပါ အားတက်သရော ဝင်ပြောလေသည်။

“ရတနာသိုက်နဲ့ ဆက်စပ်နေတယ်ဆိုတော့ စိတ်ဝင်စားစရာပဲ၊ အဘ ပြောသလိုပဲ ကာလကတ္တားကနေ ဒီအတိုင်း လှည့်ပြန်သွားရမှာ ပျင်းစရာကြီး ဖြစ်နေမှာပဲ၊ ဒီတော့ သူပြောတဲ့ အစီအစဉ်ကို လက်ခံလိုက်တာ ကောင်းမယ် ထင်တယ်”

“ဒီလိုဆိုရင်လည်း မစ္စတာပရာချန် အကူအညီတောင်းတဲ့ကိစ္စကို လက်ခံလိုက်ကြတာပေါ့. . . မကောင်းဘူးလား”

“ကောင်းတယ်. . . ကောင်းတယ်၊ ဒီအကြံကောင်းတယ်”

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ထိုညတွင် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ကောင်းစွာအိပ်မပျော်ဘဲ အတန်ကြာအောင် ဝရန်တာ၌ ထွက်ထိုင်နေလေသည်။ တပေါင်းလ၏အပူရှိန်သည် နေ့လယ်ဘက်တွင် မခံနိုင်အောင် ပြင်းထန်လှသော်လည်း ညအချိန် ရောက်လာပြန်တော့လည်း ဆောင်းရာသီကဲ့သို့ အေးမြလာပြန်လေသည်။

တပေါင်းလဆုတ်ရက် ဖြစ်သောကြောင့် အတော်ညဉ့်နက်မှ လရောင်က ထွက်လာသည်။

သို့စေကာမူ မြူနှင်းများ ကာဆီးထားသောကြောင့် ပြည့်ပြည့်ဝဝတော့ မသာနိုင်ပေ။





တိုက်၏ဝရန်တာမှ လှမ်းကြည့်လျှင် ခြံဝန်းထဲ၌ စိုက်ပျိုးထားသောသစ်ပင်များ၊ ပန်းခြံများကို လှမ်းမြင်ရလေသည်။ ဟိမဝန္တာနှင့် နီးသောကြောင့် ၎င်းမှ ယူဆောင်လာသော သစ်ခွမျိုးပန်းများကို ပန်းခြံတစ်ခု သီးသန့်ပြုလုပ်ထားကာ ထိုအထဲ၌ စိုက်ပျိုးထားလေသည်။

ထိုသစ်ခွပန်းခြံထဲတွင် ရောင်စုံသစ်ခွပန်းများ ဖူးပွင့်လျက် ရှိကြလေသည်။

တစ်ခါတစ်ရံ တိုးဝှေ့တိုက်ခိုက်လာသော လေနှင့်အတူပါလာသော သင်းပျံ့သော ပန်းရနံ့များကြောင့် စိတ်ကို ကြည်လင်သန်းဆန်းမှုဖြစ်လာစေသည်။

ကျန်နှစ်ယောက်က အသီးသီး အိပ်ယာဝင်သွားကြပြီဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း ဝရန်တာ၌ ထိုင်ကာ လေညင်းခံရင်း အတွေးနယ်ချဲ့နေမိသည်။ သူ့အတွေးအာရုံထဲတွင် မစ္စတာပရာချန် ပြောပြသွားသော အကြောင်းများကို ပြန်လည်တွေးတောနေမိသည်။

ထိုသို့တွေးတောနေရင်း တစ်ခါတစ်ရံ သီရိမာလာ အကြောင်းက ပါလာလေသည်။

ကာလကတ္တားသို့ ရောက်သည့်အချိန်မှစပြီး သီရိမာလာနှင့် အတူသွားလာခဲ့သောအကြောင်းများကို ပြန်လည်သတိရမိသည်။ တကယ်တော့ သီရိမာလာသည် မဂိုကုလားသွေးထဲတွင် မြန်မာသွေးအချို့ ရောနှောနေသော မိန်းမချောတစ်ဦးဖြစ်သည်။ အိန္ဒိယသူတို့၏ထူးခြားသောအလှမှာ ထူထဲသောမျက်ခုံးအောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ကော့ပျံနေသော မျက်တောင်များနှင့် လှပသော မျက်လုံးရွဲကြီးများ ဖြစ်သည်။

နှာတံပေါ်ခြင်းနှင့် နှုတ်ခမ်းထူထူများ၏အလှအပတို့မှာလည်း ၎င်းတို့၏သင်္ကေတများဆိုက မမှားပေ။

အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည် လှပခြင်းတို့မှာလည်း မြင်သူတကာတို့ စွဲမက်လောက်သည့် အလှအပများ ဖြစ်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်မှာ သိရိမာလာ၏ အလှအပများကို တစိမ့်စိမ့် တွေးကြည့်နေရင်းမှ သူမနှင့်အတူ သွားလာခဲ့စဉ်က အကြောင်းများကိုပါ ပြန်လည်သတိနေမိသည်။

ထိုသို့တစ်ယောက်တည်း အတွေးကောင်းနေစဉ် ခြံဝန်းပေါက်ဝဘက်မှ တရွေ့ရွေ့ လျှောက်လာနေသော ဖြူဖြူသဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရမှ အတွေးစ ပြတ်သွားလေသည်။

ပထမတော့ ခြံစောင့်တစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု ထင်လိုက်မိသည်။

သို့သော် ထိုသဏ္ဍာန်သည် ပိတ်ထားသော ခြံဝန်းတံခါးကို ကျော်ဖြတ်ကာ ခြံဝန်းအတွင်းသို့ ဝင်လာသည်ကို မြင်ရသောအခါ အနည်းငယ် အံ့သြသွားလေသည်။

"ခြံစောင့်တွေ ခြံဝန်းထဲ လှည့်နေတာပဲ ဖြစ်မှာပါ"

ဟု တွေးမိစဉ် အတွင်းသို့ ဝင်လာသောသဏ္ဍာန်ကို ပိပိပြင်ပြင် မြင်လာရသည်။

"ဟင်. . ."





ခြံဝန်းထဲသို့ ဝင်လာသူကို မြင်ရသောအခါ အံ့သြသွားသည်။

သူထိုင်နေသော ဝရန်တာ အပေါ်စီးမှ ကြည့်လျှင် ခြံဝန်းထဲ ရောက်လာသူကို ကောင်းစွာမြင်နိုင်လေ၏။

မြူနှင်းနှင့် အမှောင်ရိပ်များ ရှိနေသော်လည်း မဝေးလှသောကြောင့် သဲသဲကွဲကွဲ မြင်နေရသည်။

ခြံဝန်းထဲ ဝင်လာသူမှာ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

သူသည် တရွေ့ရွေ့ လျှောက်လာရင်းမှ ဝရန်တာအောက်သို့ ရောက်လာသောအခါ ဝရန်တာအပေါ်၌ ထိုင်နေသော ဒေါက်တာမင်းထင်ကျော် ရှိရာသို့ တစ်ချက်မော့ကြည့်လိုက်လေသည်။

"ဟင်. . ."

ထိုအခါမှ တိုက်ထဲမှ ထွက်နေသော အလင်းရောင်တစွန်းတစကြောင့် တိုက်အောက်မှာ ရပ်နေသူကို သဲသဲကွဲကွဲ မြင်ရတော့သည်။ တိုက်အောက်၌ ရပ်နေသူမှာ အသက်အရွယ်ကြီးလှပြီဖြစ်သော ယောဂီကြီးတစ်ဦးပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုင်နေရာမှ ထ,ရပ်ကာ အောက်သို့ ငုံ့ကြည့်လိုက်တော့ ယောဂီကြီးမှာ ဆင်ဝင်အောက်သို့ ဝင်သွားချေပြီ။

ယခုအချိန်လောက်ဆိုလျှင် အစေခံများ အိပ်နေလောက်ပြီဖြစ်သောကြောင့် ဝင်ပေါက်တံခါးချပ်များက ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောပြီ တံခါးမှာ အတွင်းမှ ကျွန်းတံခါးချပ်နှင့် အပြင်ဘက်မှ သံ...ရှာ တံခါးချပ်ဖြစ်သည်။

အချိန်မတော်မှ ရောက်လာသောဧည့်သည်အတွက် ဘယ်လိုလုပ်ရမလဲဟု စဉ်းစားနေစဉ်မှာ လှေခါးမှ အပေါ်သို့ တက်လာသောခြေသံကို ကြားလိုက်ရလေသည်။

"ဟင်. . ."

တံခါးဖွင့်သံလည်း မကြား၊ စကားပြောသံလည်း မကြားရဘဲ အပေါ်တက်လာသော ခြေသံကို ကြားရလေသည်။

ပထမတော့ အစေခံတစ်ယောက်က ဧည့်သည်ရောက်နေကြောင်း မိမိကို လာရောက်အကြောင်းကြားသည်ဟု ထင်လိုက်မိသေးသည်။

အတန်ကြာသောအခါ သူထိုင်နေရာ ဝရန်တာ တံခါးပေါက်ဝသို့ ယောဂီကြီး ရောက်လာတော့မှ မိမိအထင်နှင့် တလွဲစီ ဖြစ်နေမှန်း အံ့သြစွာ သိရလေတော့သည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်မှာ ယောဂီများနှင့် အကြိမ်ကြိမ် တွေ့ဆုံဖူးပြီး သူတို့၏တန်ခိုးသိဒ္ဓိအကြောင်းကို သိထားပြီးသူမို့ ယောဂီကြီး ဝင်လာသည်ကို မြင်သောအခါ ဦးညွတ်၍ အရိုအသေ ပေးလိုက်သည်။

ယောဂီကြီးက ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်ပြီး ကုလားထိုင်ပေါ်မှာ ဝင်ထိုင်လေရာ ဒေါက်တာမင်းထင်ကျော်ကလည်း ကုလားထိုင်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

ယောဂီကြီးမှာ အသက်အရွယ် ဘယ်ရွေ့ဘယ်မျှ ရှိပြီကို





မခန့်မှန်းနိုင်သော်လည်း အိုမင်းရင့်ရော်လှပေပြီ။

နှင်းသားကဲ့သို့ ဆွတ်ဆွတ်ဖြူနေသော ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ၊ အရေ၌ အောက်၌ အကြောများ အပြိုင်းပြိုင်း ထနေသော်လည်း ပျော့အိတွဲကျခြင်း မရှိသေးသော အသားအရေ. . .

အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး တောင်ဝှေးဘစ်ချောင်းကို လက်ထဲမှာ ကိုင်ထားသည်။

အမှောင်ရိပ်ထဲမှာ ဖြစ်စေကာမူ မျက်လုံးများကတော့ ကြယ်ပွင့်များကဲ့သို့ အရောင်လက်နေလေသည်။

"ဘယ်အရပ်က လာခဲ့ပါသလဲ ဆရာသခင်"

"ကျွန်ုပ် ဟိမဝန္တာက လာခဲ့ခြင်းဖြစ်ပါတယ်"

"ယခု ကျွန်တော့်ရှေ့မှာ ထိုင်နေတာက ရုပ်ခန္ဓာလား၊ ဒါမှမဟုတ် နာမ်ခန္ဓာလား"

"နာမ်ခန္ဓာ ဖြစ်တယ်၊ ရုပ်ခန္ဓာက ဟိမဝန္တာတောင်ရဲ့ဂူထဲမှာ တရားထိုင်နေရင်း ကျန်ခဲ့ပါတယ်၊ သင်က ဒီအကြောင်းတွေကို သိပြီးသားဆိုတော့ အထွေအထူးတော့ အံ့သြစရာ မရှိပါဘူး၊ ယခု ကျွန်ုပ်လာခဲ့တာ သင့်ကို ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့. . . ပြောပါ"

"သင့်အနေနဲ့ ပရာချန်ရဲ့ အကူအညီတောင်းမှုကို လက်ခံလိုက်ပြီမဟုတ်လား"

"မှန်ပါတယ်"

"ဒီခရီးက သင့်အတွက် အဆိုးအကောင်းနှစ်မျိုးစလုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ရှေးယဉ်ခရိုးမျိုး ဖြစ်ပါတယ်၊ သင်သိချင်တာကို မေးနိုင်ပါတယ်"

"ဦးစွာ ပတ္တမြားရဲ့ အကြောင်းကို သိလိုပါတယ်"

"ဒီပတ္တမြားက သာဝတ္တိတောနက်ထဲမှာ နေကြတဲ့ အင်ဒီးယန်းလူရိုင်းတွေ ကိုးကွယ်တဲ့ နတ်ဘုရားရဲ့အသုံးအဆောင်ပစ္စည်းတစ်ခုပေပဲ၊ သွေးမသောက်ရရင် မနေနိုင်တဲ့ သွေးသောက်ပတ္တမြားတစ်လုံးပေပဲ"

"ဟုတ်ကဲ့"

"အိန္ဒိယက ဘုရားပွင့်တော်မူရာအရပ် ဖြစ်ပေမယ့် ဘာသာရေးနဲ့ ပတ်သက်ပြီး အယူအဆ ကွဲပြားမှုတွေ အများကြီးရှိတယ်၊ အဲဒီအထဲမှာ နတ်ဘုရားကို ယုံကြည်ကိုးကွယ်သူတွေလည်း ပါတယ်"

ဟု အစချီကာ နတ်ဘုရားမအကြောင်းကို ပြောပြသည်။

ရှေးဟောင်း အိန္ဒိယသမိုင်းစဉ်အရဆိုလျှင် နတ်ဘုရားမမှာ ရှိဗ(သိဝ)နတ်မင်း၏မိဖုရားမတစ်ပါးဖြစ်သည်ဟု အဆိုရှိလေသည်။

တကယ်တမ်း ကြမ်းကြုတ်ရက်စက်သော နတ်ဘုရားမတစ်ပါးဖြစ်၏။ လူတို့၏အသက်များ ပျက်စီးပြုန်းတီးခြင်းကို လိုလားမက်မောလှပေသည်။

၎င်း၏စိတ်ထားခက်ထန်မှုများကို ရုပ်ထုသွင်ပြင်များက ဖော်ပြပေးလျက်ရှိသည်။





နက်မှောင်သောမျက်နှာပြင်၌ အဝါကြားများ ပါရှိသည့် ဆူထဲသောနှုတ်ခမ်း၊ ချွန်ထက်၍ အစွယ်နှင့် တူသည့် သွားကြီးများနှင့် ရုပ်ထွေးတွန့်လိမ်နေသော ဆံပင်များကြားတွင် တွဲလောင်း ခိုကပ်နေသည့် မြွေရုပ်ထုများကို သူမ၏ဦးခေါင်းပိုင်း၌ ရှိလေသည်။

ကိုယ်ခန္ဓာ၌ လက်မောင်းတစ်ကျိပ် ရှိနေခဲ့ကာ လက်တစ်ချောင်းစီ၌ လက်နက်များ၊ ရန့်ရင်းကြမ်းတမ်းသောလူပုံများ၊ ဦးခေါင်းပြတ်များကို ကိုင်ဆောင်ထားသည်။

ရုပ်ထု၏လည်တိုင်တဝိုက်၌မူ လူဦးခေါင်းခွံများကို သီကုံးထားသည့်လည်ဆွဲကို ဆင်မြန်းထားသည်။

ကျန်ကိုယ်တစ်ခုလုံးမှာ အဝတ်မပါ ဗလာထည်ချည်း ဖြစ်ပေသည်။

အိန္ဒိယကျမ်းအချို့တွင်. . .

နတ်ဘုရားမမှာ လူသားအားလုံးတို့ကို ကမ္ဘာမြေပေါ်မှ ကွယ်ပျောက်ပျက်သုဉ်းသွားသည်အထိ လုပ်ဆောင်ရန် ဆန္ဒရှိသည်ဟု ဖော်ပြထားသည်။

သို့သော် ၎င်းအား ယုံကြည်ကိုးကွယ်သူများနှင့် သူမ သက်သော လုပ်ဆောင်ပေးသူတို့ကိုကား ကင်းလွတ်ခွင့် ထားခဲ့လေသည်။

၎င်းအား ယုံကြည်ကိုးကွယ်သူများက ဒီအတိုင်းပင် ယုံကြည်ထားကြသည်။ နတ်ဘုရားကို ယုံကြည်ကိုးကွယ်သူများ ၎င်း၏ကောင်းချီးပေးခြင်း၊ မျက်နှာသာပေးခြင်းကို အလိုရှိ



www.burmeseclassic.com

www.burmeseclassic.com



သောသူသည် အနည်းဆုံး လူသားတစ်ယောက်ကို သတ်ဖြတ်ဖူး ရပေမည်။

လူသတ်ဖူးမှသာ အရည်အချင်း ပြည့်ဝသော နတ် ဘုရားမ၏တပည့်သားသမီးတစ်ဦးဖြစ်သည်ဟု ယုံကြည်ထားကြ သည်။ နတ်ဘုရားမကို ယုံကြည်ကိုးကွယ်သူသည် လူတစ် ယောက်ကိုသော်လည်းကောင်း၊ လူအများကိုသော် လည်း ကောင်း ရက်ရက်စက်စက် သတ်ဖြတ်ပြီးသည့်အခါ နတ်ဘုရား သည် များစွာကျေနပ်နှစ်သက်မှု ရှိကြောင်း ရုပ်တု၏မျက်နှာ အသွင်အပြင်၌ သိသာထင်ရှားစွာ ပေါ်လွင်နေကြောင်း ယုံ ကြည်မှု ရှိကြသည်။

"တောနက်ထဲမှာ ရှိတဲ့ နတ်ဘုရားမ ရုပ်တုမှာ ပတ္တမြား တစ်လုံးမြှုပ်နှံထားတယ်၊ အဲဒီပတ္တမြားကို တစ်လတစ်ခါ ယ ပူဇော်တဲ့အနေနဲ့ လူသွေးနဲ့ ပူဇော်ပေးရတယ်၊ လူသွေးမရခဲ့ရ တောင် တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့သွေးနဲ့ ပူဇော်ပေးရတယ် ဒါကြောင့် သွေးသောက်ပတ္တမြားတစ်လုံးဖြစ်ခဲ့တာပေါ့"

"ဒီပတ္တမြားရဲ့ထူးခြားချက်က ဘာတွေရှိပါသလဲ ဆရာ သခင်"

"ပတ္တမြားပေါ်မှာ ရှိတဲ့ အရေးအကြောင်းတွေက အခြ မဟုတ်ဘူး၊ မြေပုံလမ်းညွှန်တွေပဲ"

"ဟင်. . ."

ထိုစကားကြောင့် အနည်းငယ် အံ့ဩသွားသည်။

"သာဝတ္တိတောနက်ထဲမှာ ရှေးနှစ်ပေါင်းများစွာ





လူဆိုးကြီး အင်္ဂုလိမာလ မြှုပ်နှံသိုဝှက်ခဲ့တဲ့ ရတနာပစ္စည်းတွေ ရှိတယ်၊ အဲဒီရတနာပစ္စည်းတွေ သိုဝှက်ထားတဲ့နေရာကို ဘယ်သူမှ မသိနိုင်ဘူး၊ အင်ဒီးယန်းလူရိုင်းအချို့ပဲ သိကြတယ်၊ အဲဒီနေရာကို သွားဖို့ဆိုတာလည်း အန္တရာယ်အလွန်များတယ်၊ ပတ္တမြားပေါ်က လမ်းညွှန်အချက်အလက်တွေ မပါဘဲ သွားရင် ပြန်လမ်းမရှိတဲ့နေရာကို ရောက်သွားမှာ ကေန်ပဲ"

"ကျွန်တော်က အဲဒီနေရာကို သွားဖို့ ဆုံးဖြတ်ထားပြီးပြီ ဆိုတော့ အန္တရာယ်တွေနဲ့ တွေ့နိုင်ပါသလား ဆရာသခင်"

"အန္တရာယ်တောထဲကို သွားမှတော့ အန္တရာယ်နဲ့က တော့ တွေ့ရမှာပေါ့၊ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ အဖော်သုံးပါးကို အလှည့်ကျ သုံးပြီးသွားရင် လွတ်နိုင်ပါတယ်"

ထိုသို့စကားပြောနေကြစဉ် အိမ်အောက်ထပ်၌ နေ သော ကုလားအစေခံတစ်ယောက်သည် အပေါ်ထပ် ဝရန်တာမှ စကားပြောသံများ ကြားနေရသောကြောင့် ခြေသံမကြားအောင် အပေါ်သို့ တက်လာလေသည်။

သူသည် ရိုးရိုးသားသား တက်လာခြင်း မဟုတ်ဘဲ ဒေါက်တာမင်းထင်ကျော်တို့ ဘာတွေများ ပြောဆိုတိုင်ပင်နေကြ သည်ကို သိနိုင်ရန်အကြံဖြင့် တက်လာခြင်းဖြစ်သည်။

ဝရန်တာ တံခါးပေါက်အနီးသို့ ရောက်သောအခါ အကွယ်၌ ရပ်ကာ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ဝရန်တာ၌ ရှိသော စားပွဲတွင် ဒေါက်တာမင်းထင်ကျော်တစ်ဦး တည်းထိုင်နေသည်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ သူရှိရာဘက်သို့ ကျောပေး၍ ထိုင်နေသော တစ်စုံတစ်ယောက်နှင့် စကားပြောနေ ဟန် ရှိလေသည်။ အစေခံကုလားမှာ အံ့သြမှုကြောင့် မျက်လုံးပြူးသွား လေသည်။ သူ မျက်စိများ အကြည့်မှားလေရော့သလားဟု ထင် ကာ မျက်စိကို ပွတ်သပ်ကြည့်သော်လည်း ဒေါက်တာမင်းထင် ကျော် တစ်ယောက်တည်းကိုသာ တွေ့ရလေသည်။

အတန်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်က နေရာမှ ထကာ လက်အုပ်ချီ၍ အရိုအသေ ပေးနေသည်ကို လှမ်းမြင်ရသဖြင့် အစေခံကုလားမှာ အောက်ထပ်သို့ ကပျာ ကယာ ဆင်းလာခဲ့လေသည်။ အောက်ထပ်သို့ ရောက်သောအခါ စိတ်မသက်ာသောကြောင့် အောက်ထပ်၌ ပိတ်ထားသော တံခါးမကြီးနှစ်ချပ်ကို သွားကြည့်ရာ ညဦးက ပိတ်ထားသည့် အတိုင်း ပိတ်ထားမြဲပင် ရှိသည်ကို တွေ့ရလေသည်။

ထိုအခိုက်မှာပင် အိမ်အပြင်ဘက်ခြံဝန်းထဲမှာ မွေးထား သော ခွေးများ၏စူးစူးဝါးဝါး ဟောင်သံများကို ကြားရသဖြင့် ပိတ်ထားသော အိမ်တံခါးနှစ်ချပ်ကို ကပျာကယာ ဖွင့်ကာ အပြင် ဘက်သို့ ထွက်လိုက်လေသည်။

ထိုအချိန်တွင် အမှောင်ရိပ်များ သမ်းနေသော ခြံဝန်း တွင် ခြံစည်းရိုးတံခါးပေါက်ဝဘက်သို့ တရွေ့ရွေ့ လျှောက်သွား နေသော ဖြူဖြူသဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် ထိတ် လန့် တုန်လှုပ်စွာဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ခဲ့လေ သည်။





ခဏကြာတော့ ခွေးဟောင်သံများ ရပ်သွားသလို တရွေ့ ရွေ့ ထွက်ခွာသွားသော ဖြူဖြူသဏ္ဌာန်မှာလည်း ပျောက်ကွယ် သွားလေတော့သည်။


...ဖအဆခ...



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

# ဗမုန်းထန်တိုနှင့် ပြန်တွေ့ရခြင်း

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ဒေါက်တာမင်းထင်ကျော်တို့ တည်းခိုနေသောတိုက်သို့ မော်တော်ကားတစ်စီးရောက်လာလေသည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်က ခြံဝန်းထဲတွင် လမ်းလျှောက်နေသောအချိန်ဖြစ်သည်။

ကားနှင့် လာသူမှာ အခြားမဟုတ်ဘဲ သီရိမာလာဖြစ်သည်။ သူမသည် ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ခြံထဲသို့ လိုက်လာလေသည်။

"မသီရိ အစောကြီး ရောက်လာပါလား"

"ဟုတ်တယ် ဒေါက်တာ၊ ဖေဖေ လွှတ်လိုက်လို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီကနေ့ နေ့လည်စာ စားပြီးရင် ဟိမဝန္တာ ယောဂီကြီး ရှိတဲ့နေရာကို လိုက်ပို့ပေးဖို့ ဖေဖေက စီစဉ်ထားပါတယ်၊ ဒါကြောင့် ဒေါက်တာတို့ အဆင်သင့်ဖြစ်အောင်လို့ လာပြီးအကြောင်းကြားတာပါရှင်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"အခုလို စီစဉ်ပေးတာက ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မစ္စတာပရာချန်နဲ့ တွေ့ချင်ပါတယ်"

"ဖေဖေ အိမ်မှာပဲ ရှိပါတယ်၊ ဒေါက်တာတွေ့မယ်ဆိုရင် ကျွန်မကားနဲ့ တစ်ခါတည်းသာ လိုက်ခဲ့ပါရှင်"

ဟု ခေါ်သဖြင့် သီရိမာလာ ကားနှင့် လိုက်သွားလေသည်။ ကားကိုတော့ သီရိမာလာကိုယ်တိုင်ပင် မောင်းသွားလေသည်။

အိမ်သို့ ရောက်သောအခါ မစ္စတာပရာချန်ကို အဆင်သင့် တွေ့ရပြီး ၎င်းက ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အံ့သြနေဟန် ရှိလေသည်။

သို့ကြောင့် ဧည့်ခန်းသို့ ခေါ်သွားပြီး အကျိုးအကြောင်း မေးမြန်းကြည့်လေသည်။

"ကျွန်တော်က ဒီကနေ့ ဟိမဝန္တာကို လိုက်ပို့ပေးဖို့ စီစဉ်ထားပါတယ်"





"ကျွန်တော် ယောဂီကြီးနဲ့ တွေ့ပြီးပါပြီ"

"ဟင်. . . ဘယ်တုန်းက တွေ့တာလဲ"

"ညတုန်းက သူ ကျွန်တော်ရှိတဲ့နေရာကို ရောက်လာပါတယ်"

ဒေါက်တာမင်းထင်ကျော်က ညက ယောဂီကြီး တွေ့ခဲ့ရပုံများကို ပြောပြလိုက်သည်။

"အံ့သြစရာပဲ. . . သူ ကျွန်တော့်ဆီကိုတောင် ဒီလိုတစ်ခါမှ မလာဖူးဘူး၊ ဒေါက်တာကို ပြောစရာရှိလို့ ရောက်လာတာဖြစ်မယ်"

"ဟုတ်တယ်. . . သူရောက်လာလို့ ကျွန်တော်သိချင်တာ အတော်များများ သိလိုက်ရတယ်၊ ဒါကြောင့် မစ္စတာပရာချန် အကူအညီတောင်းတဲ့ကိစ္စကို အကူအညီပေးဖို့ လာပြီးပြောတာပါ"

ထိုစကားကြားသောအခါ မစ္စတာပရာချန်၏မျက်နှာမှာ တက်ကြွရွှင်လန်းလာလေသည်။

"ဒီစကားကြားရတာ ကျွန်တော်ဖြင့် တကယ်ပဲ ဝမ်းသာမိပါတယ်၊ တကယ်လို့ ကျွန်တော်တို့ရဲ့အကြံအစည် အောင်မြင်ရင်လည်း ဒေါက်တာတို့အတွက် မနစ်နာရအောင် စီစဉ်ပေးပါ့မယ်"

"ကျွန်တော်တို့အတွက် ဒါတွေမလိုပါဘူး၊ လောလောဆယ် ခရီးထွက်ကြရင်သာ လမ်းပြကောင်းကောင်းလိုပါတယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော့်ရဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထောက် တသည့်နှစ်ယောက်စလုံးက အဲဒီခရီးကို ကျွမ်းကျင်ကြပါတယ်၊ လိုအပ်တဲ့လက်နက်နဲ့ အခြားပစ္စည်းတွေကိုလည်း လိုလေသေး မရှိအောင် စီစဉ်ပေးပါ့မယ်၊ နောက် ကျွန်တော်တို့အလုပ်ဌာနမှာ မြန်မာပြည်က အလုပ်လာလုပ်တဲ့ မြန်မာတွေလည်း ရှိပါတယ်၊ အဲဒီအထဲကလည်း ဒေါက်တာ နှစ်သက်တဲ့လူကို ခေါ်သွားနိုင်ပါတယ်"

ဟု ဝမ်းသာအားရ ပြောဆိုကာ ခရီးထွက်မည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။

"ဒါထက်. . . စကားမစပ် ညတုန်းက ဒေါက်တာဆီကို ယောဂီကြီးက ဘယ်လိုရောက်လာတာလဲ၊ တဆိတ်လောက် ပြောပြပေးပါဦး"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်၌ ချထားသော ကော်ဖီပန်းကန်ကို ယူ၍ တစ်ကျိုက်မော့သောက်လိုက်သည်။

"သူကိုယ်တိုင် ရောက်လာတာ မဟုတ်ပါဘူး၊ သူ့ရဲ့ ဝိညာဉ်ခန္ဓာ ရောက်လာတာပါ"

"အဲဒါက ဘယ်လိုကိစ္စမျိုးလဲဗျ၊ အိန္ဒိယယောဂီကြီးတွေမှာ အဲဒီလို စွမ်းအားတွေ ရှိတယ်လို့ ပြောသံတော့ ကြားဖူးတယ်၊ ဒါပေမယ့် တစ်ခါမှ မကြုံဖူးတော့ ဘာမှနားမလည်ဘူး ဖြစ်နေတယ်၊ တဆိတ်လောက် ပြောပြပါလား"

"ဝိညာဉ်ခန္ဓာ ဖန်ဆင်းတယ်ဆိုတော့ အိန္ဒိယယောဂီတွေမှ မဟုတ်ပါဘူး၊ စိတ်စွမ်းအား လေ့ကျင့်မှုအားကောင်းတဲ့ အီဂျစ်၊ တိဘက်၊ မြန်မာ စတဲ့ပုဂ္ဂိုလ်တွေမှာလည်း ဖန်ဆင်းနိုင်





ကြပါတယ်၊ မစ္စတာပရာချန် စိတ်ဝင်စားရင် ကျွန်တော်လေ့လာထားသမျှ ပြောပြပါ့မယ်"

ဟု အစချီကာ အောက်ပါအကြောင်းများကို ပြောပြလေသည်။

လူတစ်ယောက်တွင် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာဟူ၍ နှစ်မျိုးရှိလေသည်၊ ရုပ်ခန္ဓာက ပြင်ပမဟိန္ဓိခန္ဓာဖြစ်ပြီး နာမ်ခန္ဓာက အတွင်းအရှုတ္တစိတ်ပင်ဖြစ်သည်။

အချို့က နာမ်ခန္ဓာကို ဝိညာဉ်ခန္ဓာ၊ လိပ်ပြာ၊ မနောမယစွမ်းအားဟူ၍ အမျိုးမျိုး သတ်မှတ်ကြသည်။

ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာမှာ အတူတကွ ပူးပေါင်းနေသည်ဆိုစေကာမူ နာမ်ခန္ဓာဟု ခေါ်သော ဝိညာဉ်ခန္ဓာမှာ ရုပ်ခန္ဓာမှ မကြာခဏ ခွဲထွက်လေ့ရှိသည်။

ဥပမာ အိပ်ပျော်နေသည့်အချိန်နှင့် သတိမေ့မြောနေသည့်အချိန်တို့တွင် ဖြစ်သည်။

ကျင့်ကြံအားထုတ်မှုကြောင့် စိတ်စွမ်းအားမြင့်သူများကတော့ မိမိတို့ အလိုရှိရာအတိုင်း ဝိညာဉ်ခန္ဓာကို အသုံးချလေ့ရှိကြသည်။

ရင်းတို့သည် ကိုယ်ခန္ဓာကို အချိန်ကြာမြင့်စွာ ထိန်းသိမ်းနိုင်သဖြင့် ဝိညာဉ်ခန္ဓာကို ကောင်းစွာအသုံးချနိုင်ကြလေသည်။

သတိမေ့နေချိန်မှာသော်လည်းကောင်း၊ အိပ်ပျော်နေချိန်မှာသော်လည်းကောင်း၊ သို့မဟုတ် ကျင့်ကြံအားထုတ်မှုစွမ်းအားဖြင့်သော်လည်းကောင်း ရုပ်ခန္ဓာမှ ဝိညာဉ်ခန္ဓာက



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ထွက်ခွာသွားလေ့ရှိသည်။

ထိုအချိန်နှင့် ရုပ်ခန္ဓာနှင့်ဝိညာဉ်ခန္ဓာကို (Silver Cord) ခေါ် ငွေရောင်ကြိုးမျှင်ကလေးက ဆက်သွယ်ပေးထားလေသည်။ ၎င်းငွေရောင်ကြိုးကလေးမှာ လျှပ်စီးမျှင်ကဲ့သို့ အလင်းရောင်လှိုင်းကြိုးတစ်ခုသာ ဖြစ်ပေသည်။

ထိုငွေရောင်ကြိုးကလေးကို သာမန်လူတို့မျက်စိဖြင့် မမြင်နိုင်ဘဲ သမထစွမ်းအားနှင့် ကျင့်ကြံအားထုတ်မှုကောင်းသူတို့သာ တွေ့မြင်နိုင်ကြပေသည်။

လူတစ်ယောက် အိပ်ပျော်သွားစဉ် ဝိညာဉ်ခန္ဓာက အခိုးအငွေ့တစ်ခုပမာ လူ့ကိုယ်ခန္ဓာအတွင်းမှ ထွက်သွားပြီး စိတ်စွဲရာနေရာများသို့ သွားလေ့ရှိသည်။

သူသွားသမျှငွေရောင်ကြိုးကလေးက တောက်လျှောက်ပါနေလေရာ ထိုကြိုးကလေး၏ရှည်လျားမှုမှာ အကန့်အသတ်မရှိပေ၊ ဝိညာဉ်ခန္ဓာ သွားသမျှ နောက်မှ သွယ်တန်းထားနိုင်ပေသည်။ ဝိညာဉ်ခန္ဓာက ရုပ်ခန္ဓာမှ ထွက်ခွာသွားသောအခါ လူသည် အခိုက်အတန့်အားဖြင့်တော့ သေဆုံးသည့်သဘောမျိုး ဖြစ်သွားပေသည်။

အကယ်၍ ဝိညာဉ်ကြိုး ပြတ်တောက်၍ ဝိညာဉ်ခန္ဓာက ပြန်မရောက်လာနိုင်သောအခါမှသာ အမှန်တကယ် သေဆုံးသွားခြင်းဖြစ်ပေသည်။

ဝိညာဉ်ခန္ဓာ ခေတ္တထွက်ခွာသွားခိုက်တွင် ကိုယ်ခန္ဓာ မပျက်စီးရအောင် အဆက်မပြတ် ခုန်နေသောနှလုံးက တာဝန်





ယူပေးထားရလေသည်။

၎င်းက အဆက်မပြတ် လှုပ်ရှားနေခြင်းကြောင့် တစ်ကိုယ်လုံး လှည့်ပတ်နေသောသွေးများက ရှင်သန်လျက် ရှိနေကြခြင်းဖြစ်၏။

အကယ်၍ နှလုံးကပါ ရပ်တန့်သွားပါက သွေးများကလည်း ရပ်တန့်သွားကြပေလိမ့်မည်။

ထိုအခါ သူသည် သေဆုံးခြင်းသို့ ရောက်ပေလိမ့်မည်။

ကျင့်ကြံအားထုတ်မှုစွမ်းအား ၊ အလေ့အကျင့်ကောင်းသောပုဂ္ဂိုလ်တို့မှာ မိမိတို့ သွားလိုသောနေရာသို့ ဝိညာဉ်ခန္ဓာကိုပင် စေလွှတ်လေ့ရှိကြသည်။

ရုပ်ခန္ဓာ မရောက်နိုင်သောနေရာသို့ ဝိညာဉ်ခန္ဓာက ရောက်နိုင်သည်။ ရုပ်ခန္ဓာဖြင့် သွားလျှင် ရက်ပေါင်း၊ လပေါင်းများစွာ ကြာမြင့်အောင် သွားရမည့် ဝေးလံသောနေရာများသို့ ဝိညာဉ်ခန္ဓာက လျှပ်တပြက်အတွင်း ရောက်သွားနိုင်ပေသည်။

အချို့အလေ့အကျင့်ကောင်းသူတို့သည် ရုပ်ခန္ဓာကို အချိန်ကြာမြင့်စွာ ထားခဲ့ပြီး ဝိညာဉ်ခန္ဓာဖြင့်သာ သွားလိုသောနေရာသို့ ရောက်အောင်သွားကြလေသည်။

ဝိညာဉ်ကြိုး(Silver Cord) မပြတ်တောက်ဖို့သာ အရေးကြီးလှပေသည်။

ထိုသို့ မပြတ်တောက်ဖို့ရန် အလေ့အကျင့်နှင့် ကျင့်ကြံအားထုတ်မှုများစွာ ပြုလုပ်ရလေသည်။

"ကျွန်တော့်ဆီကို ဟိမဝန္တာယောဂီကြီး လာသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ခန္ဓာနဲ့ လာသွားတာပါ၊ လူကိုယ်တိုင် ရောက်လာတာ မဟုတ်ပါဘူး၊ ဝိညာဉ်ခန္ဓာနဲ့ လာလို့သာ ပိတ်သွားတဲ့တံခါးတွေကို အလွယ်တကူ ဝင်ရောက်လာနိုင်တာ ဖြစ်ပါတယ်"

"ဒေါက်တာပြောသလိုဆိုရင် ကျင့်ကြံအားထုတ်မှုနဲ့ အလေ့အကျင့်ရှိရင် ဒီကိစ္စမျိုးက လူတိုင်းလုပ်နိုင်မှာပေါ့နော်"

"မှန်ပါတယ်. . . အလေ့အကျင့်ရှိရင် ရနိုင်ပါတယ်"

"ကျွန်တော်မသိလို့ တစ်ခုလောက် မေးပါရစေ"

"မေးပါ. . ."

"ဝိညာဉ်ကြီး ပြတ်တယ်ဆိုတဲ့နေရာမှာ ခန္ဓာကိုယ် ပျက်စီးသွားလို့ ဝိညာဉ်ကြီးက ပြတ်ရတာလား၊ ဒါမှမဟုတ် ဝိညာဉ်ကြီး ပြတ်သွားလို့ ခန္ဓာကိုယ်က ပျက်စီးရတာလားဆိုတာကို သိချင်လို့ပါ"

"မစ္စတာပရာချန် မေးတဲ့မေးခွန်းနှစ်ခုစလုံး မှန်ပါတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်ထဲမှာ ပါတဲ့အတိုင်း ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ခန္ဓာကိုယ် ဖြစ်တည်မှု ရှိသလို ပျက်စီးမှုလည်း ဖြစ်နိုင်ပါတယ်၊ ဒီလေးပါးမညီမျှလို့ ကိုယ်ခန္ဓာ ပျက်စီးသွားတဲ့အခါ ဝိညာဉ်ကြီးက ပြတ်တောက်သွားနိုင်သလို အမှောင့်ပယောဂတို့ နှောင့်ယှက်ဖျက်ဆီးလို့ ဝိညာဉ်ကြီး ပြတ်တောက်သွားပြီး ကိုယ်ခန္ဓာ ပျက်စီးရတာတွေလည်း ရှိပါတယ်"

"ဒေါက်တာပြောပြတဲ့ အမှောင့်ပယောဂဆိုတာကို ကျွန်တော် သိပ်နားမရှင်းလို့ နည်းနည်းလောက် ရှင်းပြပါလား"

"အမှောင့်ပယောဂဆိုတာ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ





အစရှိတဲ့ နာနာဘာဝတွေအပြင် ဥစ္စာစောင့်တွေလည်း ပါဝင်ပါတယ်၊ သူတို့က လူရဲ့ကိုယ်ခန္ဓာကို ဖျက်ဆီးလို့မရရင် ဝိညာဉ်ကြိုး ပြတ်အောင် ခြောက်လှန့်ဖျက်ဆီးတတ်ပါတယ်၊ သရဲခြောက်လို့ လိပ်ပြာလွင့်ပြီးသေတာတို့ ဥစ္စာစောင့်က လိပ်ပြာနှုတ်ယူပြီး ခေါ်သွားတာတို့က ပရလောကသွားတွေရဲ့လက်ချက်ကြောင့် ဝိညာဉ်ကြိုး ပြတ်တောက်ပြီးတော့ ကိုယ်ခန္ဓာ ပျက်စီးရတာ ဖြစ်ပါတယ်"

"အင်း. . . ဒေါက်တာပြောမှပဲ ရှင်းသွားတော့တယ်၊ အခုလို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ညတုန်းက ယောဂီကြီးနဲ့ တွေ့တော့ သူက ဘာတွေပြောသွားသလဲ ဒေါက်တာ"

"သူက ပြောသွားတာ မဟုတ်ပါဘူး၊ ကျွန်တော်သိချင်တာတွေကို မေးလိုက်တာပါ၊ သူပြောသွားတဲ့အထဲမှာ နတ်ဘုရားမအကြောင်း၊ ရွှေးဟောင်းပတ္တမြားအကြောင်းနဲ့ အဲဒီပတ္တမြားပေါ်က အရေးအကြောင်းတွေက မြေပုံလမ်းညွှန်တွေဆိုတာပါ ပြောသွားပါတယ်"

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်ထံမှ ထိုစကားကြားရသောအခါ မစ္စတာပရာချန်မှာ များစွာအံ့ဩသွားဟန် ရှိလေသည်။

"ဒါတင် မကသေးပါဘူး၊ ပတ္တမြားပေါ်မှာ ထင်နေတဲ့အရေးအကြောင်းတွေအတိုင်း ရှာရင် အဂ္ဂလိမာလ ရတနာသိုက်ကို တွေ့နိုင်တယ်ဆိုတာပါ ပြောသွားပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတော့်ကို အံ့သြစရာကောင်းတာပဲ၊ ဒီအကြောင်းတွေကို ကျွန်တော်ကလွဲပြီး အခြားဘယ်သူမှ သိကြတာ မဟုတ်ဘူး၊ ပတ္တမြားပေါ်က ထင်နေတဲ့ အရေးအကြောင်းတွေက အင်္ဂုလိမာလ ရတနာသိုက်မြေပုံကို ကျွန်တော်တစ်ယောက်က သိတာပါ။ အခု ဟိမဝန္တာမှာ နေတဲ့ ယောဂီကြီးက ဒေါက်တာဆီကို ရောက်လာပြီး အားလုံး ပြောပြသွားတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ သိပ်ပြီး အံ့သြဖို့ကောင်းတာပါပဲ"

"ဒါဖြင့် သူပြောသွားတာတွေဟာ အမှန်တွေပဲပေါ့"

"အမှန်ပါပဲဗျာ. . . သာဝတ္ထိအလွန် တောနက်ကြီးထဲမှာ အင်္ဂုလိမာလ ရတနာသိုက်ရှိနေတာ အမှန်ပါပဲ၊ ဒီအကြောင်းကို သိတဲ့သူက အတော်နည်းပါတယ်၊ အဲဒီလူတွေကလည်း အခုမရှိကြတော့ပါဘူး၊ အားလုံးသေကုန်ကြပါပြီ"

"ဒါဖြင့် မစ္စတာပရာချန်အနေနဲ့ ဒီအကြောင်းကို အတော်ကြီးကတည်းက သိထားတယ်ဆိုတော့ ရှာဖွေဖို့ မကြိုးစားခဲ့ဘူးလားဟင်"

"ဘယ်နေပါ့မလဲဗျာ. . . ကြိုးစားခဲ့တာပေါ့၊ ဒါပေမယ့် လွှတ်သမျှ တစ်ခါမှ မအောင်မြင်ခဲ့ပါဘူး၊ ပတ္တမြား ရဖို့နေနေသာ သွားတဲ့လူတွေသာ အတော်များများ သေကျန်ခဲ့ကြတာပါပဲ"

ဟု အမှန်အတိုင်း ဖွင့်ပြောလေသည်။

"ဒီလိုနေရာမျိုးက လွယ်လွယ်နဲ့တော့ ရမယ်မထင်ဘူး ရှေးဟောင်းနေရာလည်းဖြစ်၊ နတ်ဘုရားမကို ကိုးကွယ်တဲ့ အင်





ဒီးယန်းလူရိုင်းတွေရှိတဲ့နေရာဆိုတော့ အန္တရာယ်တော့ အတော်များတယ်၊ ဒါထက် အဲဒီနေရာကို သွားဖူးတဲ့လူတွေထဲက ဘယ်သူတွေများ ရှိသေးလဲ"

"ကျွန်တော့်တပည့်ဖြစ်တဲ့ ကျော်ဗလလည်း ရှိတယ်၊ နောက် ဒီမှာ အလုပ်လာလုပ်နေတဲ့ မြန်မာလူမျိုးနှစ်ယောက်လည်း ရှိပါတယ်"

"ခရီးမထွက်ခင် အဲဒီနှစ်ယောက်နဲ့ ကျွန်တော် ခဏတွေ့ချင်ပါတယ်"

"တွေ့ရပါစေ့မယ်. . . ကျွန်တော်ခေါ်ပေးပါ့မယ်"

ဟု ပြောကာ အလုပ်သမားတစ်ယောက်ကို သွားခေါ်ခိုင်းရာ အတန်ကြာသောအခါ လူနှစ်ယောက် ပါလာသည်။

ထိုလူနှစ်ယောက် ရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် အပြင်သို့ ခေါ်သွားလေသည်။ ၎င်းတို့နှစ်ယောက်အနက်မှ တစ်ယောက်မှာ ဒေါက်တာမင်းထင်ကျော်နှင့် သိကျွမ်းဖူးသူ တစ်ယောက် ဖြစ်သောကြောင့် များစွာအံ့သြသွားမိလေသည်။

၎င်းတို့နှစ်ယောက်မှာ တစ်ယောက်က ဇမုန်းထန်ဖြစ်ပြီး ကျန်တစ်ယောက်က ဦးဒိဗ္ဗဆိုသူဖြစ်လေသည်။

နှစ်ယောက်စလုံး အသက်ငါးဆယ်အရွယ်ခန့် ရှိကြလေသည်။ သူတို့ကလည်း ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အံ့သြနေကြလေသည်။

"ဆရာက ဒေါက်တာမင်းထင်ကျော် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ. . . ခင်ဗျားကရော ဇမုန်းထန်မဟုတ်လား"

"ဟုတ်တယ်. . . ကျုပ် ဇမုန်းထန်ပဲ၊ သူက ကျုပ်နဲ့အတူလာကြတဲ့ ဦးဒိဗ္ဗလို့ ခေါ်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်၊

"ကျုပ်တို့က ဗမာပြည်က နည့်သည်တွေ ရောက်နေတယ် သတင်းကြားတာနဲ့ တွေ့ချင်နေတာ၊ အခုမှပဲ ဆရာတို့မှန်းသိရတော့တယ်၊ ဒါထက် ဘယ်သူတွေ ပါလာသေးသလဲ"

"ဦးဗန်ကောင်းနဲ့ ကျော်စွာတို့လည်း ပါလာကြတယ်၊ ခင်ဗျားတို့ကို ဒီကိုရောက်နေတာ အတော်ကြာပြီလား"

"တစ်နှစ်ကျော်လောက်တော့ ရှိပါပြီ၊ ဒါထက် ဆရာကဘာကိစ္စနဲ့ ရောက်လာတာလဲ"

"ထုံးစံအတိုင်း ခရီးထွက်မယ့်ကိစ္စပေါ့ဗျာ"

ထိုစကားကြားသောအခါ ဇမုန်းထန်က တအံ့တသြဖြင့်

"မစ္စတာပရာချန်နဲ့ ပတ်သက်တဲ့ခရီးလား"

ဟု မေးသည်။

"ဟုတ်ပါတယ်. . ."

"ဒါဖြင့် မရဏတောင်ကြီးဘက်ကို သွားကြမယ့်ခရီးပဲမဟုတ်လား"

"ဟုတ်ပါတယ်. . . ခင်ဗျားတို့တောင် နှစ်ခေါက်ရောက်ခဲ့ပြီးပြီ မဟုတ်လား"

"ရောက်ခဲ့ပြီးပြီ. . . အန္တရာယ်ကတော့ အလွန်များတဲ့





ခရီးမျိုးပဲ၊ ဆရာနဲ့တော့ အကိုက်ပဲ၊ ဒါထက် ဆရာသွားရင်ကျုပ်တို့နှစ်ယောက်ကိုပါ ခေါ်မှာမဟုတ်လား"

"ခေါ်ရမှာပေါ့. . . ခင်ဗျားတို့က အဲဒီနေရာကို ရောက်ဖူးတဲ့လူတွေပဲ၊ အတွေ့အကြုံရှိတဲ့လူ ပါတော့ ပိုကောင်းတာပေါ့"

ဟု ပြောသောအခါ နှစ်ယောက်စလုံး ဝမ်းသာသွားကြသည်။ ထို့နောက်. . .

မစ္စတာပရာချန်နှင့် တွေ့ပြီး ဇမုန်းထန်နှင့် ဦးဒိဗ္ဗတို့နှစ်ယောက်ကိုပါ ခရီးထွက်ရာတွင် ခေါ်ဆောင်သွားရန်နှင့် ခရီးထွက်ရာ၌ လိုအပ်သောအစီအစဉ်များကို အသေးစိတ် တိုင်ပင်ဆွေးနွေးကြလေသည်။

...ဗဗဗဗ...



www.burmeseclassic.com



www.burmeseclassic.com



အခန်း (၇)

# မရဏတောင်ကြားမှ သဲလွန်စ

ခရီးထွက်ကြသောအခါ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးဗန်ကောင်း၊ ဦးဒိဗ္ဗ၊ ဇမုန်းထန်တို့ မြန်မာငါးယောက်ပါပြီး ကျန်ဆယ်ယောက်က ကုလားလူမျိုးများ ဖြစ်ကြသည်။ ထိုအထဲတွင် ကျော်ဗလနှင့် တင်မင်းဟန်တို့ ပါကြသည်။ လိုအပ်သော သေနတ်နှင့် ရိက္ခာပစ္စည်းများ၊ ဆေးဝါး အစရှိသည်တို့ကို ချို့လေသေး မရှိအောင် စီစဉ်ယူဆောင်ခဲ့ကြလေသည်။

ထိုခရီးစဉ်ကို ရောက်ဖူးသူများထဲတွင် ဇမုန်းထန်၊ ဦးဒိဗ္ဗတို့ ပါလာကြရာ သာဝတ္ထိတောနက်ထဲ ရောက်အောင် အခက်အခဲမရှိ သွားနိုင်ကြလေသည်။

တောနက်ထဲ၌ စခန်းချနေသော ညဘက်မှာပင် အန္တ



www.burmeseclassic.com

www.burmeseclassic.com



ရာယ် အရိပ်အငွေ့များကို စတင်တွေ့ကြရခြင်းဖြစ်သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ညက သေနတ်ဖြင့် ပစ်ချခဲ့သော အရိုးစု ရှိသည့်နေရာသို့ သွားကြည့်သောအခါ ပြုတ်နေသော နွယ်ကြိုးကိုသာ တွေ့ရပြီး အရိုးစုကို မတွေ့ရတော့ပေ။

သေနတ်များကို အဆင်သင့်ပြင်၍ အနီးတဝိုက်သို့ လိုက်ကြည့်ကြသောအခါမှာလည်း ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။ သို့ကြောင့် စခန်းချရာသို့ ပြန်လှည့်လာကြသည်။

"ပတ္တမြားကြီး ရှိတဲ့ နတ်ဘုရားမရုပ်တု ရှိတဲ့နေရာကို အရင်ရောက်အောင် သွားကြရမယ်၊ အဲဒီနေရာ ရောက်ဖို့ အတော်ဝေးသေးသလား"

"မရဏတောင်ကြားကို ကျော်တာနဲ့ အဲဒီရုပ်တု ရှိတဲ့ တောထဲကို ရောက်နိုင်တယ် ဆရာ"

"မရဏတောင်ကြားကို မဖြတ်ဘဲ အခြားလမ်းက သွားရင် မရနိုင်ဘူးလား"

"မရဏတောင်ကြားရဲ့ဘေးတဖက်တချက်မှာ ကျောက်ပြားချပ်ကြီးတွေ ထောင်ထားသလို မတ်စောက်မြင့်မားတဲ့ ကျောက်တောင်ကြီးတွေတော့ ရှိတယ်၊ အဲဒီတောင်ထိပ်ပေါ်က သွားဖို့ဆိုတာ ဘယ်လိုမှ မလွယ်ဘူး"

"ဟုတ်တယ် ဆရာ၊ မရဏတောင်ကြားက ဖြတ်သွားတဲ့ လမ်းက အနီးဆုံးပဲ"

"ခင်ဗျားတို့က အဲဒီတောင်ကြားလမ်းက ဖြတ်ဖူးကြ





ဘယ်ဆိုတော့ ဘယ်လိုအန္တရာယ်တွေ ရှိတယ်ဆိုတာ ပြောပြပါဦး"

ထိုအခါ ဇမုန်းထန်က ပြောပြသည်။

"တောင်ကြားလမ်းက ပေနှစ်ထောင်လောက်ပဲ ကျယ်တယ်၊ အတွင်းရောက်တော့ အပေါ်က အဖြူရောင်အရည်တွေ ကျလာတာ မြင်ရတယ်၊ မိုးရွာချသလို တပေါက်ပေါက်နဲ့ ကျလာတဲ့ အဲဒီအရည်တွေ ထိတာနဲ့ မီးလောင်သလို အသားတွေ လောင်ကျွမ်းကုန်တာပဲ၊ ကျုပ်တို့လည်း ကြောက်လန့်တကြား ထွက်ပြေးတော့ အပေါ်က မည်းမည်းသဏ္ဌာန်ကြီးတွေ ခုန်ဆင်းလာတာကို လှမ်းမြင်ရတယ်၊ ဘာကောင်တွေ ဖြစ်မလဲတော့ သေသေချာချာ မမြင်ရဘူး"

"ဒီလိုဆိုရင် တောင်ကြားလမ်းအခြေအနေကို သိရအောင် တစ်ခေါက်တော့ သွားကြည့်ရအောင်"

ဟု ပြောကာ ထိုနေရာသို့ သွားရန်ပြင်လေသည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ ဦးဝန်ကောင်းတို့ သုံးယောက်အပြင် ဇမုန်းထန်ကိုပါ လမ်းပြခေါ် သွားလေသည်။

"တောင်ကြားလမ်းရဲ့အပေါ်မှာ အန္တရာယ်ရှိနေတာ သေချာတော့ လိုရမယ်ရ အန္တရာယ်ကို ကာကွယ်ဖို့ စီမံသွားကြရအောင်"

ဟု ပြောကာ ကုလားများ ထမင်းစားရာ၌ အသုံးပြုသော ကြေးလင်ပန်းလေးချပ်ကိုပါ ယူသွားကြသည်။

မရဏတောင်ကြားလမ်းမှာ သူတို့ ယခု စခန်းချနေ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာနှင့် မဝေးလှတော့ပေ။

တောအုပ်တစ်ခုကို ကျော်လိုက်သည်နှင့် တောင်ကြားလမ်းအဝင်နေရာသို့ ရောက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က မလှမ်းမကမ်းမှ အခြေအနေကို လှမ်းကြည့်သည်။

တောင်ကြားလမ်း၏ဘေးတဖက်တချက်မှာ ကျောက်နံရံကြီးများကဲ့သို့ မတ်စောက်သော ကျောက်နံရံကြီးများ ရှိကာ တောအုပ်များက အုံ့ဆိုင်းလျက်ရှိနေသည်။

သို့ကြောင့် တောင်ကြားလမ်းအပေါ်ပိုင်းကို ကောင်းစွာမမြင်ရချေ။ ကျောက်နံရံဘေးတစ်ဖက်တစ်ချက်မှ အပြင်သို့ ထွက်ပေါက်နေသော သစ်ပင်များက အဖျားချင်း ယှက်နေရာ အပေါ်မှ အုပ်မိုးထားသကဲ့သို့ ရှိနေလေသည်။

သစ်ပင်သစ်ကိုင်းများမှာ ထူထပ်စွာ ရှိနေသဖြင့် အပေါ်ပိုင်းကို မမြင်ရသလို အောက်ခြေမှာလည်း မည်းမှောင်နေသည်။

ဒေါက်တာမင်းထင်ကျော်က တောင်ကြားလမ်းအဝသို့ ရောက်သောအခါ အပေါ်သို့ လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်သည်။ ကျောက်နံရံ၌ တွယ်ကပ်ပေါက်နေသော သစ်ပင်များမှာ အများအားဖြင့် ညောင်းလန်းနွယ်ပင်များဖြစ်ပြီး အမြစ်နှင့်နွယ်များကို အောက်ဘက်သို့ တွဲလောင်းကျနေလေသည်။

ညောင်မုတ်ဆိတ်များကြားနှင့် ညောင်လန်းကိုင်းများကြားမှာတော့ ရှုပ်ထွေးနေသော ပင့်ကူမျှင်များ ရှိနေသည်။

သို့ကြောင့် အပေါ်ပိုင်းသို့ ကောင်းစွာလှမ်းမမြင်ရခြင်း





ဖြစ်သည်။ တောင်ကြားလမ်းတဝိုက်မှာ အပုတ်နံ့များက လှိုင်နေလေသည်။ အပေါ်မှ တိုက်ခတ်နေသောလေက တောင်ကြားလမ်း အောက်ခြေမှ ဖြတ်ကာ အပြင်ဘက်သို့ ထွက်လာရာ အတွင်းဘက်မှ အပုတ်နံ့များကိုပါ သယ်ဆောင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က ခေတ္တမျှ အခြေအနေစောင့်ကြည့်သော်လည်း အတွင်းပိုင်းဆီမှ အခြေအနေ မထူးခြားသောကြောင့် အတွင်းသို့ ဝင်ရန်ပြင်သည်။

"ကဲ. . . အတွင်းကို ဝင်ကြည့်ကြရအောင်၊ အထဲမှာရှိတဲ့ အန္တရာယ်က ဘယ်လိုအန္တရာယ်မျိုးလဲဆိုတာ သိရအောင် ခေါင်းပေါ်ကို ကြေးလင်ပန်းတွေ တင်ထားကြပါ"

ထမင်းစားရာ၌ အသုံးပြုသော ကြေးလင်ပန်းကြီးများမှာ ခရီးသွားရင်း လူနှစ်ယောက်သုံးယောက် ဝိုင်း၍ အတူတကွ ထမင်းစားနိုင်အောင် စီစဉ်ပြုလုပ်သောကြောင့် သာမန်ထက်ကြီးကာ ဦးခေါင်းပေါ်၌ ခမောက်ပိုင်းကြီးများသဖွယ် ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ကြေးလင်ပန်းကို လက်တစ်ဖက်က ကိုင်ထားပြီး ကျန်တစ်ဖက်က လက်နှိပ်မီးကို ကိုင်ကာ ရှေ့ဆုံးမှ ဝင်ရာ ကျန်သုံးယောက်ကလည်း နောက်မှ ဝင်လိုက်လာကြလေသည်။ သေနတ်များကိုတော့ အကြောင်းရှိလျှင် အသုံးပြုနိုင်ရန် ခါး၌ ချိတ်ထားကြရလေသည်။

အတွင်းသို့ ရောက်သောအခါ ဖြူဖွေးလျက်ရှိနေသော အရိုးစု၊ တိရစ္ဆာန်အရိုးစုများကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးစုများမှ သာမန်ထက် ဖြူဖွေးနေပြီး မြေပေါ်မှာ ပြန့်ကျဲလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ခြေထောက်အနီးမှ အရိုးတစ်ချောင်းကို ခြေထောက်ဖြင့် နင်းချလိုက်ရာ ကြေမွသွားလေသည်။ အခြားအရိုးစုတစ်ချောင်းကို နင်းကြည့်ပြန်တော့လည်း ထိုနည်းအတိုင်းပင်။

သစ်ရွက်ခြောက်ကို နင်းချလိုက်သကဲ့သို့ စိစိညက်ညက် ကြေသွားလေသည်။

သာမန်အခြေအနေအတိုင်းဆိုလျှင် အရိုးတစ်ချောင်း၏သက်တမ်းမှာ နှစ်ပေါင်းများစွာကြာသည်အထိ မာကျောနေရမည့်အစား ခြေထောက်အောက်မှ အရိုးစုများမှာ အဘယ်ကြောင့် ကြေမွသွားရသလဲဟု စဉ်းစားကြည့်သည်။

ရုတ်တရက်တော့ အဖြေမပေါ်ပေ။

သို့ကြောင့် ခြေထောက်အနီးမှ အရိုးတစ်ချောင်းကို ကောက်ယူကြည့်လိုက်တော့ ထိုအရိုးမှာ ထုံးရေ သို့မဟုတ် အက်စစ်ရေနှင့် စိမ်ထားသလို ဖြူဖွေးလျက်ရှိကာ မွမွလေး ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

သို့ကြောင့် အပေါ်ကို မော့ကြည့်လိုက်သည်။

ကျောက်တောင်နံရံနှစ်ဘက်မှ ထွက်ပေါက်နေသော ညောင်လန်းသစ်ကိုင်းများက ကိုင်းချင်း ယှက်နေရာ အပေါ်သို့ မမြင်ရချေ။ ထို့ပြင် . . . ပင့်ကူမျှင်များက ရှုပ်ထွေးလျက် ရှိနေသောကြောင့် အပေါ်မှ အလင်းရောင်ကို ပျပျသာ မြင်ရသော





သည်။

ဒေါက်တာမင်းထင်ကျော်က မိမိလူများကို အသံမထွက်စေရန် အချက်ပြပြီး အတွင်းသို့ တိုးဝင်သွားလေသည်။

အထဲသို့ ရောက်လေလေ အပုတ်နံ့များက ပိုများလာသောကြောင့် နှာခေါင်းနှင့်ပါးစပ်တဝိုက်ကို ပုဝါများဖြင့် စည်းထားကြရသည်။ အတွင်းပိုင်းသို့ ရောက်သောအခါ အပေါ်ဘက်မှ ပျားများ လန့်ပျံသွားသည့်အသံမျိုး တစ်ချက်ကြားလိုက်ရသည်။

ဒေါက်တာမင်းထင်ကျော်က ရပ်၍နားစွင့်ကြည့်လိုက်သည်။

“ဝေါ. . .”

“မျော. . . မျော. . . မျော”

ပထမတော့ အပေါ်သစ်ကိုင်းများကြားမှာ ပျားအုပ်ကြီး ရှိနေသည်ဟု ထင်လိုက်မိသည်။

အကယ်၍ အပေါ်၌ လူသားစားပျားကြီးများ ရှိနေပါက သူတို့ ပြေး၍လွတ်နိုင်မည် မဟုတ်ကြပေ။

ငြိမ်၍ အခြေအနေ စောင့်ကြည့်တော့လည်း ပျားများ ညံသန်းနေသည့်အသံများကို မကြားရသဖြင့် ဘယ်လိုအန္တရာယ် ဖြစ်မည်ကို သိလိုသောကြောင့် ရှေ့သို့ ထပ်တိုးဝင်လိုက်သည်။

“မျော. . . မျော. . . မျော”

“ကျလိ. . . ကျလိ. . . ကျလိ”



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းပေါ်မှ လှုပ်ရှားမှုများကြောင့် အမှုန်များ ကျလာသည်။

"မျော. . . မျော. . . မျော"

"ကျလိ. . . ကျလိ. . . ကျလိ"

နောက်ထပ်ပေါ်လာသောအသံကြောင့် ဒေါက်တာမင်းထင်ကျော်မှာ တစ်စုံတစ်ရာကို သတိရလိုက်သဖြင့်. . .

"နောက်ကို ပြန်ထွက်ကြ. . . အမြန်ပြန်ထွက်ကြ"

ဟု ပြောကာ နောက်သို့ ပြန်ဆုတ်ပြေးကြလေသည်။

ထိုအခိုက်မှာပင် အပေါ်ဘက်မှာ ဆူဆူညံညံအသံများ ကြားလာရပြီး မိုးရေစက်များကဲ့သို့ ရေပေါက်များ ကျလာလေတော့သည်။

"ကျလိ. . . ကျလိ. . . ကျလိ"

"မျော. . . မျော. . . မျော"

"အမြန်ထွက်ကြ. . . အမြန်ပြန်ထွက်ကြ"

ဟု အော်ဟစ်ကာ နောက်ကြောင်းသို့ ပြန်ပြေးကြရာ စောစောက သူတို့ရပ်နေသောနေရာသို့ အဖြူရောင်ရေစက်များ ကျလာသည်ကို လှမ်းမြင်ရသည်။

အချို့အဖြူရောင်ရေစက်များက ခေါင်းပေါ်မှာ ဆောင်းထားသော ကြေးလင်ပန်းပေါ်သို့ပင် ကျလာကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ အပြင်သို့ ရောက်အောင်ပြန်ထွက်ကြပြီး အန္တရာယ်မှ လွတ်သောအခါ ဦးခေါင်းပေါ်မှာ တင်ထားသော ကြေးလင်ပန်းများကို ကြည့်လိုက်သောအခါ အဖြူရောင်အကွက်များ တင်နေသည်ကို မြင်ရသည်။ ကြေးလင်ပန်းများတွင် ထိုအဖြူရောင်အစက်များ တင်နေသောနေရာများမှာ အက်စစ်ရေနှင့် ထိထားသကဲ့သို့ အမည်းရောင်အကွက်များ ပေါ်နေလေသည်။





ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သဘောပေါက်သွားပြီး အတွင်းပိုင်းသို့ လက်နှိပ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သည်။ ညောင်လန်းကိုင်းများ လှုပ်ယမ်းနေသည်မှလွဲ၍ အခြားတော့ ဘာမှမမြင်ရပေ။

"ညောင်လန်းကိုင်းတွေထဲမှာ ဘယ်လိုသတ္တဝါတွေလဲ"

ဇမုန်းထန်က မေးသည်။

"တခြားတော့ မဟုတ်ဘူး၊ ဒီတောင်ကြားလမ်းထဲကို ဝင်သွားတဲ့လူတွေ၊ တိရစ္ဆာန်တွေကို သတ်ပြီးစားနေတဲ့ လူသတ်သတ္တဝါတွေပဲပေါ့"

"ဘယ်လိုသတ္တဝါမျိုးတွေလဲ ဆရာ"

"နောက်တော့ ပြောပြပါ့မယ်၊ တရားခံကို သိရပြီဆိုတော့ ဘယ်လိုကာကွယ်ရမယ်ဆိုတာ နည်းလမ်းရှာကြရမှာပေါ့၊ အခုတော့ အချိန်မရှိတော့ဘူး၊ စခန်းကို ပြန်ကြရအောင်"

ဟု ပြောကာ စခန်းချနေရာသို့ လှည့်ပြန်ခဲ့ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ကုလားအလုပ်သမားများ ချက်ပြုတ်ကျွေးသော ညစာကို စားသောက်ပြီးသည်နှင့် ဒေါက်တာမင်းထင်ကျော်က အဖွဲ့သားများကို ခေါ်ကာ အခြေအနေကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက နေ့လည်က ယူသွားသော ကြေးလင်ပန်းတစ်ချပ်ကို ရှေ့မှာ ချကာ ရှင်းပြလေသည်။

"မရဏတောင်ကြားဆိုတဲ့အတိုင်း ဒီနေရာဟာ အတော့်ကို အန္တရာယ်များတဲ့နေရာပါပဲ၊ အတွင်းမှာ လာသမျှလူတွေ တိရစ္ဆာန်တွေကို သတ်စားနေတဲ့ တရားခံတွေကတော့ တခြားမဟုတ်ပါဘူး၊ လူသားစား ပင့်ကူနက်တွေပါပဲ"

"ဟင်. . . ပင့်ကူနက် ဟုတ်လား"

"ဟုတ်ပါတယ်. . . မြန်မာနိုင်ငံရဲ့တောနက်ကြီးတွေ၊ ဂူတွေထဲမှာလည်း ဒီလိုသတ္တဝါမျိုးတွေ ရှိပါတယ်၊ အများအားဖြင့်တော့ ပင့်ကူနက်တွေဟာ လူသူအရောက်အပေါက် မရှိတဲ့ တောနက်ကြီးတွေထဲမှာ နေလေ့ရှိပါတယ်"

"အကောင်က ဘယ်အရွယ်လောက် ရှိမလဲ ဆရာ"

"အကောင်အရွယ်အစားကတော့ အမျိုးမျိုးရှိပါတယ်၊ အကောင်သေးသေးကလေးကစပြီး လှည်းဘီးဝိုင်းလောက် ရှိတဲ့အထိ ကြီးတဲ့ ပင့်ကူကြီးတွေအထိ ရှိပါတယ်၊ အချို့ပင့်ကူတွေက အဆိပ်ကို အသုံးပြုကြတယ်၊ အချို့ပင့်ကူတွေက အဆိပ်ကို အသုံးမပြုဘဲ ချည်မျှင်တွေကို အသုံးပြုပြီး သားကောင်တွေကို ဖမ်းယူလေ့ရှိပါတယ်"

"ဘယ်လိုဖမ်းတာလဲ ဆရာ"

"သူတို့ကိုယ်က ထွက်တဲ့အစေးတွေကို ချည်မျှင်တွေလို တန်းပြီးကွန်ယက်လုပ်ထားတယ်၊ ဒီကွန်ယက်တွေထဲကို သတ္တဝါတွေက ဝင်တိုးမိရင် မလွတ်တော့ဘူး"





"အကောင်သေးသေးတွေတော့ ရနိုင်မှာပေါ့၊ လူတွေ သတ္တဝါအကောင်ကြီးတွေအတွက်တော့ ပင့်ကူမျှင်သေးသေးလေးတွေက အသုံးဝင်ပါ့မလား"

"ပင့်ကူမျှင်တွေမှာ အစေးတွေ ပါသလို ပြတ်တောက်သွားတယ်ဆိုတာ မရှိပါဘူး၊ ပင်တိုးလိုက်မိလို့ ရုန်းရင်းနဲ့ပဲ အထပ်ထပ် ရစ်ပတ်မိပြီး နောက်ဆုံးမလှုပ်နိုင်အောင်ဖြစ်ပြီး အမိခံရတာပါပဲ၊ ပင့်ကူကြီးတွေဟာ သတ္တဝါတစ်ကောင်ကို ဖမ်းမိရင် ချက်ချင်းမစားသေးဘဲ ပင့်ကူမျှင်တွေနဲ့ လုံးထားလိုက်တယ်၊ နောက်အလိုရှိတော့မှ ဦးနှောက်ကို အရင်ဖောက်စားလေ့ ရှိကြတယ်၊ အသားစားပင့်ကူတွေကတော့ တစ်ကိုယ်လုံး အရိုးပဲ ကျန်အောင် စားလိုက်ကြတယ်"

"တယ်လည်း ကြောက်ဖို့ကောင်းပါလား"

"ဗုဒ္ဓဇာတ်တော်တွေထဲမှာ အချင်းချင်း မညီညွတ်လို့ ဟင်္သာကိုးသောင်း ပျက်ရတယ်ဆိုတဲ့ တရားခံဟာ ပင့်ကူပဲ၊ ပင့်ကူကြီးက လှည်းဘီးလောက် ရှိတော့ ဂူပေါက်ဝကနေ ဟင်္သာတွေ မထွက်နိုင်အောင် ချည်မျှင်တွေနဲ့ ယက်ဖမ်းခဲ့တာ၊ ဟင်္သာကိုးသောင်း ပျက်စီးခဲ့ကြရတယ်၊ အဲဒီလို ကြောက်စရာကောင်းတဲ့ ပင့်ကူကြီးတွေဟာ လူသူအရောက်အပေါက်နည်းတဲ့ တောနက်ကြီးတွေထဲမှာ ရှိနေသေးတယ်"

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန် စီးကရက်ကို စိမ့်စိမ့် ဖွာရင်း ပြောပြလေသည်။

"ဒါထက် ကျုပ်တို့ အခုဖြတ်မယ့် မရဏတောင်ကြားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ရှိတဲ့ ပင့်ကူတွေကရော အဲဒီလိုမျိုးပဲလား"

ဦးဒိဗ္ဗက ဝင်မေးသည်။

"ကျွန်တော် အခြေအနေတွေကို လေ့လာကြည့်တော့ မရဏတောင်ကြားရဲ့အပေါ်မှာ ရှိတဲ့ ပင့်ကူနက်တွေက သတ္တဝါတွေကို ချည်မျှင်နဲ့ ဖမ်းတဲ့အမျိုးအစားမဟုတ်ဘူး၊ အဆိပ်ရည်နဲ့ ပက်ပြီး ဖမ်းတဲ့အမျိုးအစားတွေဖြစ်မယ်၊ သူတို့ကိုယ်က ထွက်တဲ့ အဆိပ်ရည်တွေက အက်စစ်ရည်တွေလို ပြင်းထန်တော့ ထိလိုက်တာနဲ့ မီးလောင်သလို လောင်ကျွမ်းသွားလေ့ရှိတယ်၊ လူ့အသားတင် မကဘူး၊ အခြားပစ္စည်းကိရိယာတွေကို ထိရင်လည်း ချက်ချင်းမပေါက်ရင်တောင် နောက်ပိုင်းမှာ တဖြည်းဖြည်းစားပြီး ပေါက်သွားမှာပဲ၊ ဒီကြေးလင်ပန်းဖင်မှာ ထိမိထားတဲ့ အဆိပ်ရည်ကိုပဲ ကြည့်ပေတော့"

ကြေးလင်ပန်း ဖင်နေရာ၌ အဆိပ်ရည် ထိထားသော နေရာမှာ မဲပြာလျက် ကွက်နေလေသည်။

"ဒီနေရာ မကြာခင်မှာ ကွက်ပြီးပေါက်သွားမှာပဲ၊ လူ့အသားဆိုရင်တော့ ချက်ချင်းစားသွားမှာပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ မောင်ထင်ကျော်"

"အပေါ်က အဆိပ်ရည်တွေကို ကာကွယ်ဖို့ စီစဉ်ရမှာပေါ့၊ နောက်တစ်ချက်က တောင်ကြားလမ်းက ဖြတ်တဲ့အခါ မြန်နိုင်သမျှ မြန်အောင် ဖြတ်ပြေးနိုင်ဖို့ အရေးကြီးတယ်၊ သူတို့ အပေါ်က ခုန်ဆင်းမလာခင်မှာ လွတ်အောင်ပြေးကြမှ ဖြစ်မယ်၊ သူတို့ဆင်းလာပြီး ပက်ပင်းတိုးရင်တော့ မလွတ်နိုင်တော့ဘူး





တောင်ကြားလမ်းရဲ့အရှည်က ဘယ်လောက်ရှိသလဲ"

"ပေငါးရာလောက်တော့ ရှည်မယ်"

"ဒါဆိုတော့ အတော်ကြိုးစားမှဖြစ်မယ်၊ တောင်ကြားလမ်းတလျှောက်လုံးမှာ ပင့်ကူတွေ ရှိနေတယ်ဆိုရင်တော့ ဘက်ထိပ်က အသံကြားတာနဲ့ ဟိုဘက်ထိပ်မှာ ရှိတဲ့ ပင့်ကူတွေ ဆင်းလာနိုင်တယ်"

"ကျုပ်တို့ တစ်ခါလာတုန်းက အဲဒီအတွင်းကို လူရိုင်းတွေ ဝင်ပြေးသွားတာ တွေ့ရတယ်၊ သူတို့ ဝင်ပြေးသွားတာ တွေ့တာနဲ့ ကျုပ်တို့တတွေလည်း နောက်က ဝင်လိုက်သွားကြတယ်၊ အထဲကို ရောက်တော့ သူတို့ကို တစ်ယောက်မှ မတွေ့ရတော့ပဲ ကျုပ်တို့လူတွေ အတော်များများသာ သေကုန်ကြတယ်"

ဟု ဇမုန်းထန်က ပြောပြသည်။

"ဒါကတော့ လျှို့ဝှက်ချက်တစ်ခုခု ရှိလို့ဖြစ်မှာပါ၊ အတွင်းမှာ သူတို့ ဝင်ပြေးစရာ ဂူပေါက်လမ်းတစ်ခုခု ရှိချင်ရှိ၊ မရှိရင် အခြားလျှို့ဝှက်ချက်တစ်ခုခု ရှိလို့ဖြစ်မှာပါ"

"ဒါဖြင့် ကျုပ်တို့ ဒီလမ်းကပဲ ဖြတ်ကြရမှာပေါ့"

"ဟုတ်တယ်. . . ဒီလမ်းက ဖြတ်မှပဲ သွားချင်တဲ့နေရာ ရောက်မယ်ဆိုတော့ နည်းလမ်းတစ်ခုခု ရှာပြီး ဖြတ်ကြရမှာပဲ၊ ဒါပေမယ့် ကျွန်တော်ဆီက အစီအစဉ်တွေ မသိကြရဘဲ တောင်ကြားလမ်းထဲကို မဝင်ကြဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါ"

ညဉ့်နက်ပိုင်းရောက်သောအခါ ကင်းစောင့်သူများကို



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ စောင့်ကြရန် မှာကြားပြီး အနားယူကြလေသည်။

အပြင်မှာတော့ အမှောင်ထုက ဖုံးလွှမ်းလျက်ရှိနေပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေပြီ။

...အေးအေး...





အခန်း (၈)

# မရဏတောင်ချောက်

လမိုက်ညဖြစ်သောကြောင့် ညအမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံး သိပ်သည်းစွာဖြင့် ဖုံးအုပ်ထားလေသည်။

တောနက်အတွင်းမှာ တောကောင်အချို့၏အော်သံနှင့် ညဥ့်ငှက်တိရစ္ဆာန်များ၏အော်သံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရွက်ဖျင်တဲအတွင်းမှာ ထလျှောက်ရင်း အန္တရာယ်များကို ဘယ်ပုံဘယ်နည်း ကျော်ဖြတ်ရမည်ကို စဉ်းစားလျက်ရှိနေသည်။

နွေရာသီပင် ဖြစ်လင့်ကစား ညဦးပိုင်းအချိန် ရောက်လာသောအခါ အတန်ငယ် အေးစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်းစောင့်နေသော ကုလားအလုပ်သမားများက မီးပုံတစ်ခု ဖိုထားပြီး ရေနွေးကျိုရင်း အချင်းချင်း စကားပြောနေကြသည်။ ၎င်းတို့မှာ အချင်းချင်း ကုလားဘာသာစကားဖြင့် ပြောနေသဖြင့် နားမလည်စေကာမူ အရေးကြီးသော အကြောင်းအရာတစ်ခုခုကို ပြောဆိုနေမှန်းတော့ သိသာလှသည်။

အများအားဖြင့်တော့ ကုလားလူမျိုးများမှာ အလုပ်ကို ကျိုးနွံစွာ လုပ်ကိုင်တတ်သူများဖြစ်ပြီး အလုပ်ရှင်အပေါ် လေးစားယုံကြည်ကြသူများလည်း ဖြစ်ပေသည်။

ယခု သူတို့ပြောနေကြသည်မှာ သစ္စာဖောက်ဖို့ထက် အန္တရာယ် ဘယ်လောက်ကြီးသည်ကို အရေးတကြီး ပြောနေကြဟန် ရှိလေသည်။ ညဥ့်နက်ပိုင်းရောက်လာသည်နှင့် အအေးဓာတ်ကလည်း ပိုများလာလေသည်။ အစောင့်ကုလားများသည် ပွက်ပွက်ဆူလာသော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်များများ ခပ်၍ အရောင်ရင့်ရင့်နှင့် ခါးလှသော လက်ဖက်ရည်ကြမ်းကို အချမ်းပြေ တစ်ခွက်ပြီးတစ်ခွက် သောက်နေကြလေသည်။

အချိန်မှာလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်း ကျော်လာကာ သန်းခေါင်ယံ လွန်သောအချိန်သို့ ရောက်လာလေသည်။

ထိုအခိုက်မှာပင် မီးပုံနံဘေး၌ လက်ဖက်ရည်ကြမ်း သောက်နေသော အစောင့်ကုလားများထဲမှ ဆူးဆူးဝါးဝါးအသံများ ပေါ်ထွက်လာလေသည်။

အဖွဲ့သားများမှာ မနေ့ညကလည်း မိမိတို့ စခန်းချရာ





အနီးသို့ လူရိုင်းများ လာရောက်ချဉ်းကပ်သည်ကို သိထားပြီးဖြစ်သဖြင့် စိတ်ချလက်ချ မအိပ်ဝံ့ဘဲ ရှိနေစဉ် ထိုကဲ့သို့ အသံကြားသည်နှင့် လက်နက်များကို ယူ၍ ထလာကြသည်။

"ရန်သူ . . ရန်သူ"

"ဘယ်မှာလဲ . ."

"ဟိုမှာ . . ဟိုမှာ"

အစောင့်ကုလားက လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သောအခါ တောစပ်၌ ရပ်နေသော မည်းမည်းသဏ္ဍာန်အချို့ကို တွေ့ရလေသည်။ ၎င်းတို့လက်ထဲမှာ လှံရှည်များနှင့် ဒိုင်းကာကဲ့သို့အရာများကို ကိုင်ဆောင်ထားလေသည်။

ကျန်လူများက သေနတ်နှင့် ပစ်ခတ်ရန် ချိန်လိုက်ကြသည်နှင့် ဒေါက်တာမင်းထင်ကျော်က တားလိုက်ရသည်။

"နေဦး . . . မပစ်ကြနဲ့ဦး၊ သူတို့ ဘာလုပ်မလဲဆိုတာ အရင်ကြည့်ကြဦး"

ဟု ပြောလိုက်တော့မှ ရပ်တန့်သွားကြသည်။

လူရိုင်းများ ရပ်နေသောနေရာမှာ သူတို့ရှိနေရာနှင့် တိုက်အနည်းငယ်သာ ဝေးသဖြင့် မြင်ကွင်းအချို့ကို အတိုင်းသား ပင် လှမ်းမြင်နေရသည်။

ထိုအခိုက်မှာပင် 'ဝှစ်'ကနဲ ပြေးထွက်လာသော မြားတံတစ်ချောင်းက ဒေါက်တာမင်းထင်ကျော်ထံသို့ ပြေးဝင်လာသလို နောက်ထပ်ပစ်လိုက်သော မြားတံအချို့ကလည်း ရပ်နေသူများ ရှိရာသို့ ပြေးဝင်လာရာ အချိန်မီ ရှောင်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် မြားတံတစ်ချောင်းက ကုလားတစ်ယောက်၏ပခုံးကို လာရောက်စိုက်ဝင်သွားလေသည်။

"အား. . ."

"ပစ်ဟေ့. . . ပစ်. . . ပစ်ကြ"

ဒေါက်တာမင်းထင်ကျော်က အမိန့်ပေးလိုက်သောအခါ သေနတ်များဖြင့် လှမ်းပစ်လိုက်ကြလေသည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ထိုသို့လှမ်းပစ်သည့်အချိန်၌ တောစပ်မှာ လူရိုင်းများ မရှိတော့ပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့က နောက်မှ ပြေးလိုက်သွားကြလေသည်။

ထိုသို့လိုက်ရင်းမှပင် သေနတ်များဖြင့် အဆက်မပြတ် ပစ်ခတ်ကြလေသည်။

လူရိုင်းများက သေနတ်ဖြင့် ပစ်ခတ်လိုက်တိုင်း ၎င်းတို့ လက်ထဲမှာ ကိုင်ထားသော ဒိုင်းများဖြင့် ကာ၍ ပြေးကြရာ ကျည်ဆန်များမှာ လူကို မထိဘဲ ရှိလေသည်။

အမှောင်ထဲမှာ နောက်မှ လက်နှိပ်မီးရောင်ဖြင့် ထိုး လိုက်သောအခါ သစ်ပင်များကြား၌ ရိပ်ကနဲ ဖြတ်ပြေးသွားသော မည်းမည်းသဏ္ဌာန်များကိုသာ မြင်ရပြီး သေနတ်ဖြင့် ပစ်တော့ လည်း တစ်ယောက်မှ မထိမှန်ချေ။

သို့ကြောင့် နောက်မှ သဲကြီးမဲကြီး ပြေးလိုက်သွားရာ လူရိုင်းများက မရဏတောင်ကြား ရှိရာသို့ ပြေးကြလေရာ





နောက်ဆုံးတော့ မရဏတောင်ကြားအတွင်းသို့ ပြေးဝင်သွားကြ လေသည်။ နောက်မှ ဒေါသစိတ်နှင့် လိုက်သွားကြသူများမှာ ကျန်အခြေအနေကို သတိမေ့လျော့သွားပြီး နောက်မှ ဝင်လိုက် သွားရန် ဟန်ပြင်ကြရာ ဒေါက်တာမင်းထင်ကျော်က တားလိုက်ရ လေသည်။

"မလိုက်နဲ့. . . ဝင်မလိုက်ကြနဲ့"

ထိုအခါမှ အရှိန်သတ်လိုက်ကြသည်။

"မလိုက်ကြနဲ့. . . ဒါ ကျွန်တော်တို့အဖွဲ့ကို သက်သက် ထောင်ချောက်ဆင်တာ၊ ဒီလမ်းကို ဝင်လိုက်သွားရင် အားလုံး သေကုန်မှာပေါ့"

"ဒါဖြင့် သူတို့လည်း သေကုန်မှာပေါ့နော်"

"သူတို့က ဒီတောင်ကြားလမ်းကို အမြဲဖြတ်နေကျ ဆိုတော့ သေမှာမဟုတ်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ပင့်ကူနက်တွေက သူတို့ကို အနှောင့်အယှက် မပေးကြဘူးလား"

"မပေးဘဲ နေပါ့မလား. . . ပေးမှာပေါ့၊ အသံတွေ နားထောင်ကြည့်ပါလား"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် စကားသံများ ကို ရပ်၍နားစွင့်ကြည့်လိုက်ရာ လိုဏ်ခေါင်းလမ်းအတွင်းမှ ပဲ့တင် ထပ်နေသောအသံအချို့ကို အတိုင်းသား ကြားနေရသည်။

ထိုအထဲမှ "ကျလိ. . . ကျလိ" ဟူသောအသံများမှာ အဆူညံဆုံးဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြားကြတယ် မဟုတ်လား၊ ပင့်ကူနက်တွေက မရဏ တောင်ကြားလမ်းကို ဝင်လာတဲ့သူ မှန်သမျှ ဘယ်သူ့ကိုမှ အလွတ်ပေးကြမှာ မဟုတ်ဘူး"

"ဒါဖြင့် ကျွန်တော်တို့ ဝင်လိုက်သွားရင်လည်း ပင့်ကူနက်တွေရဲ့အစာဖြစ်မှာ သေချာတာပေါ့နော်"

"သေချာတာပေါ့"

"ဒါဖြင့် လူရိုင်းတွေရော လွတ်ပါ့မလား"

"သူတို့ကတော့ လွတ်မှာပါ"

"ဘာကြောင့်လဲ ဆရာ"

"သူတို့မှာ အကာအကွယ်တွေ ပါလာတယ်လေ၊ သူတို့ လက်ထဲမှာ ဒိုင်းကာတွေ ပါလာတာ မြင်လိုက်ကြတယ် မဟုတ်လား၊ အဲဒီဒိုင်းကာတွေက ရန်သူနဲ့ တွေ့တဲ့အခါ အကာအကွယ် အဖြစ် အသုံးချသလို မရဏတောင်ကြားလမ်းကို ဖြတ်တဲ့အခါ မှာလည်း အကာအကွယ်အဖြစ် အသုံးချသွားကြတာပဲ"

"သူတို့လက်ထဲက ဒိုင်းကာတွေကို တောင်ကြားလမ်းက ဖြတ်တဲ့အခါ ခေါင်းပေါ်က မိုးကာပြီး ပြေးရင် အပေါ်က အဆိပ်ရည်တွေ ကျလာရင်လည်း မှုစရာ မလိုတော့ဘူးပေါ့"

"ဟင်. . . တယ်လည်း အကြံပိုင်ပါလား၊ နေ့လည်တုန်းက ကျွန်တော်တို့ လင်ပန်းတွေကို ခေါင်းပေါ်မှာ တင်ထားသလို အကာအကွယ် ရမှာပေါ့နော်"

"အသေအချာပေါ့. . . သူတို့ အခုလို လာပြီးရန်စတာ အကြောင်းရှိတယ်၊ တို့တတွေက နောက်က မဆင်မခြင် ဝင်လိုက်





သွားရင် ပင့်ကူနက်တွေရဲ့အဆိပ်မိပြီး အားလုံးသေအောင် တမင်ဖန်တီးတာပဲ၊ ဒါပေမယ့် တစ်ခုတော့ ကောင်းတယ်၊ သူတို့ အခုလို လာလုပ်သွားတော့ မရဏတောင်ကြားလမ်းကို ဘယ်လို ဖြတ်ရမယ်ဆိုတာ သိရတာပေါ့"

ဟု ပြောကာ နောက်သို့ ပြန်လှည့်ခဲ့ကြလေသည်။

စခန်းသို့ ပြန်ရောက်သောအခါ မြားထိသောသူကို ကုသပေးကြလေသည်။

မြားထိသောနေရာမှာ ပင့်ကူအဆိပ်ရည်များနှင့် ထိသကဲ့သို့ အညိုအမည်းများ စွဲကာ အကွက်လိုက် မည်းတက်လာခဲ့လေသည်။ ဒဏ်ရာရထားသောကုလားမှာ မခံမရပ်နိုင်အောင် ခံ့နေဟန်ဖြင့် ငယ်သံပါအောင် အော်ဟစ်နေလေရာ စိတ် မချမ်းမြေ့ဖွယ်ရာ ကြားရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့၌ ပါလာသော အဆိပ်ဖြေဆေးများဖြင့် အမျိုးမျိုး ကုသသော်လည်း ကြည့်နေရင်းမှာပင် လက်မောင်းတစ်ခုလုံး ပုတ်လာသကဲ့သို့ ရှိလေသည်။ ဒေါက်တာမင်းထင်ကျော်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ရှိနေပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အချိန်အနည်းငယ်တွင်းမှာ ဒဏ်ရာကို သက်သာအောင် မကုနိုင်ပါက တစ်ကိုယ်လုံး အညိုအမည်းစွဲကာ အသက်သေတော့မည်ကို သိနေလေသည်။

အချိန်မှာလည်း အရုဏ်တက်ကာနီးအချိန်သို့ ရောက်လာချေပြီ။ ထိုအခိုက်မှာပင် တောထဲမှ လျှောက်လာသော ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



အချို့ကို ကြားရသဖြင့် လူရိုင်းများ တကျော့ပြန်လှည့်လာသည့် အထင်နှင့် သေနတ်များကို ပြင်လိုက်ကြသည်။

ကြားရစဉ်က ခြေသံများမှာ အများကြီးဖြစ်သော်လည်း တောထဲမှ ထွက်လာသူမှာ အမျိုးသမီးတစ်ယောက်တည်း ဖြစ်သည်။ ထိုအမျိုးသမီးမှာ ကုလားမတစ်ဦးဖြစ်ပြီး အသက်အရွယ်က နှစ်ဆယ်ကျော်ခန့်သာ ရှိသည်။

အနက်ရောင်ဆာလီကို တစ်ကိုယ်လုံး ပတ်ချုံထားပြီး တောစပ်မှာ ရပ်ကာ ဒေါက်တာမင်းထင်ကျော်ကို လှမ်းခေါ်လေသည်။

"ဆရာ. . . မသွားနဲ့၊ သူ့နောက်မှာ အန္တရာယ်တွေ ရှိနိုင်တယ်"

ဟု ကျော်စွာက သတိပေးသည်။

"မောင်ထင်ကျော်. . . ဒါဟာ သာမန်မိန်းကလေး မဟုတ်ဘူး၊ ဝိညာဉ်လောကသားတစ်ယောက် ဖြစ်နိုင်တယ်. . . သတိထား"

ဦးဇန်ကောင်းကလည်း ခပ်တိုးတိုး လှမ်းပြောသည်။

ထိုကုလားမကို မြင်သောအခါ သူတို့အဖွဲ့၌ ပါလာသော ကုလားများမှာ ဆောက်တည်ရာ မရလောက်အောင် ကြောက်နေကြလေသည်။

"နတ်ဘုရားမ. . . နတ်ဘုရားမ"

ဟု တတွတ်တွတ်နှင့် ရေရွတ်သူက ရေရွတ်နေသည်။ ထိုကုလားမကို မြင်ပြီး မကြောက်သူများမှာ ဒေါက်တာမင်းထင်





ကျော်အပါအဝင် မြန်မာလူမျိုးငါးယောက်သာ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုကုလားမ ရပ်နေသော တောစပ်သို့ လျှောက်သွားသည်။

အနီးသို့ ရောက်သောအခါမှ ထိုအမျိုးသမီးမှာ ချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း တွေ့ရလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"သင့်ကို ပြောစရာရှိလို့ပါ"

"ပြောပါ"

"သင်တို့လူတစ်ယောက် အဆိပ်သင့်နေတယ် မဟုတ်လား၊ အဲဒီအဆိပ်က သာမန်အဆိပ်မျိုး မဟုတ်ဘူး၊ ပင့်ကူနက်အဆိပ်ဆိုတော့ ကုစရာဆေး မရှိဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"သူ့အသက်ကို ကယ်နိုင်တာ တစ်နည်းပဲ ရှိတယ်၊ အဲဒါကတော့ ဟိမဝန္တာတောင်ထွတ်မှာ ရှိတဲ့ ကိုးဂျပါထရာဆိုတဲ့ သစ်ရွက်နဲ့ ကုမှ အသက်ရှင်မယ်"

"ဟိမဝန္တာမှာ ရှိတဲ့ သစ်ရွက်ကို ဘယ်လိုယူရမလဲ"

"ကျွန်ုပ်ယူပေးနိုင်ပါတယ်၊ ဒါပေမယ့် သင့်အနေနဲ့ ကျွန်ုပ်ကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘယ်လိုကတိမျိုးလဲ"

"သင်တို့ နတ်ဘုရားမရဲ့နဖူးမှာ မြှုပ်ထားတဲ့ ပတ္တမြားကို သူ့ရအောင် လာကြတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို ခင်ဗျားဘယ်လိုသိသလဲ"

"ဒီလောကမှာ ကျွန်ုပ်မသိနိုင်တဲ့အရာ ဘာမှမရှိဘူး။ ဟုတ်တယ် မဟုတ်ဘူးသာ ပြောပါလေ"

"ဟုတ်ပါတယ်. . ."

"အဲဒီပတ္တမြားကို အသုံးပြုပြီး ရတနာပစ္စည်းတွေ ရှာကြမှာရော အမှန်ပဲ မဟုတ်လား"

ငြင်းပယ်၍မရမှန်း သိသဖြင့် အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"မှန်ပါတယ်"

"သင့်အနေနဲ့ ကျွန်ုပ်ကို ကတိပေးရမှာက သင်တို့အလိုရှိတဲ့ပစ္စည်းတွေကို ရပြီးပါက ပတ္တမြားကို မူလနေရာရောက်အောင် ပြန်ပို့ပေးပါ့မယ်ဆိုတဲ့ကတိပါပဲ"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေရသည်။ ထိုအချိန်မှာပင် တဲအတွင်းမှ မြားထိထားသောကုလား၏အော်သံက နားမချမ်းသာဖွယ်ရာ အတိုင်းသား ကြားနေရသည်။

"ပတ္တမြားကိုရော အလွယ်တကူ ယူလို့ရနိုင်ပါ့မလား"

"အလွယ်တကူ မရနိုင်ပါ။ လူတွေရဲ့အသက်နဲ့ ရင်းပြီးမှ ရနိုင်ပါလိမ့်မယ်"

"တကယ်လို့ ပတ္တမြားကို ယူပြီး ပြန်မပို့ဘဲ ထားရင်ကော ဘယ်လိုအန္တရာယ်မျိုးတွေနဲ့ ကြုံနိုင်ပါသလဲ"

"သင်တို့တစ်ဖွဲ့သားလုံး တစ်ယောက်မကျန် မရဏလမ်းကို သွားကြရလိမ့်မယ်"





"ဒီလိုဆိုရင်လည်း ကျွန်တော့်အနေနဲ့ ပတ္တမြားကို အသုံးပြုပြီးပါက မူလနေရာရောက်အောင် ပြန်ပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"ကောင်းပြီ. . . သင့်ရဲ့သစ္စာတရားကို ကျွန်ုပ်ယုံကြည်ပါတယ်၊ တဲအတွင်းကသာ ခေတ္တစောင့်နေပါတော့၊ ဟိမဝန္တာဆေးရွက်ယူလာပြီးလျှင် ဆေးကုပေးရန်အတွက် ကျွန်ုပ်လာခဲ့ပါ့မယ်"

ဟု ပြောကာ တောထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော် ပြန်လာသောအခါ အဖွဲ့သားများက အကျိုးအကြောင်း ဝိုင်းမေးကြရာ ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

ထိုအခါ သူတို့နှင့်အတူ ပါလာသောကုလားများက ဒေါက်တာမင်းထင်ကျော်ကို ဝိုင်း၍ရှိခိုးကြလေသည်။

"ဘာလုပ်ကြတာလဲ"

"နတ်ဘုရားမနဲ့ အဆက်အသွယ် လုပ်နိုင်တဲ့သူဟာ နတ်ဘုရားမှလွဲပြီး အခြားသူ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့အသက်ကို စောင့်ရှောက်ပေးပါ"

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

ထိုအခြေအနေကြောင့် ဒေါက်တာမင်းထင်ကျော်ပင် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေရာ ဦးဇန်ကောင်းက အနားသို့ကပ်ကာ တိုးတိုးပြောလိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သူတို့အားလုံးက တန်ခိုးရှိတဲ့ သိဝနတ်ဘုရားလို့ ထင်နေကြတာ၊ သူတို့ စိတ်ချမ်းသာအောင် ဟန်မပျက်သာ နေပေးလိုက်ပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ဘာမှ မပြောဘဲ ရပ်နေလိုက်လေတော့သည်။





အခန်း (၉)

## နတ်ဘုရားဓနှင့် ဆန်းကြယ်မှုများ

ရှက်ဖျင်တဲအတွင်းမှာတော့ ဒဏ်ရာရထားသော ကုလား၏အော်သံက တဖြည်းဖြည်းနှင့် ပျောက်သွားချေပြီ။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သိနိုင်ရန် အနားကပ်ကြည့်ရန် ပြင်သောအခါ အနားကပ်၍ မရတော့ပေ။ ရေခဲတုံးတမျှ အေးစက်နေသော အအေးလှိုင်းတစ်ခုက ပတ်ဝန်းကျင်၌ ဖုံးလွှမ်းနေရာ အနားကပ်လိုက်သည်နှင့် ကျောထဲမှ စိမ့်တက်လာကာ ရှေ့သို့ တိုးမရတော့ပေ။ မြားဆိပ်ထိထားသော ကုလားမှာလည်း မလှုပ်မယှက်နှင့် တောင့်တောင့်ကြီး ဖြစ်နေလေသည်။

ကုလားအဖော်များကတော့ သူတို့ကုလားလူမျိုးတို့၏



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း နောက်တစ်နေ့နံနက်လင်းသည်နှင့် မြေမြှုပ်သင်္ဂြိုဟ်ရန် တိုင်ပင်နေကြလေသည်။

အပြင်ဘက်၌မူ အမှောင်ထုက ကြီးစိုးနေဆဲပင်။

အပြင်ဘက်၌မူ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

တစ်ခါတစ်ရံ လေတိုးလိုက်တိုင်း သစ်ပင်သစ်ရွက်များ ဝေါကနဲ ဝေါကနဲ လှုပ်ခတ်သွားသံများမှာ မကောင်းဆိုးဝါးများ အော်ဟစ်နေသံများသဖွယ် ချောက်ချားဖွယ်ကောင်းလှသည်။

တောစပ်၌ ပြောသွားသော အမျိုးသမီး၏စကားများသည် အမှန်အတိုင်းမှ ဟုတ်ပါလေစ။

တောနက်ထဲမှာဆိုတော့ နာနာဘာဝများ၊ ကျတ်များ၊ ပရလောကသားများက ဖန်ဆင်း၍များ လာရောက်လှည့်စားသွားလေရော့သလားဟု စိတ်ထဲမှ တွေးနေမိသည်။

သို့ကြောင့် တဲအပြင်သို့ ထွက်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

အတန်ကြာသောအခါ တောစပ်ဘက်မှ လျှောက်လာသောခြေသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအချိန်မှာ အမှောင်ထုကလည်း ရှိနေပြီး မြူနှင်းများကလည်း တဖွဲဖွဲ ကျဆင်းနေသောကြောင့် သဲသဲကွဲကွဲ မမြင်ရချေ။

သူရပ်နေရာသို့ လာနေသော သဏ္ဌာန်တစ်ခုကိုတော့ ဝိုးတဝါး လှမ်းမြင်ရသည်။

ခဏကြာသောအခါ တောစပ်မှ လျှောက်လာသောသူ





၏ပုံသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်လာရလေသည်။

တခြားမဟုတ်ပေ။

စောစောက အမျိုးသမီးပင်ဖြစ်လေသည်။

"ခင်ဗျားပြန်လာပြီလား"

အမျိုးသမီးက ခေါင်းညိတ်ပြပြီး လက်ထဲမှာ ကိုင်လာသော သစ်ရွက်နှစ်ရွက်ကို ပြသည်။

သစ်ရွက်နှစ်ရွက်၌ နှင်းသားများ ခဲနေလေသည်။

"တဲထဲက လူမမာကို ဝင်ကြည့်ကြစို့"

"သူက လူမမာ မဟုတ်တော့ဘူး . . . သေသွားပါပြီ"

ထိုစကားကြောင့် အမျိုးသမီးက ပြုံးလိုက်သည်။

"သူမသေသေးပါဘူး . . . သူ့ဝိညာဉ်က သင့်အနားမှာ ရှိပါသေးတယ်၊ သင်က သူ့ကို ဆေးကုပေးလိုက်ရင် သူပြန်ပြီး ကောင်းလာမှာပါ၊ အခု သူသတိလစ်ပြီး မိန်းမောနေတာပါ"

"သူပြန်ကောင်းလာအောင် ဘယ်လိုကုပေးရမလဲ"

"ကျွန်ုပ်ယူလာတဲ့ ကိုးဂျပါထရာသစ်ရွက်နဲ့ ကုပေးရင် ပြန်ကောင်းလာမှာပါ"

ထိုသို့ပြောပြီး တဲအတွင်းသို့ ပြန်ဝင်လာရာ အမျိုးသမီးလည်း ဝင်လိုက်လာသည်။

သူ့ကို မြင်သောအခါ ကုလားများက အဝေးမှာ သွားကြသောကြောင့် တဲပတ်ဝန်းကျင်၌ ဒေါက်တာမင်းထင်ကျော် တစ်ယောက်သာ ရှိလေသည်။

အမျိုးသမီးက တောင့်တောင့်ကြီး ဖြစ်နေပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ယူနာအနီးသို့ ကပ်က၊ လက်ဖြင့် အပေါ်မှ စမ်းသပ်သည်။

ထို့နောက် မြားချက်ထိထားသော ဒဏ်ရာပေါ်သို့ သစ်ရွက်တစ်ရွက် အုပ်တင်လိုက်သည်။

"နွားနို့ရှိရင် တစ်ခွက်ပေးပါ"

"နွားနို့မရှိပါဘူး. . . နို့ဆီကို ရေနွေးနဲ့ ဖျော်ရင်တော့ နွားနို့ရနိုင်ပါတယ်"

"ယူလာခဲ့ပါ"

ဟု ပြောသဖြင့် ကျော်စွာက နို့ဆီတစ်ဘူးကို ဖောက်၍ ရေနွေးဖြင့် ဖျော်ယူလာသည်။

အမျိုးသမီးက နွားနို့ရသောအခါ ဒဏ်ရာပေါ်မှာ အုပ်ထားသော သစ်ရွက်ကို ယူ၍ နွားနို့ခွက်ထဲ ထည့်လိုက်သည်။

ချက်ချင်းဆိုသလိုပင် အဖြူရောင်နွားနို့များမှာ အညိုရောင်မှ အမည်းရောင် ပြောင်းသွားလေတော့သည်။

အမျိုးသမီးက သစ်ရွက်ကို ဒဏ်ရာပေါ် အုပ်လိုက် နွားနို့ထဲ ထည့်လိုက်နှင့် အကြိမ်ကြိမ် ပြုလုပ်ရာ နွားနို့ခွက်မှာ အမည်းရောင် ဖြစ်သွားသောအခါ စောစောက မြားဆိပ်တက် နေသော ကုလား၏အသားမှာ မူလအသားရောင် ဖြစ်လာ ပတ်ဝန်းကျင်မှ အအေးလှိုင်းကြီးမှာလည်း လျော့ပါးသွား သည်။

သို့တိုင်အောင် ကုလားမှာ မလှုပ်နိုင်သေးပေ။

"သူ့ကိုယ်ထဲမှာ အဆိပ်မရှိတော့ပါဘူး၊ ဒါပေမယ့် သူ့ ဝိညာဉ်က အဝေးမှာ ရောက်နေတယ်၊ ဝိညာဉ်ကြီး မပြတ်သေး





တော့ ပြန်ခေါ်လို့ရနိုင်ပါတယ်"

"ဘယ်လိုလုပ်ရမလဲ"

"ကျွန်ုပ်ပြန်ခေါ်ပေးပါ့မယ်"

ဟု ပြောကာ နေရာမှ ထရပ်လိုက်ပြီး မျက်စိကို မှိတ်၍ လက်နှစ်ဖက်ကို ဆန့်တန်းကာ တစ်စုံတစ်ခုကို ရေရွတ်နေလေ သည်။

နာရီဝက်ခန့် ကြာသောအခါ ငြိမ်သက်နေသောကုလား ၏ရင်ညွန့်နေရာမှ ပြန်လည်လှုပ်ရှားလာသည်။

ထိုအခြေအနေကို မြင်သောအခါ ဒေါက်တာမင်းထင် ကျော်တို့မှာ များစွာဝမ်းသာသွားကြသည်။

တဆင့်စကားကြားပြီး အခြားနေရာ၌ ရှောင်ပုန်းနေကြ သော ကုလားများလည်း ဝမ်းသာမှုဖြင့် ပျော်ရွှင်အားတက်သွား ကြလေသည်။

အတန်ကြာလျှင် ကုလားမှာ သတိမရသေးသော်လည်း အသက်မှန်မှန်ရှူလျက် အိပ်ပျော်နေသောအဆင့်သို့ ရောက် သောအခါ အမျိုးသမီးက တဲအပြင်သို့ ပြန်ထွက်သွားလေရာ ဒေါက်တာမင်းထင်ကျော်ကလည်း နောက်မှ လိုက်သွားလေ သည်။

အပြင်ဘက်မှာ နှင်းတွေက ကျနေဆဲပင်။

အမျိုးသမီးက တောစပ်၌ ရပ်နေသည်။

"စောစောက မြားဆိပ်တက်ပြီး သေသွားတဲ့လူကို အသက်ပြန်သွင်းလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အသက်သွင်းတာ မဟုတ်ပါဘူး၊ အဝေးရောက်နေတဲ့ သူ့ဝိညာဉ်ကို ပြန်ခေါ်ပေးလိုက်တာပါ"

"ဒါဖြင့် သူမသေနိုင်တော့ဘူးပေါ့"

"သူ့ရဲ့ဝိညာဉ်က သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ပြန်ဝင်နေဖို့ သဘောတူပြီး ပြန်လာမှတော့ သူအသက်ပြန်ရှင်မှာပေါ့၊ တကယ်လို့ ဝိညာဉ်က လက်မခံဘဲ တစ်နေရာကို အပြီးထွက်သွားရင်သာ သူ့ရဲ့ခန္ဓာ ပျက်စီးသွားမှာပါ"

"အခုလို လာပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး၊ သင်ပေးထားတဲ့ကတိအတိုင်း ဆောင်ရွက်ပေးရင် ကျေနပ်ပါပြီ"

"ဒီအတွက် မပူပါနဲ့၊ ကတိအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

ထိုအခါ အမျိုးသမီးက တစ်ချက်ပြုံးလိုက်ပြီး လက်ထဲမှာ ကိုင်လာသော သစ်ရွက်နှစ်ရွက်ကို ဒေါက်တာမင်းထင်ကျော်အား ပေးလိုက်သည်။

"ဒီသစ်ရွက်နှစ်ရွက်ကို သင်ယူထားပါ၊ အကြောင်းရှိ… အခါ ဒီသစ်ရွက်နှစ်ရွက်က သင်ရဲ့အသက်ကို ကယ်တင်ပေး… လိမ့်မည်"

ဟု ပြောကာ တောထဲသို့ ပြန်ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ အတန်ကြာအောင် … နေရာ၌ ရပ်နေပြီးမှ တဲအတွင်းသို့ ပြန်ဝင်လာသည်။





ထိုအခါ စောစောက အိပ်ပျော်နေသောကုလားမှာ အိပ်ယာမှ နိုးနေလေပြီ။

သူသည် ဇဝေဇဝါနှင့် ပတ်ဝန်းကျင်မှ လူများကို လိုက်လံကြည့်ရှုနေလေသည်။

"မင်းသတိရပြီမဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။

"စောစောက ဘယ်လိုဖြစ်သလဲ ပြောပြပါဦး"

"ကျွန်တော့်ကို မြွေမှန်ပြီး သတိလစ်သွားလိုက်တာ၊ ဟိုးအဝေးကြီးကို ရောက်သွားတယ်၊ ကျွန်တော်က ရှေ့ကို ဆက်သွားဖို့ ပြင်နေတုန်း လက်တွေ အများကြီးရှိတဲ့ နတ်ဘုရားမ ရောက်လာပြီး အတင်းပြန်ခေါ်လာလို့ ဒီနေရာကို ပြန်ရောက်လာတာ"

ဟု ပြောပြလေသည်။

ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်ထံမှ သစ်ရွက်နှစ်ရွက်ကို တောင်း၍ အသေအချာ ကြည့်လေသည်။

"ကျုပ်လည်း တောတောင်အနှံ့ သွားလာဖူးပါတယ်၊ ဟိမဝန္တာပေါ်ကိုလည်း မကြာခဏ ရောက်ခဲ့ဖူးပါတယ်၊ ဒီသစ်ရွက်မျိုးတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ကြည့်ရတာတော့ အလွန်အေးတဲ့နေရာမျိုးမှာ ပေါက်တဲ့ သစ်ရွက်အမျိုးအစားဖြစ်ရမယ်"

"သူပြောသွားတာကတော့ ဟိမဝန္တာက သွားယူလာခဲ့တယ်လို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လေ့လာမိသလောက် ပြောရရင် ဒီသစ်ရွက်ရဲ့ အရောင်အဆင်း၊ အနံ့ကို လေ့လာကြည့်တဲ့အခါ ဒီသစ်ရွက်ဟာ အဆိပ်ကို နိုင်သလို အတော့်ကို အဆိပ်ပြင်းမယ့် လက္ခဏာမျိုး တွေ့ရတယ်၊ အသုံးပြုတဲ့အခါ မမှားဖို့တော့ သတိထားပေတော့ မောင်ထင်ကျော်ရေ"

ဟု ပြောလေသည်။

ထိုအချိန်မှာ အပြင်ဘက်၌ အာရုဏ်တက်လာပြီ ဖြစ်သောကြောင့် အရုဏ်ဦး အလင်းရောင်များလည်း တောပေါ်သို့ ကျော်တက်လာချေပြီ။

ကုလားတစ်ယောက်က လက်ဖက်ခြောက်များများ ခပ်ထားသော လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ကောက်ညှင်းပေါင်း တစ်ပန်းကန် လာပို့ပေးသဖြင့် ဝမ်းဗိုက်ဟာဟာနဲ့ စကားပြောရင်း စားကြလေသည်။

"ဒါထက် စကားမစပ် မေးရဦးမယ်၊ စောစောက မောင်ထင်ကျော်ဆီ ရောက်လာပြီး အကူအညီပေးသွားတာ နတ်ဘုရားမ မဟုတ်လား"

"ဒီနေရာမှာ သူပဲ ရှိမှာပေါ့"

"ဒီနယ်က ကုလားတွေက သူ့ကို သိပ်ကြောက်ပုံရကြတယ်၊ အဲဒါ ဘာကြောင့်လဲဟင်"

"ဒါကတော့ ကိုးကွယ်မှုဆိုင်ရာ အယူအဆ ကွဲလွဲမှုတွေလို့ပဲလို့ ဆိုရမှာပဲ၊ အိန္ဒိယပြည်မှာ လူမျိုးအသီးသီးတွေထဲမှာ တောင် နတ်ဘုရားအမျိုးအစား အတော်များများကို ကိုးကွယ်ကြ





သူတွေ ရှိကြတယ်၊ အိန္ဒိယလူမျိုးချင်း တူပေမယ့် တစ်ယောက်နဲ့ တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့ ကိုးကွယ်တဲ့ နတ်ဘုရားချင်း မတူကြဘူး"

"ဟုတ်ပါတယ်"

"အချို့နတ်ဘုရားတွေက ကောင်းကျိုးသက်သက်ပေးတယ်၊ အချို့နတ်ဘုရားတွေက ဆိုးကျိုးကို ပေးလေ့ရှိတယ်"

"ဆိုးကျိုးပေးတဲ့နတ်ကို ဘယ်လိုလူတွေက ယုံကြည်ကိုးကွယ်ကြသလဲ"

"လျှို့ဝှက်ဖွဲ့စည်းထားတဲ့ လူဆိုးအဖွဲ့တွေ၊ မကောင်းတဲ့ မိစ္ဆာဂိုဏ်းတွေက အမှောင်၏မိခင်လို့ အမိပွါယ်ရတဲ့နတ်ဘုရားမကို ယုံကြည်ကိုးကွယ်ကြတယ်၊ သူတို့ မကောင်းမှုလုပ်တာတွေကို နတ်ဘုရားမက စောင့်ရှောက်ကာကွယ်ပေးတယ်လို့ ယုံကြည်ကြတယ်"

"အင်း. . . ကြောက်စရာကောင်းတဲ့ အယူအဆပဲ"

"နတ်ဘုရားမကို ကိုးကွယ်တဲ့ လူတစ်စု၊ ဒါမှမဟုတ် ဂိုဏ်းတစ်ခုရဲ့ဂိုဏ်းသားတွေဟာ အနည်းဆုံးတော့ လူတစ်ယောက်ကို ဒုက္ခပေးဖူးရမယ်၊ ဒုက္ခများများပေးနိုင်လေ အရည်အချင်း ပြည့်ဝလေလေလို့ ယုံကြည်ကြတယ်"

"ကြောက်စရာပါလား"

"အဲဒီလို လုပ်တဲ့အခါတွေမှာလည်း ကိုယ့်သဘောနဲ့ ကိုယ် လုပ်လို့မရဘူး၊ နတ်ဘုရားမရဲ့ညွှန်ကြားချက်အတိုင်းဆောင်ရွက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီကာ အောက်ပါအကြောင်းများကို ပြောပြလေသည်။

ရှေးဟောင်းအိန္ဒိယသမိုင်းကြောင်းများထဲတွင် နတ်ဘုရားမသည် ရှီဗာ(သိဝ)နတ်မင်း၏မိဖုရားတစ်ပါး ဖြစ်ကာ ရက်စက်ကြမ်းကြုတ်သူတစ်ဦးဖြစ်သည်။

လူ့အသက်ကို သတ်ရမှ ကျေနပ်နှစ်သက်သူဖြစ်သည်။

နတ်ဘုရားမ၏တစ်ခုသောရည်ရွယ်ချက်မှာ လူသားအားလုံး အသက်သေဆုံး၍ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားရန်ပင်ဖြစ်ပေသည်။

သို့စေကာမူ ၎င်းအား ယုံကြည်ကိုးကွယ်သူနှင့် သူစေခိုင်းသမျှ လုပ်ပေးနိုင်သူကိုတော့ ခွင့်လွှတ်သနားပေး၏။

၎င်းဆန္ဒအတိုင်း အလိုရှိရာကို ဆောင်ရွက်ပေးသူသည် အနည်းဆုံး လူတစ်ယောက်၊ ဒါမှမဟုတ် လူများစွာ၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ဖူးသူဖြစ်ရပေမည်။

ဒါမှ သူ၏တပည့်သားသမီးဖြစ်သည်ဟု ယုံကြည်လက်ခံထားလေသည်။ လူတစ်ယောက်ကို သတ်ဖြတ်ပြီး နတ်ဘုရား၏ရုပ်တုမျက်နှာပေါ်၌ ကျေနပ်မှု အရိပ်အယောင်များ သိသိသာသာ ပေါ်လွင်နေတတ်သည်ဟု ယုံကြည်ကြသည်။

နတ်ဘုရားမကို ကိုးကွယ်သော ဂိုဏ်းသားများသည် လူသတ်မှုများကို မကျူးလွန်မီ သက်ဆိုင်ရာအစီအမံများကို လိုက်နာဆောင်ရွက်ကြရသေးသည်။

လူသတ်သောအခါမှာလည်း မိမိတို့ သတ်ချင်သ





သတ်ခွင့်မရဘဲ သတ်မှတ်ချက်အတိုင်းသာ သတ်ရလေသည်။

ထိုအထဲတွင် ခဝါသည်များ၊ ဂီတသမားများ၊ ထီရောင်းသူ၊ ကုဋ္ဌနူနာ စွဲကပ်နေသူနှင့် ခြေလက်အင်္ဂါ မသန်စွမ်းသူများကို မသတ်ရပေ။

ထို့ပြင် မိန်းမသားများကိုလည်း သတ်ခွင့်မရှိပေ။

နတ်ဘုရားမသည် မိန်းမသားအချင်းချင်း စောင့်ရှောက်ပေးသည်ဟူသော အယူအဆကြောင့် ဖြစ်သည်။

လျှို့ဝှက်ဂိုဏ်းသားတစ်ဦးဦးသည် လူသတ်မှုတစ်ခုခုကို ကျူးလွန်တော့မည်ဆိုလျှင် နတ်ဘုရားမကို ပူဇော်ပသမှု ပြုရလေသည်။ ကြေးဝါဖြင့်သော်လည်းကောင်း၊ ငွေသားဖြင့်သော်လည်းကောင်း (အချို့ကလည်း ရွှေသားဖြင့် ပြုလုပ်ထားသည်) ပြုလုပ်ထားသော နတ်ဘုရားမရုပ်တုကို လျှို့ဝှက်စွာ ယူဆောင်၍ ယဇ်ပလ္လင်ပေါ်သို့ တင်ရသည်။

ယဇ်ပလ္လင် ထားသောနေရာမှာလည်း ဘယ်သူမှ မသိနိုင်သော လျှို့ဝှက်နေရာ၌ ထားလေသည်။

ရုပ်တုနံဘေးမှာလည်း ပုတ်သင်ညိုတစ်ကောင်နှင့် မြွေတစ်ကောင်ကိုပါ တင်ပေးထားရလေသည်။

ယဇ်ပလ္လင်ပေါ် တင်ပြီးသောအခါ ပန်းများဖြင့် ပစ်ခေါက် ပူဇော်ခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်း၊ မုန့်၊ သစ်သီးများဖြင့် ပူဇော်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် အသင့်ရှာဖွေထားသော သိုးတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ယဇ်ပလ္လင်ရှေ့သို့ ယူဆောင်လာပြီး သတ်ဖြတ်လိုက်ကြသည်။

သတ်ပြီးသည်နှင့် အကြီးအကဲတစ်ယောက်က ပူသော ဆေးဖျော်ရည်အချို့ကို ယူဆောင်လာကာ သိုးသေ၏ပါးစပ်တွင်းသို့ လောင်းထည့်လိုက်လေသည်။

အကယ်၍ သိုးပါးစပ်မှာ ရွဲ့သွားသည်၊ တွန့်သွားသည်ဆိုလျှင် နတ်ဘုရားမသည် ၎င်းတို့ ဆောင်ရွက်မည့် လူသတ်မှုကိစ္စအား ကောင်းချီးပေး လက်ခံသည်ဟု သတ်မှတ်ကြသည်။

ထိုသို့မဖြစ်ပါက ၎င်းတို့ ဆောင်ရွက်မည့်ကိစ္စကို ထောက်ခံမှုမပေးဟု ယူဆကာ အစီအစဉ်ကို ဖျက်သိမ်းလေ့ရှိကြသည်။

နတ်ဘုရား ကိုးကွယ်သူများ၊ ဂိုဏ်းမှ လူသတ်သမားများသည် လူသတ်ရာတွင် သတ်မှတ်ထားချက်အတိုင်းသာ စနစ်တကျ သတ်ကြရလေသည်။

၎င်းတို့ သတ်သောလူ၏သွေး မြေသို့ တစ်စက်မှ မကျစေရပေ။

သွေးတစ်စက်မှ မကျဘဲ သေဆုံးစေသောနည်းမှာ လည်မျိုညှစ်သတ်ခြင်းပင်ဖြစ်သည်။

သို့ကြောင့် ထိုဂိုဏ်းသားများက လူသတ်မှု ကျူးလွန်ရာတွင် အနည်းဆုံး လူနှစ်ယောက်တော့ ပါရသည်။

တစ်ဦးက ပုဝါစဖြစ်စေ၊ ကြိုးစဖြစ်စေ သတ်မည့်သူ၏ လည်ပင်းပေါ်သို့ ရစ်ပတ်လိုက်သည်နှင့် ကျန်တစ်ယောက်က တစ်ဖက်စကို အလျှင်အမြန် ဆွဲကာ တင်းကျပ်စွာ ဆွဲယူလိုက်





ခြင်းဖြစ်၏။ အသတ်ခံရသူမှာ လည်ပင်းအစ်ကာ ရုတ်တရက် သေဆုံးသွားရလေသည်။ ထို့နောက် အသင့်ဆောင်ယူလာသော တူရွင်းပေါက်ပြားများကို အသုံးပြု၍ အလောင်းကို မြေမြှုပ်ကာ အစဖျောက်လိုက်ကြသည်။ ၎င်းတို့ လုပ်ကိုင်ပုံမှာ သေသပ်စနစ်ကျလှသောကြောင့် စုံထောက်နှင့် ပုလိပ်များပင် ခြေရာခံမိရန် မလွယ်ကူကြပေ။

ရှေးအခါက အိန္ဒိယနိုင်ငံ အနှံ့အပြားတွင် ကာလီနတ်ဘုရားမကို ယုံကြည်ကိုးကွယ်မှုဖြင့် လူများစွာ သတ်ဖြတ်သုတ်သင်ကြသော ဂိုဏ်းသားများစွာ ရှိကြလေသည်။

၎င်းတို့သည် မြို့ရွာတိုင်း၌ အနှံ့အပြား ရှိနေကြသော်သည်း လူသတ်ရာ၌ ပိရိသေသပ်လှသောကြောင့် တစ်ရပ်ကွက်သည်း အတူနေကြသည့် အိမ်နီးချင်းများကပင် မရိပ်မိကြချေ။ ၎င်းတို့သည် ယုံကြည်ကိုးကွယ်မှုအရ လူသတ်ရာတွင် ရက်ရက်စက် သတ်ဖြတ်ကြသော်လည်း အခြားအချိန်များတွင် ငြိမ်ရရ နေထိုင်ကြသောကြောင့် မရိပ်မိကြခြင်းဖြစ်ပေသည်။

အိန္ဒိယနိုင်ငံကို ဗြိတိသျှများ အုပ်စိုးစဉ်ကာလ၌ ဗြိတိ စုံထောက်များက လူသတ်တရားခံများကို ဖမ်းမိနိုင်ရန် င်းအထန် ကြိုးစားကြသော်လည်း လူသတ်သမားများမှာ သည့်ဂိုဏ်းမှ ဖြစ်သည်ကို မရိပ်မိခဲ့ကြချေ။

နောက်ဆုံးတော့ ထိုဂိုဏ်းသားများမှာ မိန်းမများကို မသတ်သောအချက်ကို ခြေရာကောက်မိရာမှ လူသတ် များသည် နတ်ဘုရားမကို ကိုးကွယ်သူတွေ ဖြစ်ရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စရော ကောက်ချက်ချနိုင်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် ၎င်းတို့ကို စစ်ဆေးမှုများ စတင်ပြုလုပ်လာလေသည်။ (၁၇၉၉)ခုနှစ်တွင် လျှို့ဝှက်ဂိုဏ်းသားများသည် ဘန်လာလောအရပ်သို့ ကိုယ်ယောင်ဖျောက်ကာ ထွက်ပြေးသွားကြသည်။

(၁၈၂၆)ခုနှစ်လောက်တွင် သက်ဆိုင်ရာ စုံထောက်ဖက် အရာရှိများ၏အစီရင်ခံစာအရ လူသတ်ကောင် တစ်သောင်းခန့်ကို ဖော်ထုတ်မိပြီဖြစ်ပြီး တစ်ဦးလျှင် အနည်းဆုံး လူသတ်မှုသုံးခုထက်မနည်း ကျူးလွန်ခဲ့ဖူးသူများ ဖြစ်ကြလေသည်။

လပ်(ခ်)နောင်းမြို့တွင် လူသတ်ကောင်တစ်ယောက်သည် ကြိုးပေးခံရအံ့ဆဲဆဲတွင် သူသည် လူပေါင်းများစွာ သတ်ဖြတ်ခဲ့ပြီးကြောင်း အစစ်ခံသွားလေသည်။

ထိုသူသည် ကြိုးစင်တက်ခါနီးမှာပင်. . .

"သူသည် လူပေါင်းများစွာတို့ သတ်၍ နတ်ဘုရားမကို ပူဇော်ခဲ့ပြီးဖြစ်သဖြင့် သူ့အတွက် တမလွန်ဘုံ ရောက်သောအခါ နတ်ဘုရားမ၏ကောင်းချီးပေးခြင်းကို ခံရတော့မှာ သေချာသဖြင့် ယခုကဲ့သို့ သေရတော့မှာကို ဝမ်းမြောက်မိကြောင်း"

ရယ်မော၍ပြောပြသွားလေသည်။

အခြားသော တရားခံတစ်ဦးမှာမူ အသက်ရှစ်ဆယ်ကျော်အရွယ်ခန့် ရှိပြီး သူ့ဘဝတလျှောက်တွင် လူပေါင်းများစွာ သတ်ဖြတ်နိုင်ခဲ့သဖြင့် နတ်ဘုရားမ၏ ကောင်းချီးပေးခြင်း၏ အပြည့်အဝ ရရှိတော့မှာဖြစ်သောကြောင့် ကျေနပ်ပျော်ရွှ





မိသည်ဟု ပြောပြသွားသည်။

(၁၈၃၅)ခုနှစ်နောက်ပိုင်းမှာတော့ ဂိုဏ်းသား(၁၅၀၀)ခန့်ကို ဖမ်းဆီးထောင်ချနိုင်ခဲ့ပြီး (၃၈၂)ယောက်ကို လူသတ်မှုများဖြင့် ကြိုးပေးလိုက်ခဲ့ပြီးနောက်ပိုင်းတွင် လျှို့ဝှက်ဂိုဏ်းမှာ တဖြည်းဖြည်းနှင့် မှေးမှိန်သွားခဲ့လေတော့သည်။

"မောင်ထင်ကျော် ပြောသလိုဆိုရင် နတ်ဘုရားမကို ကိုးကွယ်တဲ့ လျှို့ဝှက်ဂိုဏ်းဟာ အတော်ကြောက်စရာကောင်းတာပဲ"

"ဟုတ်တယ် အဘ၊ အဲဒီခေတ်အခါတုန်းဆိုရင် အိန္ဒိယမှာ နေတဲ့လူတွေဟာ ဘယ်အချိန် အသတ်ခံရမလဲ၊ ကိုယ့်အလှည့်ရောက်မလဲလို့ ရင်တထိတ်ထိတ်နဲ့ နေကြရတဲ့အချိန်မျိုးပေါ့"

"ဒါဖြင့် နတ်ဘုရားမကို သွေးဆာနေတဲ့ နတ်ဘုရားမလို့ အမည်တပ်ရမှာပေါ့၊ ဒါပေမယ့် အခုကျတော့လည်း ကျုပ်တို့ကို အကူအညီလာပေးနေပြန်ပြီ၊ ဒါက ဘယ်လိုသဘောမျိုးလဲ"

ဟု ဦးဝန်ကောင်းက မေးသည်။

"ဒါကတော့ ကျွန်တော်လည်း မသိဘူး၊ ကျွန်တော်ထင်တာကတော့ သူဟာ လူတွေရဲ့အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်တာကို သဘောကျတယ်ဆိုပေမယ့် ဒုက္ခရောက်နေတဲ့ လူတွေကိုလည်း ကယ်တင်ပေးသလားမှ မသိတာ၊ နောက်တစ်ခုက ပတ္တမြားကိစ္စနဲ့လည်း အမိက ပတ်သက်မယ် ထင်တာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . သူ့အတွက်ကြောင့် တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက် အသက်အန္တရာယ်က ကင်းလွတ်တာကတော့ ကျေးဇူးတင်ရမယ်ဟေ့၊ ဒါထက် တို့ ဒီနေရာကနေ ဘယ်တော့ ခရီးဆက်ကြမလဲ"

"ဒီကနေ အစီအစဉ်တွေ လုပ်ပြီး မနက်ဖြန်တော့ မရဏတောင်ကြားလမ်းကို ဖြတ်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြကာ ဒေါက်တာမင်းထင်ကျော်က သူပြုလုပ်မည့်အစီအစဉ်များကို ဦးပန်ကောင်းအား ပြောပြလေသည်။





အခန်း (၁၀)

# တောနက်အတွင်းမှ အန္တရာယ်များ

မရဏတောင်ကြားမှ ဖြတ်သွားရန်အတွက် အပေါ်မှ ကျလာမည့် အဆိပ်ရည်များကို အကာအကွယ် ရနိုင်ရန်အတွက် ထမင်းစားရန်အတွက် ထည့်ယူလာသော ကြေးလင်ပန်းများကို ဆောင်းကြည့်တော့ ပြည့်စုံအောင် မရပေ။

သို့ကြောင့် တောထဲသို့ ဝင်ကာ သစ်ပင်ကြီးများ၏ ကပျဉ်းပြားများကို လွှဖြင့် ဖြတ်ယူကြလေသည်။

သစ်ကပျဉ်းပြားများမှာ ထုထည်လက်နှစ်သစ်၊ လက်[illegible]သစ်ခန့်သာ ရှိပြီး အချို့သစ်ကပျဉ်းပြားများမှာ လက်တစ်ထွာခန့် အပြားဝိုင်း ရှိလေသည်။

သစ်ပင်ကြီးများတိုင်း၏အောက်ခြေ၌ သစ်ကပျဉ်းပြား



www.burmeseclassic.com

www.burmeseclassic.com



များ ရှိသည်က များလေရာ အချပ်နှစ်ဆယ်စာခန့် ရှာဖွေ၍ ဖြတ်တောက်ကြရလေသည်။

"လူရိုင်းတွေက တောင်ကြားလမ်းက ဖြတ်လာတဲ့အခါ သူတို့ဆီမှာ ပါလာတဲ့ဒိုင်းတွေကို ခေါင်းပေါ်မှာ အုပ်လာကြတော့ အပေါ်က ပင့်ကူအဆိပ်ရည်တွေ ကျရင်လည်း အရေးစိုက်စရာ မလိုတော့ဘူးပေါ့၊ ကျွန်တော်တို့ကတော့ သစ်ကပျဉ်းတွေကိုပဲ အကာအကွယ်လုပ်ပြီး ဖြတ်ရမှာပဲ"

ဟု ပြောဆိုကာ သစ်ကပျဉ်းပြားများကို တစ်ကိုယ်စာလုံအောင် ဖြတ်တောက်ကြရလေသည်။

ထိုနေ့တစ်နေ့လုံး သစ်ကပျဉ်းများ လိုက်လံရှာဖွေ၍ ဖြတ်တောက်ကြပြီး ညအချိန်ရောက်သောအခါ အဖွဲ့လိုက် သတိဝီရိယ ထား၍ ကင်းစောင့်ကြလေသည်။

သို့သော် ထိုညအဖို့တော့ လူရိုင်းများက အနှောင့်အယှက် လာမပေးကြတော့ပေ။

သို့ကြောင့် နောက်တစ်နေ့ နံနက်စောစော၌ အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ကြပြီး မရဏာတောင်ကြားလမ်းမှာ ဖြတ်ကြရန် ပြင်ဆင်ကြသည်။

ဦးစွာ ပစ္စည်းများ ထည့်ထားသောအိတ်များကို လူတစ်ကိုယ်စာစီ သယ်ယူကြပြီး လက်တစ်ဖက်က သေနတ်ကို ကိုင်၍ ကျန်လက်တစ်ဖက်က သစ်ကပျဉ်းပြားများကို ဦးခေါင်းပေါ် တင်ကာ ကိုင်ထားကြသည်။

ကုလားများကတော့ လက်နက်အဖြစ် ဓါးကောက်နှင့်





လှံရှည်များကို ကိုင်ကြသည်။

"မရဏာတောင်ကြားထဲ ရောက်တာနဲ့ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် စကားမပြောကြပါနဲ့၊ အပေါ်ကို မော့ကြည့်ကြပြီး ခြေလှမ်းသွက်သွက်နဲ့ ဖြတ်ကြမယ်၊ တစ်ယောက်ယောက်က အန္တရာယ်နဲ့ တွေ့သွားရင် ကျန်တဲ့လူတွေက ကယ်နိုင်ရင်ကယ်မယ်၊ မကယ်နိုင်ရင် ကျွန်တော်ပဲ ဖြစ်နေပါစေ၊ ဒီအတိုင်းထားခဲ့ပြီး တစ်ဖက်ကို ရောက်အောင် အမြန်သွားကြရမယ်၊ မရဏာတောင်ကြားလမ်းထဲမှာ အချိန်နည်းနည်းကလေးမှ သင့်လို့မရဘူး၊ နည်းနည်းလေး ဆိုင်းလိုက်တာနဲ့ အပေါ်က ပင့်ကူတွေ ဆင်းလာလို့ ဝိုင်းမိသွားရင် ဘယ်သူမှ လွတ်မှာမဟုတ်ဘူး"

ဟု ပြောပြရာ အားလုံးကလည်း လက်ခံကြလေသည်။ သို့ကြောင့် နှစ်ယောက်တစ်တွဲစီတွဲ စတင်ဖြတ်ကြလေသည်။

ဂူလမ်းအကျယ်မှာ ပေနှစ်ဆယ်ခန့် ရှိသောကြောင့် လူနှစ်ယောက် ယှဉ်တွဲ၍ ကောင်းစွာသွားနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာက ရှေ့ဆုံးမှ ... ၍ ခပ်သုတ်သုတ် သွားကြလေသည်။

နောက်မှ အဖွဲ့သားများကလည်း ကိုယ့်လူနှင့်ကိုယ် ...ကာ လိုက်လာကြလေသည်။

အတွင်းဘက်သို့ ရောက်သောအခါ အပေါ်ဘက်၌ ...ောင်လန်းကိုင်းများက လက်ယှက်မိုးနေသောနေရာအချို့မှ ...ရှားမှုအချို့ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပင့်ကူအိမ်များက ထူထပ်စွာ ရှိနေသော ကြောင့် သဲသဲကွဲကွဲတော့ မရှိလှချေ။

ခြေလှမ်းကို ခပ်သုတ်သုတ် သွားလိုသော်လည်း ခြေ ပေါ်တွင် ပြန့်ကျဲနေသော အရိုးစုများကြောင့် ထင်သလောက် ခရီးမပေါက်လှပေ။

ထိုအခိုက်မှာပင် အပေါ်ဘက်မှ အသံများ ကြားလာရ သည်။

"ကျလိ. . . ကျလိ. . . ကျလိ"

ထိုအသံများမှာ တစ်နေရာမှတစ်နေရာသို့ ဆက်ကာ ဆက်ကာ ပေါ်လာရုံမက ကျောက်ကမ်းပါးနံရံများမှ ပဲ့တင်ရိုက် ခတ်မှုများကြောင့် ဆူညံနေလေတော့သည်။

"ကျလိ. . . ကျလိ. . . ကျလိ"

"ကျိ. . . ကျိ. . . ကျိ. . . ကျိ"

တောင်ကြားလမ်းအတွင်းပိုင်းသို့ ရောက်သောအခါ အပေါ်ဘက်မှ အော်သံများက ပိုမိုဆူညံလာရုံမက မိုးသီး မိုးပေါက်များကဲ့သို့ အဆိပ်ရည်များ ကျဆင်းလာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က ဦးခေါင်းပေါ်မှာ သ ကပျဉ်းပြားများ တင်ထားသောကြောင့် သက်သာရာ ရနေ သဖြင့် တောင်ကြားလမ်းမှ အမြန်ဆုံး ထွက်နိုင်ရန် မပြေး တမယ် ခပ်သုတ်သုတ် လျှောက်ကြလေသည်။

သည်ဘက်မှ ဆူဆူညံညံအသံများ ပိုများလာသော ကြောင့် ရှေ့ဘက်တကျောဆီမှ ဆူဆူညံညံအသံများအပြင် တ





နေရာမှ တစ်နေရာသို့ ရွေ့လျားသွားလာနေသော မည်းမည်း သဏ္ဍာန်များကို အတိုင်းသား လှမ်းမြင်နေရသည်။

အချို့လည်း သစ်ကိုင်းများပေါ်မှ ချည်မျှင်များကို ဆွဲကာ အောက်သို့ ဆင်းလာကြသည်။

အချို့လည်း ကျောက်နံရံနံစပ်ဘက်မှ အောက်သို့ လျော ဆင်းလာနေကြသည်။

ဒီအတိုင်းဆိုလျှင် ရှေ့မှ ပင့်ကူအုပ်များက ဆီးတား သလို ဖြစ်မှာစိုးသောကြောင့် ခြေလှမ်းကို မြန်နိုင်သမျှမြန်အောင် လျှောက်ကြရလေသည်။

"ဆရာ. . . နောက်မှာ ပင့်ကူတွေ အများကြီးပဲ"

တစ်ယောက်က ပြောသဖြင့် လှည့်ကြည့်လိုက်သော အခါ မိမိတို့ ဖြတ်သွားတာ မြင်သဖြင့် အပေါ်မှ ဆင်းလာသော ပင့်ကူနက်များမှာ ဂူလမ်းတစ်လျှောက် ပြည့်နေချေပြီ။

ပင့်ကူကြီးများမှာ လင်ပန်းတစ်ချပ်နီးပါး ကြီးသော ပင့်ကူနက်ကြီးများဖြစ်သည်။

မျက်လုံးများက ရဲရဲနီလျက်ရှိပြီး အစွယ်များက ရှေ့သို့ ထွက်နေလေသည်။

အချို့ပင့်ကူများက နောက်ဘက်မှ ပြေးလိုက်လာကြ သည်။

အနီးရောက်လာသော ပင့်ကူများကို ကုလားများက ခါး ခုတ်သူကခုတ်၊ လှံဖြင့် ထိုးသူက ထိုးကြလေသည်။

ထိုအခိုက်မှာပင် ရှေ့မှ ပင့်ကူများကလည်း ညော်လန်း



www.burmeseclassic.com

www.burmeseclassic.com



ပင်မှ အောက်သို့ တွဲလောင်းကျနေသောအမျှင်များကို တွဲ၍ အောက်သို့ ဆင်းလာရာ အားလုံး မြန်နိုင်သမျှမြန်အောင် ပြေ ကြရသည်။

သို့တိုင်အောင် မလွတ်နိုင်တော့ပေ။

လင်ပန်း၊ ဆန်ကော၊ ပန်းကန်ပြားအရွယ်ပမာဏ ရှိ သော ပင့်ကူများမှာ သူ့ထက် အောက်သို့ ဆင်းလာကြလေပြီ။

အချို့ကလည်း အပေါ်မှ အောက်ရောက်အောင် ခုန် ဆင်းလာကြသည်။ အဖွဲ့သားများမှာ ဓါးလှံလက်နက်များ ထိုးခုတ်ဖယ်ရှားရုံမက အချို့က ဦးခေါင်းပေါ်မှ သစ်ကပျဉ်းပြား ဖြင့် ရိုက်သတ်ကြလေသည်။

နောက်ဆုံးတော့ တဖြည်းဖြည်း များလာသော ပင့်ကူ များကို သုတ်သင်ဖယ်ရှားကာ တစ်ဖက်သို့ ရောက်အောင် အလျှင်အမြန် ပြေးကြရလေတော့သည်။

မရဏတောင်ကြားတစ်ဝိုက်မှာတော့ ပင့်ကူများနှင့် လူသားတို့၏တိုက်ပွဲက ဆူညံလျက်ရှိနေတော့သည်။

နောက်ဆုံးတော့ ဒေါက်တာမင်းထင်ကျော်တို့တစ္စေ မှာ တစ်ဖက်အပေါက်သို့ ရောက်သွားကြလေတော့သည်။

အန္တရာယ်ကင်းသောနေရာရောက်မှ လူစစ်ကြည့်သော အခါ ကုလားအလုပ်သမားတစ်ယောက် လျော့နေသည်ကို သိ တော့သည်။

သို့သော်လည်း ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ပင့်ကူ ကိုက်မိသော ဒဏ်ရာရသူများ၊ အဆိပ်ထိသောဒဏ်ရာရသူများ





ကို ဒေါက်တာမင်းထင်ကျော်၌ ပါလာသော ကိုးဂျပါထရာ သစ်ရွက်နှစ်ရွက်ကို အသုံးပြု၍ ပျောက်ကင်းသက်သာအောင် ကုသပေးကြရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ မရဏတောင် ကြားလမ်းမှ ထွက်သည်နှင့် လူသူအရောက်အပေါက်နည်းသော တောနက်တစ်ခုအတွင်းသို့ ရောက်သွားကြလေသည်။

"ဒီတောဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တောပုန်း ကြီး အင်္ဂုလိမာလ နေခဲ့တဲ့တောအုပ်ပဲ၊ ဒီတောကနေ ထွက်ပြီး လူတွေကို သတ်၊ လက်ညှိုးတွေကို ဖြတ်ခဲ့တဲ့နေရာပဲ"

ထိုစကားကို ပြောသူမှာ ဇမ္ဗုထန်နှင့်အတူပါလာသော ဦးဒိဗ္ဗဖြစ်လေသည်။

"ဆက်ပြောပါဦး ဦးဒိဗ္ဗ"

"အင်္ဂုလိမာလဆိုတဲ့အဓိပ္ပာယ်က လက်ညှိုးများကို ခြင်းကုံးသဖွယ် လည်မှာ ဆွဲထားတဲ့သူလို့ အဓိပ္ပာယ်ရတယ်၊ သူဟာ ခွန်အားဗလကြီးပြီး ဉာဏ်ပညာရှိတဲ့ လူတော်လူကောင်း တစ်ယောက် ဖြစ်ပေမယ့် တပည့်အချင်းချင်း ကုံးချောတာကို ဆရာက ယုံကြည်ပြီး တပည့်ဖြစ်သူကို ဥပါယ်တမျဉ်နဲ့ အသေ သတ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုပါပဲ"

"ဘယ်လိုအသေသတ်တာလဲ"

"လူတွေရဲ့လက်ညှိုးကို အဖြတ်ခိုင်းမှတော့ ဘယ်သူက ကိုယ့်လက်ညှိုးတစ်ချောင်းကို အလွယ်တကူ အဖြတ်ခံမှာလဲ၊ သတ်နိုင်သမျှတော့ ခုခံတိုက်ခိုက်ကြမှာပေါ့၊ အဲဒီလိုမှ သေချင်



www.burmeseclassic.com

www.burmeseclassic.com


သေ၊ မသေရင် ရာဇဝတ်သင့်ပြီး ဘုရင်သတ်တာကို ခံရအောင် စီစဉ်ခဲ့တာပေါ့၊ တကယ်တော့ ဆရာဖြစ်သူက တပည့်ကို မသေသေအောင် ဖန်တီးခဲ့တာပါ"

"အနန္တောအနန္တငါးပါးဂိုဏ်းဝင်တဲ့ ဆရာတစ်ယောက်က ကိုယ့်ရဲ့တပည့်တစ်ယောက်အပေါ်မှာ ဒီလို စေတနာထားခဲ့တာကတော့ အံ့သြစရာပဲ"

"အနန္တောအနန္တဂိုဏ်းဝင်ဆိုပေမယ့် ဆရာတိုင်းက တပည့်တွေအပေါ်မှာ စေတနာမကောင်းနိုင်ကြပါဘူး၊ ဗေဒင်ပညာမှာ ကိုယ့်ထက်သာတဲ့တပည့်ကို မကောင်းကြံခဲ့တဲ့ ပုဏ္ဏားဆရာတွေရဲ့ဇာတ်တွေလည်း အများကြီး ရှိတာပါပဲ၊ တကယ်တော့ အင်္ဂုလိမာလဟာ ဆရာတင်တာ မှားခဲ့တယ်လို့ ဆိုရမှာပဲ၊ ဘဝမှာ ယုံကြည်ကိုးကွယ်မှု အယူမှားတာတို့ ဆရာမတင်သင့်တဲ့သူကို ဆရာတင်မှားတာတို့ဟာ ဒီဘဝတင် မဟုတ်ဘူး၊ သာသနာမှာပါ ဒုက္ခရောက်စေတယ်"

"မှန်ပါတယ်"

"လမ်းတုန်းက ဆရာတို့ ပြောနေတဲ့အထဲမှာ ပါတဲ့ နတ်ဘုရားမကို ကိုးကွယ်တဲ့ဂိုဏ်းသားတွေဟာ ယုံကြည်ကိုးကွယ်မှု မှားခဲ့ကြတာပဲ မဟုတ်လား၊ ဒါကြောင့် မကောင်းတဲ့လူသတ်မှုတွေ ကျူးလွန်တော့ ဒီဘဝမှာလည်း အပြစ်ပေးခံရတယ်၊ နောင်ဘဝရောက်ရင်လည်း ဒီဝဋ်ကြွေးအပြစ်တွေကို မလွဲမသွေ ခံကြရဦးမှာပဲ"

"ဟုတ်ပါတယ်"



"အင်္ဂုလိမာလကတော့ ရဟန္တာဖြစ်မယ့် အရင့်အမာပုဂ္ဂိုလ်မျိုးဆိုတော့ မြတ်စွာဘုရားနဲ့ တွေ့ပြီး ကျွတ်တမ်းဝင်သွားခဲ့ရတယ်၊ တကယ်လို့သာ ဘုရားပွင့်တာနဲ့ မကြုံကြိုက်ရင် သံသရာလည်ရဦးမှာပေါ့ဗျာ"

ဦးဒိဗ္ဗသည် သူတို့နှင့် လိုက်လာကတည်းက စကားများများပြောလေ့မရှိပဲ ယခုတစ်ကြိမ်မှ အကျိုးအကြောင်းနှင့် ဆိုင်သော စကားများကို ပြောပြခြင်းဖြစ်သည်။

"ဆက်ပြောပါဦး ဦးဒိဗ္ဗရဲ့"

"ဒီတောဟာ လူဆိုးကြီး အင်္ဂုလိမာလ နေသွားတဲ့တောဆိုတော့ နောင်လာနောက်သားတွေ သတိသံဝေဂ ရစေဖို့ သင်္ကေတတွေ အများကြီး ကျန်ခဲ့တယ်ဗျ"

"ဘယ်လိုသင်္ကေတတွေလဲ"

"လူပေါင်းမြောက်မြားစွာကို သတ်ဖြတ်ခဲ့တဲ့တော ဆိုတော့ တစ်ချို့သစ်ပင်တွေဟာ လူနဲ့ သဏ္ဌာန်တူနေတယ်၊ အချို့သစ်ပင်တွေက ကျတဲ့အစေးတွေဟာ သွေးရောင်တွေအတိုင်းပဲရှိနေသေးတယ်၊ သီးတဲ့အသီးတွေကလည်း လူတွေရဲ့လက်ချောင်းတွေကို ဖြတ်ထားတဲ့အတိုင်း တူနေတယ်"

"အံ့သြစရာပဲ"

"ဒီတောထဲမှာ လူသားစားတဲ့ အင်ဒီးယန်းလူရိုင်းတွေလည်း ရှိတယ်၊ လူသွေးနံ့ရရင် အသက်ဝင်လာတဲ့ နွယ်ရှင်တွေလည်း ရှိတယ်၊ အဲဒါတွေကို သတိထားပြီး သွားမှ အန္တရာယ်ကင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကဲ. . . [illegible]သူတွေ သက်သာတာနဲ့ ဒီနေရာက ခရီးဆက်ကြမယ်"

ဟု ပြောကာ ဒဏ်ရာရသူများကို ဂရုတစိုက် ကုသပေးကြလေသည်။

နောက်တစ်ရက်တွင် တောအုပ်အတွင်းသို့ ဝင်ခဲ့ကြလေသည်။ တောနက်တွင်း၌ တွေ့ရသော သစ်ပင်များမှာ သာမန်တွေ့မြင်နေကျ သစ်ပင်များပင် ဖြစ်သောကြောင့် ဦးဒိဗ္ဗ ပြောသကဲ့သို့ ထူးခြားသော သစ်ပင်များ ရှိနိုင်ပါ့မလားဟု တွေးတောမိကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ ကျီးကန်းနှင့် အခြားငှက်များ ဆူညံစွာ အော်ဟစ်နေကြသည့်ကို ကြားရလေသည်။

သို့ကြောင့် ထိုစကားသံ ကြားရာဘက်သို့ လာခဲ့ကြသည်။

ထိုနေရာနှင့် မလှမ်းမကမ်း ရောက်သောအခါ ကျီးငှက်များ အော်သံအပြင် ယင်မမည်းရိုင်းများ တဝေါဝေါနှင့် ထပျံနေသံကို ကြားရသဖြင့် လက်နက်များကို အဆင်သင့်ပြင်ကာ ရှေ့သို့တိုးသွားကြသည်။

တောချုံတစ်ခု လွန်လိုက်သည်နှင့် လူမျက်နှာသဏ္ဌာန် အဖုအထစ်များ ရှိသော ကြောက်မက်ဖွယ်ရာကောင်းလှသည့် သစ်ပင်ကြီးတစ်ပင်ကို လှမ်းမြင်ရသည်။

ထိုသစ်ပင်ကြီးမှ သီးနေသောအသီးများမှာ လူလက်





ချောင်းများသဖွယ် တို့လို့တန်းလန်းဖြစ်နေပြီး အချို့က အစိမ်းရောင် ရှိနေသော်လည်း အချို့က ရင့်မှည့်ပြီး အဝါရောင်၊ နီညိုရောင်များ ရှိနေသည်။

ထိုအသီးမှည့်များမှာ ပုတ်အက်အက်အနံ့များ ထွက်နေပြီး ကျီးငှက်များက ထိုအသီးများကို ထိုးဆိတ်စားသောက်နေကြသည်။ ၎င်းတို့ ထိုးဆိတ်ချလိုက်သဖြင့် အောက်သို့ ကျလာသော အပိုင်းအစများကို ယင်မမည်းရိုင်းများက အုံခဲ၍ စားသောက်နေကြခြင်းဖြစ်၏။

"ဒီနေရာက အမြန်သွားကြရအောင်၊ ဒီသစ်ပင်ကြီးကြည့်ရတာ ကျက်သရေ မရှိလိုက်တာ"

သူတို့သည် သစ်ပင်နှင့် မလှမ်းမကမ်း၌ ရပ်ကာ ကြည့်နေကြသည်။ အချို့အသီးခိုင်များမှာ လက်ဝါးပုံသဏ္ဌာန်မျိုး ရှိနေပြီး လေတိုက်လိုက်တိုင်း လက်ဝါးများ လှုပ်ရှားနေသကဲ့သို့ ရှိနေလေသည်။

"အင်္ဂုလိမာလ လက်ထက်က သူဖြတ်ခဲ့တဲ့ လက်ညှိုးတွေကို သစ်ပင်တွေရဲ့အပေါ်မှာ ချိတ်ဆွဲထားခဲ့တယ်၊ အဲဒီသစ်ပင်တွေဟာ အခုမြင်နေရတဲ့ ပုံသဏ္ဌာန်အတိုင်း ဖြစ်နေတယ်လို့တော့ ပြောသံကြားဖူးတယ်"

သူတို့သည် ထိုနေရာမှ ခရီးဆက်ခဲ့ကြရာ ညနေပိုင်းအချိန်လောက်တွင် နွယ်ပင်များ ရှုပ်ထွေးသော တောနက်ပိုင်းတစ်နေရာသို့ ရောက်လာသည်။

"နတ်ဘုရားမရှုပ်တု ရှိတဲ့နေရာနဲ့ အတော်ဝေးသေး



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဒီတောအုပ်ကျော်ရင် ရောက်ပါပြီ"

သူတို့အဖွဲ့ထဲတွင် ထိုခရီးလမ်းကို သွားဖူးသူ၊ ရောက်ဖူးသူအချို့ ပါလာသောကြောင့် အခက်အခဲမရှိ သွားနိုင်ကြသည်။

"ဒါပေမယ့် ဒီတောထဲက ဖြတ်ရင် သတိတော့ ထားကြရလိမ့်မယ်"

"ဘာကြောင့်လဲ"

"လူတွေ တိရစ္ဆာန်တွေကို ရစ်ပတ်ပြီး ဖမ်းယူတတ်တဲ့ နွယ်ရှင်တွေ ရှိတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က နေရာ၌ ရပ်ကာ အခြေအနေကို အကဲခတ်သည်။

သစ်တော၏အပေါ်ပိုင်းမှာ သစ်ပင်များ အုံ့ဆိုင်းနေသဖြင့် အနည်းငယ် မှောင်နေသောကြောင့် သဲကွဲစွာ မမြင်ရပေ။

အောက်ပိုင်းမှာတော့ မသင်္ကာစရာ နွယ်ပင်များကို မတွေ့ရပေ။

"မိုးချုပ်တော့မယ် . . . စခန်းချဖို့ နေရာကောင်းကောင်း ရှာမှဖြစ်မယ်၊ ခပ်သုတ်သုတ် သွားကြရအောင်"

ဟု ပြောကာ ရှေ့သို့ တိုးဝင်လာကြသည်။

လူသူအရောက်အပေါက် မရှိသောကြောင့် သစ်ပင်ကြီးများမှာ မြင့်မားစွာ ရှိနေကြလေသည်။

အပြင်ဘက်မှာ နေရောင်ခြည် ပျောက်သွားပြီဖြစ်သောကြောင့် တောအုပ်ထဲမှာ ပို၍မှောင်လာသည်။





ညဉ့်အချိန်ရောက်မှ အစာရှာထွက်လာလေ့ ရှိသောတောကောင်ကြီးများ၏မာန်ဖီဟိန်းဟောက်သံများကိုပင် ကြားလာရသည်။

မမှောင်ခင် မိမိတို့အတွက် စခန်းချနိုင်ရန် နေရာတစ်ခုအရေးတကြီး ရှာဖွေနေစဉ်မှာ သစ်ပင်ကြီးတစ်ပင်အောက်သို့ရောက်သောအခါ အပေါ်ပိုင်းမှ 'မျော. . . မျော. . . မျော' ဟူသောအသံများကို ကြားလိုက်ရသဖြင့် မော့ကြည့်လိုက်ရာ နွယ်ခွေလိပ်ကြီးများမှာ ဖျာလိပ်ကို ဖြေချလိုက်သကဲ့သို့ လျောကျလာသည်ကို တွေ့ကြရသည်။

အောက်သို့ရောက်ကာနီးသောအခါ နွယ်ခွေလိပ်များအတွင်းမှ လူအရိုး၊ တိရစ္ဆာန်အရိုးစုများ အောက်သို့ ပြုတ်ကျလာလေတော့သည်။

မိမိတို့ ခြေရင်းသို့ ကျလာသောအရိုးစုများကို မြင်သောအခါ အားလုံး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

အမှန်တော့ နွယ်လိပ်ကြီးများမှာ သားကောင်များ၊ လူများကို ဖမ်းဆီးမိသောအခါ အပေါ်သို့ လိပ်ယူသွားပြီး နောက်တစ်ဖန် သားကောင်အသစ် တွေ့သောအခါ အောက်သို့ပြန်ဆင်းလာသောအခါမှ မူလဖမ်းမိထားသော လူ၊ တိရစ္ဆာန်တို့၏အရိုးစုများကို ခြေချလိုက်ခြင်းဖြစ်လေသည်။

"နွယ်လိပ်ကြီးတွေ ဆင်းလာပြီ၊ အမြန်ပြေးကြ. . . ပြေးကြ"

ဟု အော်ဟစ်သတိပေးရာ ထိုနေရာမှ လွတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးကြလေရာ နွယ်ပင်ကြီးများက အသက်ဝင်လာသည့်အလား တလှုပ်လှုပ် တယမ်းယမ်းနှင့် လူများကို လိုက်လံရစ်ပတ်လေတော့သည်။ ထိုအခါ သေနတ်များကို အသုံးပြု၍မရကြပဲ ဓါးများကိုသာ အသုံးပြုကြလေသည်။

အနားကပ်လာသောနွယ်ပင်လက်တံများကို ဓါးဖြင့်ပိုင်းဖြတ်ပစ်ကြရလေသည်။

ဓါးချက်ထိသဖြင့် ပြတ်သွားသော နွယ်ပင်များမှာ သွေးရောင်ကဲ့သို့ နီညိုရောင် စေးပျစ်ပျစ်အရည်များ ကျလာပြီးအောက်သို့ ကျသွားသောအပိုင်းများမှာလည်း အသက်ရှိနေသည့်အလား တဖျပ်ဖျပ် လွန့်လူးနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့တစ္စေရော နောက်မှလိုက်လာကြသောကုလားများပါ ဓါးနှင့်ဓါးကောက်များ ပါလာသောကြောင့် အနားရောက်လာသော နွယ်ပင်လက်တံများကိုအပိုင်းပိုင်း ပြတ်အောင် ခုတ်ပစ်နိုင်ကြလေသည်။

ကုလားများ ယူဆောင်လာသော ဓါးကောက်ကြီးများမှာ အသွားထက်လှသလို နွယ်လက်တံများကို ခုတ်ဖြတ်ရာ၌ အသုံးဝင်လှလေသည်။

လူတစ်စုနှင့် နွယ်ရှင်များမှာ အမှောင်ရိပ်သမ်းနေသောတောနက်အတွင်းမှာ ဆူညံလျက် ရှိနေတော့သည်။

နောက်ဆုံးတော့ လူတို့၏ဓါးချက်ကို မခံနိုင်တော့သောနွယ်လက်တံကြီးများမှာ သစ်ပင်အမြင့်ပေါ် သို့ ပြန်လိပ်တက်သွားလေတော့သည်။





ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့လည်း ရှေ့သို့ခရီးဆက်နိုင်ကြလေတော့သည်။

...ဇာတ်သိမ်း...



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၁)

# နတ်ဘုရားကျောင်းမှ အရိုင်ဗမည်း

ညဦးပိုင်းအချိန်မှာ ကျောက်တောင်တစ်ခု၏နံဘေးရှိ တောင်ကုန်းတစ်ခုအပေါ်၌ စခန်းချကြလေသည်။

ထိုနေရာသည် နတ်ဘုရားမရုပ်တု ရှိသောနေရာနှင့် ဝေးလှတော့သဖြင့် အန္တရာယ်စက်ကွင်းထဲသို့ ရောက်ရှိနေကြပြီဟု သတ်မှတ်ရပေသည်။

ထိုနေ့ညဦးပိုင်းအချိန်၌ ညစာစားသောအခါ ထိုနေရာသို့ ရောက်ဖူးသော ကျော်ဇလက ထူးဆန်းသောစကားတစ်ခွန်းကို ပြောလေသည်။

"ဒီနေရာကနေ နောက်ထပ် ကိုက်သုံးလေးရာလောက် မြောက်ဘက်ကို ဆက်သွားရင် နတ်ဘုရားမရုပ်တု ရှိတဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မယ်"

"မင်းက တစ်ခေါက်ရောက်ဖူးတယ် မဟုတ်လား"

"ဟုတ်တယ်. . . အရင်တစ်ခေါက်ရောက်ဖူးတယ်"

"အခြေအနေတွေကိုလည်း ပြောပြပါဦး၊ ထူးခြားမှုတွေဘာရှိသလဲ"

ထိုစကားကြားသောအခါ ကျော်ဇလက အတန်ကြာအောင် တွေးတောနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စီးကရက်တစ်လိပ်ကို မီးညှိဖွာသောက်ရင်း ကျော်ဇလထံမှ စကားကို စောင့်နေသည်။

"မင်းတို့သွားတုန်းက နတ်ဘုရားရုပ်တု ရှိတဲ့နေရာကိုရော ရောက်ခဲ့တယ်မဟုတ်လား"

"ရောက်ခဲ့ပါတယ်"

"မစ္စတာပရာချန်ဆီက ပျောက်ဆုံးသွားတဲ့ ပတ္တမြားကရော အဲဒီရုပ်တုဆီမှာ ပြန်ရောက်နေပြီလား"

"ပျောက်သွားတဲ့ ပတ္တမြားလားဘာလားတော့ တပ်အပ်မပြောနိုင်ဘူး၊ ကြောက်စရာကောင်းတဲ့ ရုပ်တုကြီးရဲ့နဖူးနေရာမှာတော့ ဝင်းဝင်းပြောင်ပြောင်နဲ့ အရာတစ်ခုကိုတော့ လှမ်းမြင်ခဲ့ရတယ်"

"ဘယ်လိုအရောင်မျိုးလဲ"

"နေရောင်ခြည်နဲ့ ထိတဲ့အခါ အနီရောင်တွေ ဖြာထွက်နေတာပဲ"





"ဒါဖြင့် ပတ္တမြားဆိုတာ မှန်ပြီပေါ့. . . ဆက်ပြောပါဦး"

"အဲဒီရုပ်တု ရှိတဲ့နေရာတဝိုက်မှာ ထူးဆန်းတာတွေ တွေ့ခဲ့ရတယ်"

"ဘယ်လိုထူးဆန်းတာတွေလဲ"

"လူတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လုပ်ထားတဲ့ ကျောက်ရုပ်တွေပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က စီးကရက်ဖွာရင်း အတန်ကြာအောင် စဉ်းစားနေသည်။

ထိုအခါ ဦးဇန်ကောင်းက သူ၏ထင်မြင်ယူဆမှုကို ပြောပြသည်။

"ရှေးခေတ်ကလို နတ်ဘုရားမကို အစောင့်အရှောက်လုပ်ဖို့ ကျောက်ရုပ်တွေကို စီစဉ်ထားခဲ့သလားမှ မသိတာ"

ဦးဇန်ကောင်းစကား ကြားသောအခါ ဇမုန်းထန်က. .

"ကျုပ်ကြားဖူးတာက ဒီလိုမဟုတ်ဘူး၊ ရှေးတုန်းက နတ်ဘုရား ကိုးကွယ်တဲ့ဂိုဏ်းသားတွေက သူတို့ရဲ့နတ်ဘုရားရုပ်ထုကို ဘယ်သူမှ ဖျက်ဆီးလို့မရအောင် ကျိန်စာဆိုထားခဲ့တယ်လို့လည်း ကြားဖူးတယ်"

ဟု ပြောသည်။

"ဘယ်လိုကျိန်စာမျိုးလဲ"

"ရုပ်တုကို လာရောက်ဖျက်ဆီးတဲ့လူတွေဟာ လူစင်စစ်က ကျောက်ရုပ်ဖြစ်ပါစေဆိုတဲ့ ကျိန်စာမျိုးပဲ၊ ဟုတ်မဟုတ်တော့ မသိရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌မူ နတ်ဘုရားရုပ်ထု ဝန်းကျင်၌ ရှိသော ကျောက်ရုပ်များ ရှိနေသည်ဆိုခြင်းကို များစွာ စိတ်ဝင်စားမိလေသည်။

သူ့စိတ်ထဲ၌ ဇမုန်းထန် ပြောသလို ကျိန်စာကြောင့် ကျောက်ရုပ်ဖြစ်သွားသည်ဆိုခြင်းထက် အခြားလျှို့ဝှက် အန္တရာယ်တစ်ခုခုအတွက် စီရင်ထားတာ ဖြစ်နိုင်သည်ဟု တွေးနေမိသည်။

"အခုအချိန်ကစပြီး အန္တရာယ်များတဲ့နယ်မြေထဲကို ရောက်လာပြီဆိုတော့ အားလုံး သတိဝီရိယနဲ့ နေကြပါ၊ အကြောင်းကိစ္စ ရှိရင်လည်း လက်မနှေးကြဖို့အရေးကြီးပါတယ်"

"စိတ်ချပါ. . ."

"နောက်တစ်ခုက ကျွန်တော်မသိဘဲနဲ့ ဘယ်နေရာကိုမှ ကိုယ့်သဘောနဲ့ကိုယ် မသွားကြပါနဲ့၊ ဘာမှမလုပ်ကြပါနဲ့လို့ ကြိုပြီး ပြောထားပါရစေ"

ဟုပြောဆိုကာ ညဥ့်နက်ပိုင်း ရောက်သောအခါ မီးပုံကြီးများ ဖိုထားကာ အလှည့်ကျ ကင်းစောင့်ကာ နားသူက နားကြလေသည်။

ညဥ့်နက်ပိုင်းရောက်သော် ကင်းစောင့်နေသောကုလားလေးယောက်တို့သည် တစ်စုံတစ်ခုကို တိုင်ပင်လျက်ရှိနေကြသည်။

"ဘယ်လိုလုပ်မလဲ. . . သူတို့ကတော့ နတ်ဘုရားဆီမှာ ရှိတဲ့ပတ္တမြားကို ယူကြမှာပဲ"

"ဒီတော့ သူတို့မယူခင် တို့ အရင်သွားယူထားရင် မကောင်းဘူးလား"

"ဖြစ်ပါ့မလား. . . တော်ကြာ တစ်ယောက်ယောက် သိသွားရင် ခက်လိမ့်မယ်"

"မသိနိုင်ပါဘူး. . . ညနေတုန်းက သူတို့စားတဲ့ဟင်းထဲကို ဆေးခြောက်နည်းနည်း ထည့်ပေးလိုက်တယ်၊ သူတို့ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြမှာပါ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ငါနဲ့ မူတူးနဲ့ ရုပ်ထုဆီက ပတ္တမြားကို သွားယူကြမယ်၊ မင်းတို့က ဒီမှာ ဟန်မပျက် စောင့်နေကြ၊ တကယ်လို့ သူတို့ နိုးလာလို့ မေးရင်လည်း အဆင်ပြေအောင်သာ ကြည့်ပြောလိုက်ကြပေါ့"

"ဖြစ်ပါ့မလား. . . ညအချိန်မတော်ကြီး၊ အန္တရာယ်တော့ အတော်များလိမ့်မယ်"

"မသွားလို့ မဖြစ်ဘူး၊ မနက်လင်းတာနဲ့ သူတို့တွေ ရုပ်တုရှိတဲ့နေရာကို ရောက်ပြီး ပတ္တမြားကို ဖြုတ်ယူကြမှာ အသေအချာ၊ ဒီည သွားမယူလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

"ဒါထက် မင်းက လမ်းမှတ်မိလို့လား ဆာမီ"

"ငါက တစ်ခေါက်ရောက်ဖူးတော့ ဒီတောလမ်းတွေကို ကောင်းကောင်းမှတ်မိပါတယ်၊ ဘာမှ စိတ်မပူကြနဲ့"

"ဒါဖြင့်လည်း အမြန်သွားကြ၊ ဘာပဲဖြစ်ဖြစ် မိုးမလင်းခင်တော့ ရောက်အောင်ပြန်လာကြ၊ တော်ကြာ တို့ရဲ့အကြံစည်တွေ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကို ရိုင်ဖိုကုန်လိမ့်မယ်"

"အေးပါ. ."

ဟု ပြောဆိုတိုင်ပင်ပြီး ကုလားနှစ်ယောက်တို့သည် ဓါးကောက်တစ်လက်စီနှင့် လက်နှိပ်မီးကို ယူကာ တောန အတွင်းသို့ ဝင်သွားကြလေသည်။

သူတို့သည် စခန်းချသောနေရာနှင့် အတန်ငယ် ဝေ လာသောအခါ ခြေလှမ်းကို ခပ်သွက်သွက် လှမ်းကြလေသည်

လမ်း၌ တွေ့သော သစ်ပင်ကြိမ်ပင်များကို ဓါးဖြ ခုတ်ထွင်ဖယ်ရှားရင်း ခရီးဆက်ကြလေသည်။

ညအချိန်ပင် ဖြစ်လင့်ကစား မောပန်းမှုအရှိန်၊ ကြော လန့်မှုများကြောင့် နှစ်ယောက်စလုံး ချွေးများ ရွှဲရွှဲစိုနေလေသည် လက်နှိပ်မီးရောင်ကို များစွာအသုံးမပြုဝံ့ချေ။

ရှေ့သို့ မြင်နိုင်ရုံသာ ကျိုကြားကျိုကြား အသုံးပြ သွားရသဖြင့် သစ်ကိုင်းသစ်ခက်များနှင့် ရိုက်ခတ်မိခြင်း၊ သစ်မြ သစ်ဆုံ ကျောက်တုံးများနှင့် တိုက်မိခြင်းများ မကြာခဏ ဖြစ်ေ လေသည်။

နှစ်ယောက်စလုံးမှာ တစ်ကြိမ်ရောက်ဖူးသည်ဆိုသေ လည်း တောနက်အတွင်း၌ လမ်းမှတ်မိဖို့ မလွယ်သောကြော စမ်းတဝါးဝါး သွားကြရလေသည်။

သို့ကြောင့် လမ်းမှာပင် မကြာခဏ ရပ်တန့်၍နားကြ သည်။

"ဆာမိ. . . တို့နှစ်ယောက်ရဲ့မလှမ်းမကမ်းမှာ လို





တဲ့ ခြေသံလိုလို ကြားမိသလား"

"ငါတော့ သတိမထားမိဘူး. . . ဘာသံကြားလို့လဲ"

"ခြေသံလိုလို ကြားရတယ်၊ တို့နောက်က တစ်ယောက် ယာက်များ လိုက်လာရော့သလား"

"ငါတို့ ထွက်လာတာ ဘယ်သူမှ မသိပါဘူး၊ အခုအချိန် ြီးတော့ ဘယ်သူမှလည်း လိုက်လာမယ် မထင်ပါဘူး"

"စခန်းက လူတွေကတော့ ဘယ်ဟုတ်ပါ့မလဲ၊ လူရိုင်း တွေများ လိုက်လာသလားလို့"

"ဟုတ်မယ် မထင်ပါဘူး၊ မင်းစိတ်ထင်နေတာ ဖြစ်မှာပါ၊ ရိုင်းတွေဆိုရင် ဒီလိုနေပါ့မလား၊ အခုလောက်ဆိုရင် ဝင်တိုက် ပေါ့"

ဟု ပြောဆိုကာ အမှောင်ထဲမှာ ငြိမ်သက်နေရင်း အခြေ နေကို စောင့်ကြည့်တော့လည်း မထူးတော့မှ နှစ်ယောက်သား ရှေ့သို့ ခရီးဆက်ကြပြန်လေသည်။

ထိုအခါ သူတို့နှင့် မနီးမဝေး တောထဲမှ သစ်ပင် စ်ရွက်များ လှုပ်ခတ်သွားသံ၊ တစ်စုံတစ်ယောက်က တိုးဝှေ ားနေသောအသံမျိုးကို ထပ်ကြားရပြန်သည်။

ပထမတော့ လေတိုက်ခြင်း ဖြစ်မည်ဟု ထင်လိုက်မိ ော်လည်း အသေအချာ ကြည့်တော့ လေကလည်း ငြိမ်နေ ည်။

ဒါပေမယ့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၏ထိပ်ဖျား ည် တစ်စုံတစ်ယောက်က တွဲလဲခိုထားသကဲ့သို့ ကိုင်းညွှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်ပြန်တော့လည်း အနည်းငယ် လှုပ်ယမ်းသွားသည်မှအပ အခြားဘာမှတော့ မမြင်ရပေ။ အမှောင်ရိပ်များက အုပ်မိုးထားသောကြောင့် ထို့ထက်လည်း ဘာမှမမြင်နိုင်ချေ။

ထိုအခါ ဆာမိက စခန်းမှ လျှို့ဝှက်ယူလာသော ခြောက်လုံးပြူးသေနတ်ကို ထုတ်လိုက်သည်။

“ဟင်. . . မင်းမှာ သေနတ်ပါလာသလား၊ ဘယ်တယူလာတာလဲ”

“သူတို့ မသိအောင် ယူလာခဲ့တာ”

“သေနတ်သုံးလို့ ဖြစ်ပါ့မလား၊ တော်ကြာ သူတို့ သိသွားမှာပေါ့”

“အသက်အန္တရာယ်နဲ့ ရင်ဆိုင်တွေ့ရင်တော့ သုံးသင့်ရင် သုံးရမှာပဲ၊ နောက်မှ ကြည့်ရှင်းမယ်”

ဟု ပြောကာ သေနတ်မောင်းကို တင်ထားလိုက်သည်။ သို့သော် အခြေအနေက ဘာမှတော့ မထူးခြားပေ။

အကယ်၍ အမှောင်ထဲမှ လူရိုင်းတစ်ယောက်ယောက် နောက်ယောင်ခံလိုက်လာပါက သေနတ်ကို မြင်သည်နှင့် မုချ နောက်သို့ ပြန်ဆုတ်သွားမည်ဟုလည်း ထင်လိုက်မိကြသည်။

နှစ်ယောက်သား အတန်ကြာအောင် အခြေအနေ စောင့်ကြည့်သော်လည်း ဘာမှမထူးသောကြောင့် ရှေ့သို့ ခရီးဆက်ကြပြန်သည်။ နောက်ထပ်တစ်နာရီခန့် ဆက်သွားသော





အခါ သစ်ပင်ကြီးများ မရှိတော့သည့် မြေကွက်လပ်သို့ ရောက်သွားကြသည်။

ကွက်လပ်အလယ်မှာတော့ လျှို့ဝှက်ဂိုဏ်းသားများနှင့် အင်ဒီးယန်းလူရိုင်းများတို့၏နတ်ဘုရားကျောင်းကြီး ရှိနေလေသည်။ နတ်ဘုရားကျောင်းကြီးမှာ အမှောင်ထုအောက်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့် သဏ္ဌာန်တူလေသည်။

နှစ်ယောက်သား မလှမ်းမကမ်းမှာ ရပ်တန့်ကာ အခြေအနေကို စောင့်ကြည့်ကြသော်လည်း ဘာမှ ထူးထူးခြားခြား မတွေ့ရသဖြင့် ဝင်ပေါက်ဝဘက်မှ ဘုရားကျောင်းအတွင်းသို့ ဝင်လာကြလေသည်။ အဝင်ပေါက်မှတဆင့် အပေါ်သို့ တက်သော လှေခါးထစ်များမှာ ရေညှိများ ကပ်နေသဖြင့် သတိထားကာ လျှောက်ကြရလေသည်။

ထိုအချိန်တွင် တိမ်တိုက်များကြားမှ လမိုက်ည၏ လရောင်က တစွန်းတစ ထိုးကျလာသည်။

အတွင်းပိုင်းသို့ ရောက်သောအခါ အခန်းကျယ်၏တစ်ဖက်စွန်းရှိ အစိမ်းရောင် ကျောက်သားယဇ်ပလ္လင်ထက်တွင် နတ်ဘုရားမ၏ရုပ်တုကြီး ရှိလေသည်။

နှစ်ယောက်စလုံးမှာ လျှို့ဝှက်ဂိုဏ်းသားများ ဖြစ်သောကြောင့် ရုပ်တုရှေ့သို့ ရောက်သောအခါ အရိုအသေ ပေးကြလေသည်။

ခေါင်မိုးပေါက်များမှ တိုးဝင်လာသော လရောင်က



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုအပေါ်သို့ ထိုးကျနေရာ နဖူး၌ မြုပ်ထားသော ပတ္တမြားကို အတိုင်းသား လှမ်းမြင်နေရသည်။

ဆာမိက ရုပ်ထုရှေ့တွင် အရိုအသေ ပေးလိုက်ပြီး. . .

"မယ်တော်နတ်ဘုရား. . ဤပတ္တမြားကို ယူရန် ရန်သူများ လာနေကြပါပြီ၊ ထိုပတ္တမြားကို ရန်သူများလက်သို့ မပါစေရန် ကျွန်တော်တို့ကို ဖြုတ်ယူခွင့်ပေးပါ"

ဟု ပြောဆိုကာ ရုပ်ထုအပေါ်သို့ တက်သွားသည်။

ရုပ်ထုမှာ လက်ချောင်းများစွာတို့ တပ်ထားသောကြောင့် ထိုလက်မောင်းများကို လှေခါးသဖွယ် အသုံးပြုကာ အပေါ်သို့ ရောက်အောင် တက်သွားလေသည်။

ရုပ်ထု၏နဖူးပြင်တည့်တည့်နေရာတွင် ပတ္တမြားကို တပ်ဆင်ထားသည်။ သို့စေကာမူ ထိုနေရာတစ်ဝိုက်တွင် ထွင်းထုရာ ခြစ်ရာများကို တွေ့ရသဖြင့် ထိုပတ္တမြားကို အကြိမ်ကြိမ် ဖောက်ယူခဲ့ကြကြောင်း ရိပ်မိလေသည်။

ပတ္တမြား မရခင်မှာပင် အန္တရာယ်နှင့် တွေ့သွားကြသလား၊ ဒါမှမဟုတ် ရသွားပြီးမှ အကြောင်းတစ်ခုကြောင့် ထိုနေရာသို့ ပြန်ရောက်လာလေသလားဆိုတာတော့ မသိနိုင်ပေ။

ထိုအခိုက်မှာပင် တံခါးအဝင်ပေါက်ဘက်မှ ခြေသံလိုလိုကြားသဖြင့် လှမ်းကြည့်လိုက်သောအခါ အရုပ်မြင့်မြင့်နှင့် မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်က တံခါးဝ၌ ရပ်နေလေသည်။ အပြင်ဘက်မှ လရောင်က သူ့အပေါ်သို့ ထိုးကျနေရာ အရိပ်မည်းကြီးက အတွင်းဘက်သို့ ဝင်လာနေသည်။





အရိပ်မည်းကြီးမှာ ရှည်လျားလှသောကြောင့် ယဇ်ပလ္လင်ခြေရင်းသို့တိုင် ရောက်နေလေသည်။

အောက်ဖက်မှ စောင့်နေသော မူတူးကလည်း တွေ့မြင်သွားဟန်ဖြင့် ဒူးတုန်အောင် ကြောက်ရွံ့နေလေသည်။

ဆာမိက အိတ်ထဲမှ သေနတ်ကို ပြန်ထုတ်ပြီး ချိန်ထားလိုက်သည်။ အတွင်းသို့ ဝင်လာပါက ဘာပဲဖြစ်ဖြစ် ပစ်လိုက်မည်ဟု စိတ်ကူးထားသော်လည်း အရိပ်မည်းကြီးက အထဲသို့ ဝင်မလာဘဲ အဝင်ပေါက်မှာပင် ကျောက်ရုပ်ကြီးသဖွယ် ရပ်မြဲရပ်နေလေသည်။

သို့ကြောင့် ကြောက်လန့်သွားအောင် သေနတ်ကို မြင်သာအောင် ထောင်ပြသော်လည်း ကျောက်ရုပ်ကြီးတစ်ရုပ် ရှိနေသကဲ့သို့ တစ်လက်မမှ မရွေ့ပေ။

အောက်၌ စောင့်နေသော မူတူးခမျာလည်း ဘာလုပ်ရမှန်း မသိအောင် ကြောက်ရွံ့နေပြီဖြစ်သဖြင့်. . .

"ပစ်လေ. . . သေနတ်နဲ့ ပစ်ပါတော့လား"

တုန်တုန်ယင်ယင်နှင့် လှမ်းပြောလိုက်ရာ မထူးတော့ပြီမို့ ဆာမိက လက်ထဲမှ သေနတ်နှင့် ချိန်ကာ ကျည်ဆန်တစ်တောင့် ပစ်လွှတ်လိုက်လေသည်။

"ဒိုင်း. . ."

တိတ်ဆိတ်နေသောအချိန်လည်းဖြစ်၊ ဘုရားကျောင်းထဲမှာမို့ သေနတ်သံက အတော့်ကို ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။ ဆာမိမှာ သေနတ်ပစ် ကျွမ်းကျင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကြောက်ကြောက်လန့်လန့်နှင့် ပစ်လိုက်ရသော်ကြောင့် ကျည်ဆန်က လိုရာမရောက်ဘဲ နံရံတစ်နေရာသို့ သွားရောက်ထိမှန်လေသည်။

ထိုအချိန်မှာပင် ဆာမိမှာ ဟန်ချက်ပျက်သွားပြီး အောက်သို့ လျှောကျလာလေသည်။

အောက်သို့ ရောက်သောအခါ သေနတ်တခြား လူတခြား ဖြစ်သွားသောကြောင့် အမှောင်ထဲမှာ လိုက်လံရှာဖွေရပြန်သည်။

ယခုအချိန်မျိုးမှာ လူရိုင်းတွေ ဝင်လာပြီး လှံဖြင့် ထိုးသတ်ပါက ပြေးပေါက်မရပဲ သေရတော့မည်မှာ အမှန်ပင်ဖြစ်သည်။

အတန်ကြာသောအခါမှ ကြမ်းပြင်တစ်နေရာ၌ ကျနေသော သေနတ်ကို ပြန်စမ်းမိသဖြင့် ကောက်ယူလိုက်လေသည်။

သေနတ်ရသောအခါ နောက်တစ်ချက် ပစ်ရန် အပေါက်ဝသို့ လှည့်လိုက်သောအခါ တံခါးပေါက်ဝမှာ ရပ်နေသော အရိပ်မည်းကြီးက မရှိတော့ပေ။

"ဟင်. . ."

အတွင်းသို့ ဝင်လာလေရော့သလားဟု ဇဝေဇဝါနှင့် လက်နှိပ်မီးဖြင့် ထိုး၍ လိုက်လံရှာကြည့်ပြန်တော့လည်း အတွင်း၌ တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

"မူတူး. . . စောစောက ရပ်နေတဲ့လူ ဘယ်ရောက်သွားပြီလဲ"





"ငါလည်း မသိဘူး၊ မင်းသေနတ်ထဲမှာ ကျည်ဆန်သိပ်မရှိတော့ဘူး မဟုတ်လား၊ ငါတို့ပြန်ကြရအောင်၊ တော်ကြာ လူရိုင်းတွေ အများကြီး ရောက်လာရင် ပြေးပေါက်မရဘဲ ဖြစ်လိမ့်မယ်"

ဟု မူတူးက သတိပေးသည်။

ဆာမိသဘောကတော့ ပတ္တမြားကို ရအောင်ယူချင်သေးသည်။ သို့သော် မူတူးပြောသလို နောက်ထပ်လူရိုင်းတွေ ရောက်လာမှာကိုလည်း စိုးရိမ်ရသေးသည်။ စောစောက တံခါးပေါက်ဝမှ ရပ်နေသူမှာ လူရိုင်းကြီးတစ်ယောက် အမှန်ဖြစ်လျှင် သူ့လူတွေကို ပြန်ခေါ်နေမှာ သေချာလှသည်။

ထိုအခိုက်မှာပင် ပတ်ဝန်းကျင်တစ်ဝိုက်မှ တောတိုးလာသောခြေသံများကို ကြားရသောကြောင့် နှစ်ယောက်သား ဘေးပေါက်မှ ထွက်ကာ ပြေးကြရလေသည်။ ထိုသို့ပြေးသောအခါမှ နောက်မှ လိုက်လာသော ခြေသံများကလည်း နီးကပ်သထက် နီးကပ်လာရာ လက်နှိပ်မီးရောင်ကိုပင် မသုံးဝံ့ကြတော့ဘဲ ခြေဦးတည့်ရာသို့ ပြေးကြရာ နောက်ဆုံး လူချင်းကွဲသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၂)

# သတ္တာမဲ့သူများ၏ထူးဆန်းသောကံကြမ္မာ

သွားတုန်းက ဆာမိနှင့်မူတူးတို့နှစ်ယောက်ဖြစ်သော်လည်း စခန်းသို့ ပြန်ရောက်လာသူမှာ မူတူးတစ်ယောက်သာဖြစ်သည်။ သူပြန်ရောက်လာသောအချိန်မှာ အရုဏ်တက်ချိန်ရောက်နေပြီဖြစ်သောကြောင့် စခန်းမှ လူများပင် နိုးနေကြချေပြီ၊ မူတူးမှာလည်း ကယောင်ချောက်ချား ဖြစ်နေလေပြီ။

"မူတူး. . . ဘယ်လိုဖြစ်လာတာလဲ"

"ဟို. . . ဟို. . . တောထဲမှာ "

"တောထဲမှာ ဘာဖြစ်သလဲ၊ ဘယ်သူနဲ့ တွေ့လာတာ

မူတူးမှာ ကောင်းစွာအဖြေမပေးနိုင်ဘဲ. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဆာမိ သေပြီ . . . ဆာမိ သေပြီ"

ဟုသာ အထပ်ထပ် ရေရွတ်နေလေသည်။

သို့ကြောင့် ၎င်းကို ပုံမှန်အတိုင်း စိတ်တည်ငြိမ်မှုရစေရန် ပြန်လည်ပြုစုကြပြီး အတန်အသင့် ပုံမှန်ဖြစ်လာတော့မှ အခြေအနေကို မေးမြန်းကြည့်ရသည်။

"ကျွန်တော်နဲ့ဆာမိတို့နှစ်ယောက် တောထဲကို သွားကြတယ်၊ နတ်ဘုရားမရုပ်ထုရှိတဲ့နေရာကိုလည်း ရောက်ခဲ့ပါတယ်"

"ဟင် . . . မင်းတို့က အဲဒီနေရာကို နှစ်ယောက်တည်း ဘာသွားလုပ်ကြတာလဲ"

ထိုသို့မေးသောအခါ ပထမတော့ မူတူးမှာ မပြောဘဲနေပြီး အတန်တန် မေးတော့မှ မတတ်သာသည့်အဆုံး ဖွင့်ပြောလေသည်။

"ပတ္တမြားကြီးကို ယူဖို့သွားတာပါ"

"မင်းတို့က ဘာကြောင့် ပတ္တမြားကြီးကို ယူချင်ရတာလဲ ရောင်းစားဖို့လား"

"မဟုတ်ပါဘူး . . . ပတ္တမြားကြီးက ကျွန်တော်တို့ နတ်ဘုရားမရဲ့ပစ္စည်းမို့ပါ"

"ဟင် . . ."

ဒီတော့မှ ဆာမိနှင့်မူတူးတို့နှစ်ယာက်မှာ နတ်ဘုရားမဂိုဏ်းသားများ ဖြစ်မှန်း သိရလေတော့သည်။

"အဲဒီလို သွားယူတော့ ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံခဲ့ရသလဲ . . . မှန်မှန်ပြောပြစမ်း"





"ကျွန်တော်တို့နှစ်ယောက် နတ်ဘုရားကျောင်းကို ရောက်သွားပြီး ရုပ်ထုကြီးပေါ်က ပတ္တမြားကို ဆာမိက ယူဖို့လုပ်နေတုန်း လူရိုင်းတွေ ရောက်လာပါတယ်"

"လူရိုင်းဘွေက အတော်များသလား"

"အမှောင်ထဲမှာ တွေ့လိုက်ရတုန်းကတော့ လူရိုင်းကြီးတစ်ယောက်ထဲပါပဲ၊ အမှောင်ထဲမှာ ဘယ်လောက်များသလဲဆိုတာတော့ ကျွန်တော်မမြင်ရပါဘူး"

"နောက်တော့ ဘယ်လိုဖြစ်သလဲ . . . ဆက်ပြောပြပါဦး"

"ပတ္တမြားကို ယူဖို့လုပ်နေတုန်း လူရိုင်းတွေ ရောက်လာတာနဲ့ ဆက်မယူဝံ့တော့ဘဲ နှစ်ယောက်စလုံး ထွက်ပြေးကြရပါတယ်၊ အမှောင်ထဲမှာတော့ ခြေသံတွေ အများကြီးကြားရတယ်၊ နောက်တော့ လူချင်းကွဲသွားပြီး ဆာမိအော်သံကိုပဲ ကြားလိုက်ရပါတယ်"

ဟု မူတူးက တုန်တုန်ယင်ယင်နှင့် ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သဘောပေါက်သွားလေသည်။

ထိုအခြေအနေသည် မိမိတို့အဖွဲ့သားများထဲ၌ သစ္စာဖောက်သူများ ရှိနေသည်ကို သိရသလို ရန်သူများ၏အခြေအနေကိုလည်း အတန်အသင့် သိရလေသည်။

"ဒါထက် ပတ္တမြားကြီး ရှိနေတာရော သေချာရဲ့လား"

"ဆာမိ ပြောတာကတော့ နတ်ဘုရားရဲ့ရုပ်ထုမှာ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားကြီး ရှိနေသေးတယ်လို့ ပြောပါတယ်"

"မင်းတို့ တွေ့ခဲ့တာ လူရိုင်းတွေ ဖြစ်တယ်ဆိုတာရော သေချာရဲ့လား"

"လှံရှည်ကြီး ကိုင်ထားတာဆိုတော့ လူရိုင်းတွေပဲ ဖြစ်မှာပါ"

"မင်းထင်သလို လူရိုင်းတွေ မဟုတ်ဘဲ နတ်ဘုရားကျောင်းစောင့်တဲ့ဝိညာဉ်တွေလဲ ဖြစ်နိုင်တယ် မဟုတ်လား"

ထိုစကားကြောင့် မှုတ္တူး၏မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော် ဖြစ်သွားလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က. . .

"ကဲ. . . မှုတ္တူး၊ မင်းဆရာကတော့ မင်းတို့ကို ယုံကြည်ကြည်နဲ့ ငါတို့နဲ့ ထည့်လိုက်တာပဲ၊ ဒါပေမယ့် မင်းတို့ လျှို့ဝှက်ဂိုဏ်းသားတွေ ဖြစ်နေတာကို သိရပြီ၊ ဒီတော့ ငါတို့အဖွဲ့နဲ့ ဆက်လိုက်ဖို့ မလိုတော့ဘူး. . . မင်းသွားပေတော့"

ဟု လေသံမာမာဖြင့် ပြောလိုက်သည်။

"ကျွန်တော်မှားပါတယ် ဆရာ၊ ကျွန်တော့်ကို ဒီတောနက်ကြီးထဲမှာ တစ်ယောက်ထဲတော့ မထားခဲ့ပါနဲ့၊ ကျွန်တော် နောက်ကို သစ္စာမဖောက်တော့ပါဘူးလို့ ကတိပေးပါတယ်"

ဟု ငိုယိုကာ တောင်းပန်လေသည်။

"ဒါဖြင့် အခုအဖွဲ့ထဲမှာ မင်းတို့ဂိုဏ်းသား ဘယ်နှယောက် ရှိသလဲဆိုတာ အမှန်တိုင်း ပြောပေတော့"

မှုတ္တူး၏ပြောပြမှုကြောင့် ကုလားအလုပ်သမားများထဲ





နောက်ထပ်နှစ်ယောက်ပါ တွေ့ရသည်။

လျှို့ဝှက်ဂိုဏ်းသားလေးဦး ပါလာရာ ယခု ဆာမိတစ်ယောက် ပျောက်သွားသောကြောင့် သုံးယောက်ကျန်နေသေးသည်။

"ကဲ. . . မင်းတို့သုံးယောက် ဘယ်လိုလုပ်မလဲ၊ တို့အဖွဲ့နဲ့ အတူလိုက်မလား၊ ဒါမှမဟုတ် ဒီတောထဲမှာပဲ နေခဲ့မလား၊ ကြိုက်ရာသာ ပြောပေတော့"

"ကျွန်တော်တို့ကိုတော့ ဒီတောထဲမှာတော့ မထားခဲ့ပါနဲ့ ဆရာ၊ ဒီတောထဲမှာ ထားခဲ့ရင် ဘယ်နည်းနဲ့မှ အသက်ရှင်လျက်နဲ့ အပြင်ကို ပြန်ရောက်မှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ သုံးယောက် ဆရာတို့နဲ့ပဲ လိုက်ခဲ့ပါရစေ"

"ဒီအတိုင်းတော့ လိုက်လို့မရဘူး၊ သစ္စာပြုပြီးမှ လိုက်လို့ရမယ်"

"ဆရာကြိုက်သလို လုပ်ပါ၊ ကျွန်တော်တို့ လိုက်နာပါ့မယ်"

သို့ကြောင့် မှုတ္တူးအပါအဝင် ကျန်နှစ်ယောက်ကိုပါ ကတိသစ္စာ ဆိုခိုင်းပြီး သူတို့ကိုပင် လမ်းပြခိုင်းကာ ရှေ့သို့ ခရီးဆက်ကြလေသည်။

ထိုလမ်းမှာ ညက ဆာမိနှင့် မှုတ္တူးတို့နှစ်ယောက် သွားခဲ့သောလမ်းပင်ဖြစ်သည်။

လမ်းတစ်လျှောက်လုံး သစ်ကိုင်းသစ်ခက်များကို ခုတ်ဖြင့်သွားသော ဓါးချက်များကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်လာသောအချိန်မှာ မွန်းလွဲပိုင်းအချိန် ဖြစ်သောကြောင့် ညနေပိုင်းအချိန် ရောက်သည်အထိ နတ်ဘုရားကျောင်းရှိရာသို့ မရောက်ကြသေးပေ။

တောနက်အတွင်း၌ အမှောင်ထဲမှာ စခန်းချရန် မသင့်သောကြောင့် မမှောင်ခင် နတ်ဘုရားကျောင်းသို့ ရောက်ရန် ခပ်သုတ်သုတ် ခရီးနှင်ကြလေရာ နောက်ဆုံး ညဦးပိုင်းအချိန် လောက်၌ နတ်ဘုရားကျောင်းဝသို့ ရောက်သွားကြလေသည်။

နတ်ဘုရားကျောင်းမှာ ရှေးခေတ်ဘုရားကျောင်း သဏ္ဍာန်မျိုးဖြစ်ပြီး ကျောက်သားများဖြင့် ထွင်းထုဆောက်လုပ် ထားခြင်းဖြစ်လေသည်။

သို့သော်လည်း သစ်တောထဲ၌ နှစ်ပေါင်းများစွာ မြေ မပြင်ဘဲ ရှိနေသောကြောင့် ရေညှိများ တက်ကာ အစိမ်းရောင်နှင့် အမည်းရောင်များ ဖုံးလွှမ်းနေသည်။

ယခင်ကတော့ အချွန်အတက်များ ရှိဟန်တူသော်လည်း ယခုတော့ ကျိုးပဲ့ပျက်စီးကာ အဆောက်အဦး အထည်သာ ကျန်တော့သည်။

အဝင်ပေါက်တံခါးမှာ အတန်ငယ်မြင့်ပြီး တစ်ပေါက် တည်း ရှိဟန်တူလေသည်။

နေဝင်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့် ပြင်၍ ပတ်ဝန်းကျင်အခြေအနေကို ကြည့်သည်။





မသင်္ကာစရာ အရိပ်အခြေတော့ ဘာမှမတွေ့ရပေ။ သို့ကြောင့် အပေါက်ဝမှ ဘုရားကျောင်းဆောင်အတွင်းသို့ ဝင်ကြလေသည်။

ဘုရားကျောင်းဆောင်ထဲမှာ မှောင်နေလေသည်။ အခန်းမှာ အတော်အတန် ကျယ်ဝန်းလေသည်။ ကျောက်နံရံများမှာလည်း ကြောက်မက်ဖွယ်ရာကောင်းသော ရုပ်ထုများကို ထွင်းထုထားလေသည်။

အချို့နံရံများတွင် လူများကို ခေါင်းဖြတ်သတ်နေသောပုံများ၊ ဓါးများကို မြှောက်၍ ခေါင်းပြတ်များကို လက်ထဲ၌ ကိုင်ထားသည့်ပုံများ၊

နွားနှင့်ဆိတ်များကို သတ်နေပုံများ၊

မိန်းမ၊ ယောက်ျားတို့၏ကိုယ်ခန္ဓာများကို ရုပ်လုံးကြွများ ဖြင့် ထွင်းထုထားလေသည်။

ယခင်ကတော့ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် နှင့် အမည်းရောင်များကို ခြယ်သထားဟန် ရှိသော်လည်း ယခုအခါမှာတော့ ရေညှိရေမှော်များ တက်နေပြီဖြစ်သောကြောင့် အရောင်အဆင်း မပီပြင်တော့ပေ။

အခန်းအလယ်လောက်တွင် ယဇ်ပူဇော်ရာ၌ အသုံးပြုခဲ့သော ကျောက်ပလ္လင်ရှိပြီး ၎င်းအပေါ်မှာတော့ နတ်ဘုရားမရုပ်တု ရှိလေသည်။

ရုပ်တုကြီးမှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။ ကမ္ဘာပေါ်တွင် လူသားများ မျိုးတုံးပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



မည်ကို အလိုရှိသော လူသားတို့ကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်မှ ကျေနပ်နှစ်သက်သော နတ်ဘုရားမ၏ရုပ်ထုမှာ အမှောင်ထဲ၌ အသက်ဝင်နေသည့်အလား ထင်ရလေသည်။

မည်သည့်အရာနှင့် ပြုလုပ်ထားမှန်း မသိသော မျက်လုံး အစုံမှာ အမှောင်ထဲမှာပင် အရောင်လက်နေသည်လား ထင်ရလေသည်။ နက်မှောင်သော မျက်နှာပြင်ပေါ်၌ ပြူးထွက်နေသော မျက်လုံးအစုံ၊ ချွန်ထက်သောနှာခေါင်း၊ ထူထဲသော ပါးစပ်ပေါက် အတွင်းမှ အစွယ်နှင့် သွားကြီးများကလည်း အပြင်သို့ အတိုင်းသား ပေါ်နေလေသည်။

တွန့်လိမ်ကွေးကောက်သော ဆံပင်ပုံစံများကြားမှ အောက်သို့ လျောဆင်းနေသော မြွေသဏ္ဍာန်များကိုလည်း တွေ့ရသည်။ ဦးခေါင်းပိုင်းတစ်ခုလုံးမှာ မြွေများဖြင့် ရှုပ်ထွေးနေလေသည်။

ကိုယ်ခန္ဓာပေါ်တွင် တစ်ဖက်တွင် လက်ငါးချောင်းစီနှင့် လက်ဆယ်ချောင်း တပ်ဆင်ထားပြီး လက်အချို့တွင် ဓါး၊ ... ခက်ရင်း အစရှိသည်တို့ကို ကိုင်ထားကာ လက်အချို့မှာတော့ မြွေများနှင့် လူဦးခေါင်းများကို ကိုင်ထားလေသည်။ ရုပ်ထု၏ လည်ပင်းတစ်ဝိုက်တွင် လူဦးခေါင်းခွံအရိုးများကို သီကုံးထားသည့်လည်ဆွဲကို ဆွဲထားလေသည်။

နဖူးနေရာတည့်တည့်မှာတော့ ပတ္တမြားလုံးကို မြှုပ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့်





ကြည့်တော့ အနီရောင်များ တဖျပ်ဖျပ် တောက်ပနေသည်။

"ကျုပ်တို့ လိုချင်တဲ့ပတ္တမြားက အဲဒီပတ္တမြားပဲလား မောင်ထင်ကျော်"

ဟု ဦးဇန်ကောင်းက ခပ်တိုးတိုး ကပ်မေးသည်။

"ဟုတ်တယ် အဘ"

"ပတ္တမြားက အလုံးအရွယ်အစားလည်း ကြီးတယ်၊ အရည်အသွေးလည်း အတော်ကောင်းပုံရတယ်၊ ဒီလောက် တန်ဖိုးရှိတဲ့ ပတ္တမြားကြီးတစ်လုံး တောနက်ထဲမှာ ဒီအတိုင်း ရှိနေတာကို ဘယ်သူကမှ မယူဝံ့ဘူးဆိုတော့ အကြောင်းတစ်ခု တော့ ရှိလိမ့်မယ်ထင်တယ်"

"ရှိနိုင်တာပေါ့ အဘရဲ့"

"ကျုပ်အထင် ပြောရရင်တော့ ပတ္တမြားကို ယူသွားလိုက်၊ အန္တရာယ်နဲ့ တွေ့လိုက်၊ ဒီနေရာ ပြန်ရောက်လာလိုက် ဖြစ်နေပုံရတယ်"

"အဘပြောသလိုလည်း ဖြစ်နိုင်တယ်၊ ဒီနတ်ဘုရား ကြောင်းနဲ့ ဒီပတ္တမြားက လူတွေအတွက် ထောင်ချောက်လည်း ဖြစ်နိုင်တယ်"

"ဘယ်လိုထောင်ချောက်မျိုးလဲ မောင်ထင်ကျော်"

"ဒီနေရာကို ရောက်လာတဲ့သူတွေဟာ ပတ္တမြားကို မြင် ... ဘယ်သူမဆို ယူမှာပဲ၊ အဲဒီလို ယူတဲ့လူတိုင်း အန္တရာယ် တစ်ခုခုနဲ့ မုချတွေ့မှာပဲ၊ ဒါကြောင့် ဒီပတ္တမြားဟာ ဘယ်သူမှ ယူနိုင်ဘဲ ဒီနေရာမှာ ရှိမြဲရှိနေတာပေါ့"

www.burmeseclassic.com



"ဖြစ်နိုင်တာပေါ့ . . . ဒါဖြင့် ကျုပ်တို့ အခု ဘယ်လိုလုပ်ကြမလဲ"

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်အကဲခတ်လိုက်ပြီး . . .

"ဒီညတော့ အချိန်မရှိတော့ဘူး၊ ဒီဘုရားကျောင်းထဲမှာ စခန်းချပြီး အခြေအနေ စောင့်ကြည့်ရင် မကောင်းဘူးလား"

ဟု မေးသောအခါ အားလုံးက သဘောတူကြသဖြင့် ဘုရားကျောင်းအတွင်း တစ်နေရာ၌ စခန်းချကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ လက်နှိပ်ဓါတ်မီး တစ်လက်နှင့် ရုပ်ထုတင်ထားသော ကျောက်ပလ္လင်ကြီးတစ်ခုကို လိုက်လံကြည့်ရှုနေလေသည်။

သူ့စိတ်ထဲ၌ ထိုရုပ်ထုတစ်ခုကိုတွင် လျှို့ဝှက်ချက် တစ်ခုခု ရှိနေလိမ့်မည်ဟု ထင်နေမိသည်။

ရုပ်ထုတင်ထားသော အရှေ့ဘက် ကျောက်ပလ္လင်ပေါ်မှာ ခြောက်သွေ့နေသော သွေးစများကို တွေ့ရသည်။

အချို့သွေးစများက ရေမြောင်းသဖွယ် ပြုလုပ်ထားသော မြောင်းထဲမှာပင် ရှိနေသေးသည်။

အချို့သွေးများမှာ အပေါ်ယံ ခြောက်နေသော်လည်း လက်ဖြင့် ထိလိုက်သောအခါ စေးထန်းထန်း ဖြစ်နေသေးသည်။

ထိုအခြေအနေကို ကြည့်ခြင်းဖြင့် မကြာသေးသော အချိန်ကမှ တိရစ္ဆာန်တစ်ကောင်ကောင်ကို ယဇ်ပူဇော်ထားဟန် ရှိလေသည်။





ထိုအခြေအနေကို ကြည့်ရုံဖြင့် နတ်ဘုရားကျောင်း အတွင်း၌သော်လည်းကောင်း၊

ဒါမှမဟုတ် ပတ်ဝန်းကျင်တစ်ဝိုက်သော်လည်းကောင်း၊ ကြောက်မက်ဖွယ်ကောင်းလှသော အန္တရာယ်တစ်ခုခု ရှိနေမည်ကို သိနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုကြီး ပတ်ဝန်းကျင် တဝိုက်သာမက နတ်ဘုရားကျောင်း ပတ်ဝန်းကျင် အနံ့အပြားကိုပါ လိုက်လံကြည့်ရှုလေသည်။

နတ်ဘုရားကျောင်းနံရံများမှာ ထုထဲသော ကျောက်တုံး ကျောက်သားများဖြင့် ပြုလုပ်ထားတာ ဖြစ်ပြီး ဝင်ပေါက်က လည်း သူတို့ဝင်လာသော အရှေ့ဘက်မှ ဝင်ပေါက်တစ်ခုက ရှိလေသည်။

အကယ်၍ ရန်သူများ ဝင်လာလျှင်လည်း အရှေ့ပေါက် မှသာ ဝင်လာနိုင်စရာ ရှိသဖြင့် အတန်အသင့်တော့ လုံခြုံမှု ရှိလေသည်။ ညဦးပိုင်းအချိန်မှစ၍ မိုးလင်းသည့်အချိန်အထိ အလှည့်ကျ ကင်းစောင့်ရန် တာဝန်ယူကြရလေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ ကင်းစောင့်သူက စောင့်ပြီး ကျန်လူများက မောမောပန်းပန်းနှင့် အိပ်ကြလေသည်။

ရန်သူဝင်လာလျှင် အလွယ်တကူ သိနိုင်ရန် နတ်ဘုရားကျောင်းအတွင်း၌ မီးရောင်မထွန်းထားပဲ အဝင်ပေါက်မှ လှမ်းမြင်ရလောက်သောနေရာမှာသာ ထင်းခြောက်များဖြင့် မီးပုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖိုထားလေသည်။

သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ ဦးဒိဗ္ဗ ကင်းစောင့်သောအလှည့် ရောက်ကာ ကျန်လူများက အိပ်ကြလေသည်။ အားလုံး အိပ်ပျော်သွားချိန်လောက်တွင် ဦးဒိဗ္ဗက အခြေအနေကြည့်ပြီး ရုပ်ထုပေါ်သို့ ဖက်တက်သွားလေသည်။

သူသည် ရောက်စကတည်းက ရုပ်ထု၏အခြေအနေကို ကြည့်ထားသောကြောင့် လက်ချောင်းများပေါ်မှ တဆစ်ချင်း နင်းကာ အပေါ်သို့ တက်သွားလေသည်။

ရုပ်တု၏ပခုံးပေါ် ရောက်သွားသည်အထိတော့ အခြေအနေက ငြိမ်သက်နေဆဲပင်။

သူသည် အသင့်ယူဆောင်လာသော ဓါးဖြင့် ရုပ်တု၏ နဖူးပြင်၌ မြှုပ်ထားသော ပတ္တမြားကို ကော်ထုတ်ယူလေသည်။

ပတ္တမြားမှာ မူလအခြေအနေအတိုင်း မရှိတော့ဘဲ အကြိမ်ကြိမ် ကော်ထုတ်မှု ပြုထားသောကြောင့် သိပ်ခက်ခက်ခဲခဲ မရှိလှဘဲ သူ့လက်ထဲ ပါလာလေသည်။

ထိုအခိုက်မှာပင် နတ်ဘုရားကျောင်းအဝင်ပေါက်မှ အရိပ်မည်းကြီးတစ်ခု ထိုးကျလာလေသည်။

ဦးဒိဗ္ဗမှာ လူရိုင်းများ ရောက်လာလေပြီလားဟု လန့်သွားလေသည်။ သို့ကြောင့် ပတ္တမြားကို အိတ်ထဲသို့ အသေအချာ ထည့်ကာ ရုပ်ထုနောက်ဘက်၌ ကွယ်ကာ အခြေအနေကို ကြည့်နေလေသည်။

အပေါက်ဝမှာ ရပ်နေသော အရိပ်မည်းကြီးမှာ ရှေ့သို့





တိုးဝင်မလာဘဲ အခန်းပေါက်ဝမှာ ရပ်မြဲရပ်နေသောကြောင့် အံ့သြနေမိသည်။

အတန်ကြာသည်အထိ အခြေအနေ မထူးတော့မှ ရုပ်တုအပေါ်မှ အောက်သို့ အလျှင်အမြန် ပြန်ဆင်းလေသည်။ သူ အောက်ဘက်သို့ ပြန်ရောက်၍ အခန်းပေါက်ဝသို့ လှမ်းကြည့်လိုက်သောအခါ အရိပ်မည်းကြီးကို မတွေ့ရတော့ပေ။

အခန်းထဲမှာ အိပ်ပျော်နေသူများကလည်း ထိုအခြေအနေကို သိလိုက်ကြဟန်မတူပေ။

တစ်ယောက်မှ မလှုပ်ဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေကြသည်။

ထိုအခါ ဦးဒိဗ္ဗသည် လက်ထဲမှ ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ အခန်းပေါက်ဝ ရောက်အောင် ထွက်လာသည်။

အပေါက်ဝ ရောက်တော့ အပြင်ဘက်သို့ အခြေအနေ ကြည့်လိုက်တော့လည်း သာမန်အခြေအနေမျှသာ ရှိပြီး အခြားဘာမှမတွေ့ရပေ။

ထို့နောက်. . .

အဆောက်အဦးအပြင်ဘက်သို့ သတိကြီးစွာ ထား၍ ထွက်လာခဲ့လေသည်။

အပြင်မှာတော့ နွေည၏သဘာဝအတိုင်း အပူရှိန်နှင့် အအေးဓာတ်က ဒွန်တွဲလျက် ရှိနေသည်။

တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေကလည်း



www.burmeseclassic.com

www.burmeseclassic.com



လေပူဖြစ်သည်။ သူသည် လိုချင်သောပတ္တမြား ရပြီမို့ ခပ်သုတ်သုတ်လျှောက်၊ တစ်နေရာသို့ ရောက်သောအခါ သူသွားမည့်လမ်းတည့်တည့်တွင် မားမားကြီး ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရသည်။

သူရောက်နေသောနေရာနှင့် မဝေးလှချေ၊ စိတ်ထဲမှာ လူရိုင်းတစ်ယောက်ဟု ထင်လိုက်မိသော်လည်း သဲသဲကွဲကွဲတော့ မရှိလှပေ။

အခြားလမ်းမှလည်း ကွေ့ရှောင်သွားစရာလမ်း မရှိတော့သဖြင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ထိုနေရာသို့ပင် တိုးလာခဲ့သည်။

သူ့စိတ်ထဲမှာ တစ်ယောက်ချင်း ဖြစ်နေသောကြောင့် သူသေကိုယ်သေ သတ်ပုတ်ကာ ကျော်ထွက်မည်ဟု စိတ်ကူးလိုက်သည်။

သူက သတ္တိကောင်းစွာဖြင့် ရှေ့သို့ တိုးသွားစေကာမူ လမ်း၌ မားမားကြီး ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးက နေရာမှ တစ်လက်မမှ ရွေ့လျားမသွားပေ။

ထူးဆန်းသည်က ထိုသူသည် တစ်စက်ကလေးမှ မလှုပ်ရှားဘဲ ငြိမ်သက်စွာ ရပ်နေခြင်းဖြစ်သည်။ သူသည် အိတ်ထဲတွင်ထည့်ထားသော ပတ္တမြားကို လက်တစ်ဖက်ဖြင့် ဖိစမ်းလိုက်ပြီး ကျန်တစ်ဖက်က ဓါးမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အနီးသို့ တိုးကပ်သွားသည်။

သို့တိုင်အောင် လူရိုင်းက တစ်စက်ကလေးမှ မလှုပ်ရှား





သေးပေ။ ထိုအချိန်၌ ကောင်းကင်ပေါ်မှ လရောင်မှိန်ပျပျကလေးက သစ်ကိုင်းသစ်ရွက်များကြားမှ ထိုသဏ္ဌာန်ပေါ်သို့ ကျနေသည်။ အနီးရောက်သည့်တိုင် မလှုပ်မရှား ရှိနေသောကြောင့် ပိုမိုရဲလာကာ လက်တစ်ကမ်းအကွာသို့ ရောက်အောင် တိုးသွားလေသည်။

"အလိုလေး. . . ဘယ့်နှယ့်ဟာကြီးပါလိမ့်"

ဦးဒိဗ္ဗပါးစပ်မှ အာမေဋိတ်သံနှင့်အတူ ခြေလှမ်းများပါ ရပ်တန့်သွားလေသည်။

သူ့ရှေ့တွင် မားမားကြီး ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးမှာ သက်ရှိလူသားတစ်ယောက် မဟုတ်ပဲ ကျောက်ရုပ်ကြီးတစ်ရုပ်ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ထိုသူမှာ တစ်နေရာမှတစ်နေရာသို့ သွားလာနေရင်းနှင့် ကျောက်ရုပ်ဘဝ ရောက်သွားခြင်း ဖြစ်ဟန်တူ၏။ ၎င်း၏ ခြေလှမ်းများမှာ ရှေ့သို့ လှမ်းနေသည့်ပုံသဏ္ဌာန်မျိုးဖြစ်နေသည်။

"ဘုရား. . . ဘုရား၊ သာဝတ္ထိတောနက်ထဲမှာ လူစင်စစ်က ကျောက်ရုပ်ဖြစ်နေတယ်ဆိုတာ တကယ်ပါလား"

ဟု ထိတ်လန့်စွာ တွေးတောကာ နေရာမှ ပြေးထွက်ခဲ့လေသည်။ အတန်ငယ် ဝေးသောနေရာ ရောက်မှ နောက်မှ လိုက်များလာလေမလားဟု တွေးတောကာ လှည့်ကြည့်လိုက်သော့ ကျောက်ရုပ်ကြီးမှာ နေရာ၌ ရပ်မြဲရပ်နေလေသည်။

ထိုအခါ သစ်ပင်များ ကွယ်နေသော နောက်တစ်နေရာ၌ နောက်ထပ်ကျောက်ရုပ်တစ်ရုပ်နှင့် ဝင်တိုက်မိကာ ပစ်လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

“အမယ်လေး. . . ဒီမှာလည်း နောက်ထပ်ကျောက်ရုပ်တစ်ရုပ်ပါလား”

ရုပ်နေသောကျောက်ရုပ်နှင့် ဝင်တိုက်မိသောကြောင့် လက်ထဲမှာ ကိုင်ထားသော ဓါးပင် လွင့်ထွက်သွားလေသည်။ နေရာမှ လူးလဲထကာ အခြေအနေကို ကြည့်လိုက်တော့ လရောင်မှုန်ပျပျအောက်၌ နောက်ထပ်ကျောက်ရုပ်အတော်များများကို တွေ့ရသည်။

သူသည် ထိုနေရာ၌ဆက်မနေဝံ့သောကြောင့် ဆောက်တည်ရာ မရတော့ဘဲ ခြေဦးတည့်ရာသို့ ဆက်ပြေးခဲ့လေသည်။ လမ်းဟူ၍မဟုတ်ဘဲ ပြေးမိပြေးရာ ပြေးလာရသောကြောင့် အမှောင်ထဲမှ သစ်ပင်၊ သစ်ကိုင်း၊ ဆူးချုံများဖြင့် ခြစ်မိစူးမိသောကြောင့် မျက်နှာနှင့် တစ်ကိုယ်လုံးမှာပင် ဒဏ်ရာဒဏ်ချက်အတော်များများ ရခဲ့ချေပြီ။ ထိုဒဏ်ရာများမှ သွေးဖြိုင်ဖြိုင် စီးကျသော်လည်း မရပ်ဝံ့ဘဲ ဆက်ပြေးခဲ့လေသည်။

ဦးဒိဗ္ဗသည် ကြောက်ကြောက်လန့်လန့်နှင့် ပြေးမိပြေးရာ ပြေးနေမိရာ ဘယ်နေရာသို့ ရောက်မှန်းပင် မသိတော့ပေ၊ သူပြေးသောနေရာတိုင်းမှာလည်း တစ်နေရာမဟုတ် တစ်နေရာ၌ ကျောက်ရုပ်တုများက ရှိနေရာ ပြေး၍မလွတ်နိုင်အောင် ရှိနေတော့သည်။

ထိုအခိုက်မှာပင် အရှေ့ဘက်ဆီမှာ အရုဏ်ဦး အလင်းရောင်များပင် တက်လာချေပြီ။





တော၏အောက်ခြေ၌ သိပ်သည်းလျက်ရှိသော အမှောင်ထုများပင် လျော့ပါးစပြုလာချေပြီ၊

ထိုအခါမှပင် တစ်ညလုံး မရပ်မနား ပြေးလွှားခဲ့ရသဖြင့် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်လောက်အောင်ပင် ဖြစ်နေတော့သည်။

အကျႌနှင့်ဘောင်းဘီများမှာလည်း သစ်ပင်၊ ဆူးပင်များနှင့် ခြစ်မိသောကြောင့် စုတ်ပြဲနေရုံမက မျက်နှာနှင့် တစ်ကိုယ်လုံးရှိ အသားများမှာလည်း ပေါက်ပြဲလျက် ရှိနေပြီ။ သို့ကြောင့် ကွက်လပ်တစ်နေရာသို့ ရောက်သောအခါ မြေပြင်ပေါ်သို့ ပစ်လှဲချလိုက်လေသည်။

ထိုနေရာသည် သစ်ပင်ရိပ်တစ်ခုအောက်ရှိ ချုံနွယ်သစ်ပင်များ အတန်အသင့် ရှင်းလင်းနေသောနေရာဖြစ်သည်။

ထိုသို့လှဲချလိုက်သောအခါမှာ နွံအိုင်တစ်ခုအတွင်းသို့ ဘွမိရက်သား ဖြစ်သွားလေတော့သည်။

“ဟင်. . .”

နွံအိုင်မှာ သိပ်မနက်လှပေ။

သူ့ကိုယ်လုံးမြုပ်သည်ဆိုရုံကလေးသာရှိသဖြင့် သဘောကျသလို ဖြစ်သွားလေသည်။

“အင်း. . . ရေမစိမ်ရပေမယ့် အခုလို နွံအိုင်ထဲမှာ စိမ်လိုက်ရတော့လည်း အမောပြေသွားတာပဲ”

ဟု တွေးတောကာ အနည်းငယ် အေးနေသော နွံအိုင်ထဲမှာ တစ်ကိုယ်လုံး နှစ်စိမ်လိုက်ပြီးမှ အပေါ်သို့ ပြန်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူသည် နွံအိုင်အတွင်းမှာ သစ်ကိုင်းတစ်ခုကို ဆွဲကိုင်ပြီး အပေါ်သို့ ပြန်တက်လာသည်။

ဦးဒိဗ္ဗ အပေါ်သို့ ရောက်သောအခါ နွံအိုင်မှာ ပကတိအတိုင်း ပြန်ဖြစ်သွားလေသည်။

ကမ်းစပ်ပေါ် ရောက်ပြီး အတန်ကြာအောင် ရပ်နေစဉ်မှာပင် လေတိုက်သည်နှင့် ကိုယ်ပေါ်မှ နွံသားများမှာ ချက်ချင်းသွေ့ခြောက်လာလေသည်။

သူသတိထားလိုက်မိသောအချက်က စောစော ကြားနေရသော လေတိုးသံများ၊ သစ်ပင်သစ်ရွက်တို့ လှုပ်ခတ်သံများမှာ တဖြည်းဖြည်းနှင့် တိတ်ဆိတ်ငြိမ်သက်သွားခြင်းပင်။

မျက်လုံးထဲမှာ သစ်ပင်များ လှုပ်နေတာ လေတိုက်နေတာကို မြင်နေရပါလျက် အဘယ်ကြောင့် အသံများ တိတ်သွားရပါလိမ့်၊ နားနှစ်ဖက်ကို တစ်စုံတစ်ခုဖြင့် ပိတ်လိုက်သကဲ့သို့ရှိသဖြင့် ဖယ်ရှားရန် လက်ကို မ,ယူလိုက်သည်။

လက်နှစ်ဖက်မှာ လှုပ်မရတော့ပေ။

"အလိုလေး. . . ဘယ်လိုဖြစ်ရတာပါလိမ့်"

အသံက လည်ချောင်းအတွင်း၌သာ ပေါ်ထွက်လာသော်လည်း ပါးစပ်ကလည်း မလှုပ်တော့ပေ။

ဦးဒိဗ္ဗမှာ ကြောက်လန့်တကြားနှင့် ထိုနေရာမှ အမြန်ဆုံး ပြေးထွက်ရန် ပြင်လိုက်သော်လည်း နောက်ကျသွားချေပြီ။

ခြေထောက်နှစ်ချောင်းကလည်း ကျောက်ခဲကြီးများ ဆွဲထားသကဲ့သို့ လုံးဝလှုပ်မရတော့ပေ။





တကယ်တော့ နွံနှစ်ရေများက သူ့တစ်ကိုယ်လုံး ချုပ်ကိုင်ထားခဲ့ချေပြီ။ နွံအိုင်အတွင်းမှ နွံရေများသည် ပြင်ပလေအပူရှိန်နှင့် တွေ့လိုက်သည်နှင့် အင်္ဂတေကဲ့သို့ မာကျောသွားကာ ကျောက်သားအသွင်ပြောင်းသွားခဲ့ချေပြီ။

ထိုအခါမှ သူ့မျက်စိထဲ၌ ရွေ့လျားနေသော လူသားကျောက်ရုပ်အချို့ကို တွေ့မြင်နေရသည်။

အချိန်ကား နှောင်းခဲ့လေပြီ။

...ပြီးပါပြီ...



www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁၃)

# ထူးဆန်းသောမရဏနံ့အိုင်များ

နံနက်လင်းသောအခါမှ မိမိတို့အဖွဲ့ထဲမှ ဦးဒိဗ္ဗ တစ်ယောက် ပျောက်ဆုံးနေသည်ကို သိကြရသဖြင့် လိုက်လံရှာဖွေကြသောအခါ မတွေ့ရတော့ပေ။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သတိရသဖြင့် ဘုရားမရုပ်ထုသို့ သွားရောက်ကြည့်သောအခါ နဖူး၌ မြှုပ်နှံထားသော ပတ္တမြားမှာ ပျောက်ဆုံးနေလေပြီ။

ထိုအခြေအနေကို မြင်သောအခါ ဇမုန်းထန်မှာ မျက်စိကျ၍ နှာပျက်နေလေသည်။

"ဦးဒိဗ္ဗတော့ သစ္စာဖောက်သွားပြီ၊ ဒီပတ္တမြား မရှိရင် ရတနာတွေကို ရှာနိုင်မယ် မထင်ဘူး၊ သူ့နောက်ကို လိုက်ကြမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်"

ဟု ဇမုန်းထန်က ပြောသည်။

"ဦးဒိဗ္ဗကို မတွေ့တာနဲ့ ပတ္တမြားကြီးကို ယူပြီး ထွက်ပြေး သွားတယ်လို့ ဘာကြောင့်အတပ်ပြောနိုင်တာပဲ"

ဒေါက်တာမင်းထင်ကျော်က ချက်ကျလက်ကျ မေး လိုက်သောအခါ ဇမုန်းထန်မှာ ဘယ်လိုပြန်ပြောရမှန်း မသိ အောင် ဖြစ်သွားလေသည်။

"သူ အကြံအစည်တစ်ခုခုနဲ့ လိုက်လာတယ်ဆိုတာ ကျုပ်ရိပ်မိတယ်၊ ဒီပတ္တမြားကို သူရသွားရင် ရတနာပစ္စည်းတွေ ကို သူအရင်သွားပြီးရှာတော့မယ်၊ အမြန်လိုက်မှ ဖြစ်တော့မယ်"

ဇမုန်းထန်၏အမူအယာမှ မိမိရကာနီးသောပစ္စည်း အခြားတစ်ယောက်က လုယူသွားသဖြင့် အခံရခက်နေသောပုံ မျိုး ဖြစ်လေသည်။ သို့သော်လည်း ဒေါက်တာမင်းထင်ကျော်က ဘာမှမပြောတော့ဘဲ ဦးဒိဗ္ဗနောက်သို့ လိုက်ရန်သာ စီစဉ်လေ တော့သည်။

ထိုသို့လိုက်ရာတွင် ကုလားများကို နတ်ဘုရားကျောင်း အတွင်းမှာပင် အစောင့်ထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော် အပါအဝင် လူခြောက်ယောက်သာ လက်နက်ကိုင်၍လိုက်ကြ လေသည်။ သူတို့သည် တောနက်ထဲသို့ ပြန်ဝင်ကာ ခြေရာ လက်ရာများကို ကြည့်၍ လိုက်ကြလေသည်။

အချိန်မှာ နံနက်(၉)နာရီခန့် ရှိပြီမို့ နေရောင်ခြည်က တက်လာရာ အလင်းရောင် ကောင်းစွာရနေချေပြီ။





သူတို့ခြောက်ယောက် တောထဲသို့ ရောက်သောအခါ လှမ်းမကမ်းနေရာမှ လိုက်လာသောခြေသံအချို့ကို ကြားလာရ သည်။

သို့ကြောင့် မျက်စိကို ရှင်ရှင်ထား၊ နားကိုလည်း စွင့်ကာ သွားကြရသည်။ လက်ထဲမှာ ကိုင်ထားသော သေနတ်များကို လည်း အကြောင်းရှိလျှင် အသုံးချနိုင်ရန် အဆင်သင့် ပြင်ထား လေသည်။

တောနက်ထဲသို့ ရောက်လာသည်အထိ ခြေသံအချို့ကို ကြားနေရသေးသော်လည်း အန္တရာယ်ကတော့ ဝင်မလာသေး ချေ။

"ကျုပ်တို့နောက်ကို တကောက်ကောက် လိုက်နေတဲ့ ခြေသံတွေ ကြားရဲ့လား မောင်ထင်ကျော်"

"ကြားရတယ် အဘ"

"လူရိုင်းတွေ ဖြစ်မယ်ထင်တယ်"

"လူရိုင်းတွေဆိုရင် အခုအချိန်လောက်ဆိုရင် ဝင်တိုက် တော့မှာပေါ့"

"သူတို့ ဘာကြောင့် ဝင်မတိုက်သေးတာလဲ မသိဘူး"

"လူရိုင်းတွေလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"ဒါဖြင့် ဘာဖြစ်မလဲ"

"ဒါကတော့ အခြေအနေ စောင့်ကြည့်မှ သိရမှာပဲ"

ဟု ပြောကာ တစ်ယောက်နှင့်တစ်ယောက် အချက်ပြ ကာ ရပ်လိုက်ကြသည်။ ထိုအခါ ဘေးနှင့် နောက်မှ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောခြေသံကလည်း တစ်ခါတည်း ရပ်သွားလေသည်။

အတန်ကြာအောင် စောင့်ကြည့်တော့လည်း အခြေအနေက မထူးတော့ပေ။ သို့ကြောင့် သေနတ်များကို အဆင်သင့် ပြင်ကာ စောစောက ခြေသံကြားရာဘက်သို့ တိုးဝင်သွားကြသည်။

ခြေလှမ်းနှစ်ဆယ်ခန့် ဝေးသောနေရာသို့ ရောက်သောအခါ သစ်ပင်ချုံကွယ်တစ်နေရာတွင် မားမားကြီး ရပ်နေသော လူရိုင်းကြီးကို တွေ့ရသဖြင့် သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံက တိတ်ဆိတ်ငြိမ်သက်နေသော တောနက်အတွင်း၌ ပဲ့တင်ထပ်သွားလေသည်။

အနီးကပ် သေနတ်ဖြင့် ပစ်ရာ ထိမှန်သွားသော်လည်း လူရိုင်းကြီးက လဲကျမသွားဘဲ ရပ်မြဲရပ်နေလေသည်။

နောက်တစ်ချက် ပစ်ရန် ချိန်လိုက်တော့မှ ရပ်နေသော လူရိုင်းမှာ လူအစစ် မဟုတ်ဘဲ ကျောက်ရုပ်ကြီးဖြစ်နေသည်ကို သတိပြုမိလေတော့သည်။

ထိုအခါမှ အနားသို့ သွားကာ အသေအချာ ကြည့်ရသည်။ ဒေါက်တာမင်းထင်ကျော်က ဘူမိဗေဒဘာသာဖြင့် ဒေါက်တာဘွဲ့ ရထားသူမို့ လူရိုင်းကြီးကိုယ်ပေါ်မှ ကျောက်သားကို ကြည့်နေရင်း အံ့ဩနေလေသည်။

လူသားကျောက်ရုပ်ကြီးမှာ နှစ်အတန်ကြာကတည်းက ရှိနေဟန်ဖြင့် ကျောက်ရုပ်ပေါ်၌ ရေညှိရေမှော်များပင် တွယ်ကပ်





နေလေသည်။

ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံနှင့် လူသားတို့ ထုဆစ်ထားသော ကျောက်ရုပ်မဟုတ်ဘဲ သဘာဝအတိုင်း ဖြစ်နေမှန်း သိရသဖြင့် ပို၍အံ့ဩသွားလေသည်။

သူသည် ခါးဦးချွန်ဖြင့် ကျောက်သားများကို ထိုးခွာ၍ ကြည့်လေရာ လေနှင့်ထိသည်ဖြစ်စေ၊ အပူရှိန်နှင့် ထိလိုက်သည်ဖြစ်စေ အလွန်လျင်မြန်စွာ ကျောက်ဖြစ်လွယ်သော ထုံးကျောက်တစ်မျိုးဖြစ်ကြောင်း သိရလေသည်။

မီးတောင်ဝမှာ ထွက်လာသော ချော်ရည်ကဲ့သို့ အစိုင်အခဲ ဖြစ်လွယ်သော ဓါတ်တစ်မျိုးကိုလည်း တွေ့ရသည်။

"ဒီကျောက်ရုပ်ကြီးက အဆန်းပဲနော်"

"ဒါ ကျောက်ရုပ်မဟုတ်ဘူး. . . လူတစ်ယောက်ပဲ"

"ဟင်. . . လူတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်. . . လူစင်စစ်ကနေ ကျောက်ဖြစ်နေတာ"

"ဘယ်လိုဖြစ်တာလဲ ဆရာ. . . ရှင်းပြပါဦး"

"သူဟာ တောထဲမှာ သွားရင်းလာရင်းနဲ့ ကျောက်ဖြစ်လွယ်တဲ့ နွံအိုင်ထဲကို အမှတ်တမဲ့ ကျပြီး အပေါ်ကို ပြန်တက်လာပြီး မကြာခင်မှာ အခုလို ကျောက်သားပကတိ ဖြစ်သွားတာပဲ၊ ဒါပေမယ့် သူသေတာ ကြာပါပြီ၊ မျက်လုံးအိမ်ထဲမှာ မျက်ဆံတောင် မရှိတော့ဘူး"

"ဒါဖြင့် ဒီနားတစ်ဝိုက်မှာ ကျောက်ဖြစ်နိုင်တဲ့နွံအိုင် ရှိမယ်ထင်တယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိနိုင်တာပေါ့. . . ဟုတ်မဟုတ် လိုက်ကြည့်ကြရအောင်"

ဟု ပြောကာ ထိုလူသားကျောက်ရုပ်ကြီးတဝိုက်ကို လိုက်လံကြည့်သောအခါ မလှမ်းမကမ်းတွင် ကွက်လပ်တစ်ခုကို လှမ်းမြင်ရသည်။ ထိုနေရာသည် သစ်ပင်များ အုံ့ဆိုင်းနေသောနေရာအောက်ဖက်၌ ရှိပြီး ကွက်လပ်တစ်ခုကဲ့သို့ ဖြစ်နေလေသည်။

အပေါ်မျက်နှာပြင်ပေါ်မှ ကြည့်လျှင် ကျောက်ကျောများ အပေါ်မျက်နှာတင်းပြီး အောက်၌ အရည်အတိုင်း ရှိနေသကဲ့သို့ လူတို့ ရှင်းလင်းထားသော မြေကွက်လပ်နှင့်ပင် တူလေသည်။ မြေကွက်လပ်အထင်နှင့် နင်းလိုက်လျှင် အောက်သို့ မြုပ်ဝင်သွားမှာ သေချာလောက်သည်။

ဒေါက်တာမင်းထင်ကျော်က မလှမ်းမကမ်းရှိ ဝါးလုံးတစ်လုံးကို ခုတ်ယူပြီး မြေကွက်လပ်သို့ ထိုးချလိုက်ရာ အောက်သို့ မြုပ်ဝင်သွားသည်။

ပြန်နှုတ်ယူလိုက်တော့ အဖြူရောင်နွံရည်များက ဝါးလုံးမှာ ကပ်ပါလာသည်။

ဒေါက်တာမင်းထင်ကျော်က ဝါးလုံးကို နေရောင်မှာပြထားပြီး ငါးမိနစ်ခန့် ကြာသောအခါ ကြည့်လိုက်လျှင် ဝါးလုံးမှာ ကပ်နေသောအရည်များမှာ ကျောက်သားပကတိ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

"ဒီရေအိုင်ထဲကို အမှတ်တမဲ့ ကျသွားတဲ့လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် ငါးမိနစ်အတွင်းမှာ အခုလို လူစင်စစ်က ကျောက်ရုပ်ပကတိ ဖြစ်သွားမှာပဲ"

"ဒီလိုဖြစ်မှန်း သိရင် ကိုယ်မှာ ကပ်နေတဲ့ နွံရေတွေက အမြန်ဖယ်ရှားပစ်နိုင်ရင်ကော ဘယ်လိုဖြစ်မလဲ ဆရာ"

"ဒီအိုင်အကြောင်းကို သိနေတဲ့လူ ဖြစ်ရင်တော့ ကိုယ်ပေါ်က နွံရည်တွေကို ဖယ်ဖို့ ရေရှိမှ ဖြစ်မှာကိုး၊ နောက်ပြီး ငါးမိနစ်အတွင်းမှာ သူလက်တွေက ကျောက်ဖြစ်ပြီး လှုပ်လို့မှ ရနိုင်တော့တာ. . . ဘယ်လိုလုပ်မလဲ"

"ကြောက်စရာကောင်းလှချည်လား"

ထို့နောက်. . .

သူတို့သည် သတိကြီးစွာထား၍ ရှေ့သို့ ခရီးဆက်ကြရာ နေရာအနှံ့အပြားတွင် ကျောက်ရုပ်ဖြစ်နေသော လူနှင့် တောတိရစ္ဆာန်များကို တွေ့ကြရသဖြင့် ထိုတောထဲတွင် မရဏနွံအိုင်အတော်များများ လျှို့ဝှက်စွာ ရှိနေသည်ကို သတိပြုမိကြသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်ရုပ်များကို တွေ့လျှင် တစ်ခုချင်း အနားကပ်၍ သတိဖြင့် ကြည့်ရှုစစ်ဆေးသွားလေသည်။ ကျောက်ရုပ်အတော်များများမှာ နှစ်များစွာ ကြာမြင့်ခဲ့ဟန်ဖြင့် ရေညှိရေမှော်များ တက်နေလေပြီ။

တစ်နေရာ ရောက်သောအခါ ဖြူဖွေးလျက် ရှိနေသေးသော ကျောက်ရုပ်တစ်ရုပ်ကို တွေ့ရသဖြင့် အနားကပ်ကြည့်ရာ ခြေသောက်နား၌ ကျနေသော ခြောက်လုံးပြူးသေနတ်တစ်လက်ကို တွေ့ရသဖြင့် ကောက်ယူကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်မှာ မိမိတို့ ယူဆောင်လာသောသေနတ်မှန်း သိရသဖြင့်လူသားကျောက်ရုပ်၏မျက်နှာကို ကြည့်လိုက်သည်။ မျက်နှာပြင်ကသာ ကျောက်သားဖြစ်နေသော်လည်း မျက်လုံးနှစ်ဖက်က ပွင့်နေသောကြောင့် စိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။ သို့သော် မလှုပ်ရှားနိုင်တော့ပေ။

နှာခေါင်းနှင့် ပါးစပ်ပေါက်ဝကို ကျောက်သားများ ပိတ်သွားပြီး ပြင်းထန်သောဝေဒနာကို မခိုမဆန့် ခံခဲ့ရဟန်များကို ၎င်း၏မျက်လုံးအိမ်၌ တွေ့ရလေသည်။

"ဒါ. . . တစ်နေ့က သစ္စာဖောက်သွားတဲ့ ဆာမိမဟုတ်လား"

"ဟုတ်တယ်. . . သူလည်း မရဏနွံအိုင်ထဲ ကျပြီး အခုလို အသက်ပျောက်သွားတာ ဖြစ်မယ်"

"ဒါကတော့ သူ့လောဘကြောင့် ခံရတာပဲ"

ဒေါက်တာမင်းထင်ကျော်မှာ မိမိနှင့် ခရီးအတူလာခဲ့သူတစ်ယောက် ယခုကဲ့သို့ မရှုမလှ သေဆုံးရပုံကို တွေ့မြင်သောအခါ စိတ်မကောင်းဖြစ်မိလေသည်။

"ဒီတောထဲမှာ လမ်းမသိဘဲ သွားတဲ့လူတွေဟာ အတိုင်းပဲ ဒုက္ခရောက်ကြမှာပဲ"

"ဒါဖြင့် ဦးဒိဗ္ဗလည်း အခုလို မဖြစ်ဘူးလို့ မပြောနိုင်ဘူး လိုက်ရှာကြရအောင်"

ဟု ပြောဆိုကာ အခြားနေရာများသို့ လိုက်လံရှာဖွေကြလေသည်။ တောထဲမှာ တွေ့မြင်ရသောအခြေအနေများကြော





နေရာအတော်များများ၌ သတိဖြင့် သွားကြရလေသည်။

နွံအိုင်အတော်များများမှာ သစ်ပင်ရိပ်ကောင်းသောနေရာ၌ ရှိနေတတ်ပြီး အများအားဖြင့်တော့ သစ်ပင်ချုံနွယ်များမရှိဘဲ ကွက်လပ်ကြီးများ ဖြစ်နေတတ်သည်။

မရဏနွံအိုင်များမှာ အပေါ်ယံမှ ကြည့်လျှင် သွေ့ခြောက်နေဟန် ရှိသဖြင့် ဘယ်လိုမှ မသိနိုင်ပေ။

အချို့နွံအိုင်များ၏မျက်နှာပြင်ပေါ်၌ အမှိုက်များနှင့် သစ်ရွက်ခြောက်များ ဖုံးနေသောကြောင့် မမြင်နိုင်ပေ။

အမှတ်တမဲ့ နင်းချလိုက်ပြီး နွံအိုင်ထဲ ရောက်သွားပြီးမှ သိရမည့်ပုံမျိုးပင်။

ထိုအခါမှ ကြောက်လန့်တကြားနှင့် အပေါ်ပြန်တက်လာလျှင်တော့ အချိန်အနည်းငယ်တွင်းမှာပင် လူသားဘဝမှ ကျောက်ရုပ်ဘဝသို့ ပြောင်းရမည်မှာ သေချာလှသည်။

ဒေါက်တာမင်းထင်ကျော်တို့ခြောက်ယောက်မှာ တောနက်အတွင်း၌ လှည့်လည်ရှာဖွေရင်း အချို့မသင်္ကာသောနေရာများ ရောက်လျှင် ဝါးလုံးဖြင့် ထိုးကြည့်ပြီး စိတ်ချရတော့မှ ခရီးဆက်ကြလေသည်။

ဤသို့ဖြင့် နေ့လည်ပိုင်းအချိန် ရောက်သောအခါ သစ်ပင်များ အုပ်ဆိုင်းနေသောနေရာ၏အောက်ဘက်ရှိ ကွက်လပ်တစ်နေရာသို့ ရောက်သွားကြသည်။

ထိုနေရာနှင့် မလှမ်းမကမ်း တောစပ်တစ်နေရာမှာတော့ မားမားကြီး ရပ်နေသော လူသားကျောက်ရုပ်ကြီးတစ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ရသည်။

"ဟိုကျောက်ရုပ်က ဦးဒိဗ္ဗရဲ့ကျောက်ရုပ်ပဲ. . . သွားကြည့်ကြရအောင်"

ဟု ပြောကာ နွံအိုင်ကို ကွင်းလျှောက်ကာ ကျောက်ရုပ်ရှိရာသို့ လာကြလေသည်။

အနီးရောက်သောအခါ ကျောက်ရုပ်ဖြစ်နေသော်လည်း ဦးဒိဗ္ဗ၏ပုံပန်းသဏ္ဌာန်ကို မှတ်မိကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်ရုပ်အနီးသို့ ကပ်သွားကာ ပွင့်နေသောမျက်လုံးကို အရင်ကြည့်လိုက်သည်။

မျက်လုံးမှာ သေနေလေပြီ။

"သူအသက်ရှင်နေသေးလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်ရင်း ဦးဒိဗ္ဗ၏ကိုယ်နေရာအနှံ့သို့ လိုက်လံကြည့်ရှုနေသည်။

ထို့နောက် ဦးဒိဗ္ဗ၏ကိုယ်ကို တွန်းလှဲကြလေရာ မြေပေါ်သို့ ဝုန်းကနဲ လဲကျသွားလေသည်။

ထိုအခါ ကိုယ်ပေါ်၌ ကပ်နေသော ကျောက်သားချပ်များက အချို့နေရာများမှာ ကွဲထွက်ကုန်သည်။

၎င်းကိုယ်ပေါ်၌ ကပ်နေသော ကျောက်သားများကို ဖယ်ရှားလိုက်သောအခါ အင်္ကျီအိတ်ထဲ၌ ထည့်ထားသော ပတ္တမြားများကို တွေ့ရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ပတ္တမြားများကို နှိုက်ယူလိုက်သည်။ ထိုအခါ ဘုရားကျောင်း ရှိရာဘက်မှ စူးစူးဝါးဝါး အော်





ဟစ်သံများကို ကြားကြရလေရာ အားလုံး ထိုနေရာရောက်အောင် ပြန်ပြေးကြလေသည်။

"နတ်ဘုရားကျောင်းထဲကို ရန်သူတွေ ရောက်နေပြီနဲ့ တူတယ်. . . အမြန်သွားကြစို့"

သူတို့ အဝေးမှာ ရှိနေစဉ်က ဆူဆူညံညံအသံများ ကြားရသော်လည်း နတ်ဘုရားကျောင်းနှင့် မလှမ်းမကမ်းသို့ ပြန်ရောက်လာသောအခါ အသံများ တိတ်နေပြီး လှုပ်ရှားမှုကလည်း ဘာမှမတွေ့ရတော့ပေ။

"ရန်သူတွေ ဘုရားကျောင်းထဲကို ရောက်နေပြီထင်တယ်"

"သတိနဲ့ သွားကြတာပေါ့"

သူတို့တတွေ ဘုရားကျောင်းအနီး ရောက်ပြီး အခြေအနေကို ကြည့်သောအခါ နတ်ဘုရားကျောင်းတစ်ခုလုံး လူသူမရှိတော့သည့်အလား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

"ဘုရားကျောင်းထဲမှာ ကျန်ခဲ့တဲ့ကုလားတွေ ဘယ်ရောက်ကုန်လို့ ဒီလောက်တိတ်ဆိတ်နေတာလဲ"

ဟု အချင်းချင်း ပြောဆိုကာ နတ်ဘုရားကျောင်းအပေါက်ဝမှ အတွင်းဘက်သို့ လှမ်းကြည့်လိုက်လေသည်။

မြင်ကွင်းက မကောင်းလှပေ။

ဘုရားကျောင်းအတွင်း၌ ကျန်ခဲ့သောကုလားများမှာ ကြမ်းပြင်ပေါ် နေရာအနှံ့တွင် လဲကျနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့ကိုယ်မှ ထွက်နေသောသွေးများကလည်း ကြမ်းပြင်ပေါ်၌ စီးကျနေလေသည်။

အတွင်းဘက်၌ ရန်သူများကတော့ တစ်ယောက်မှ မတွေ့ရတော့ပေ။ ဒေါက်တာမင်းထင်ကျော်တို့အတွင်းသို့ ဝင်ကြည့်သောအခါ ကုလားများမှာ တစ်ယောက်မှ အသက်မရှင်တော့ဘဲ အားလုံး သေဆုံးနေကြပြီ၊

ကုလားများမှာ လည်ပင်းပြတ်၍ အသတ်ခံကြရခြင်းဖြစ်ပြီး အချို့မှာ ယဇ်ပလ္လင်ပေါ်သို့ ရောက်နေကြသည်။

သွေးများက ယဇ်ပလ္လင်ပေါ်အနှံ့သို့ စီးဆင်းနေပြီး မြောင်းလမ်းထဲမှတဆင့် အောက်သို့ပင် စီးကျနေသည်။

ဒေါက်တာမင်းထင်ကျော်တို့က သေနတ်များကို အဆင်သင့် ကိုင်ပြီး အပြင်ဘက်သို့ လိုက်လံကြည့်သောအခါ သစ်ပင်သစ်ရွက်များအပေါ်တွင် စွန်းပေကျန်ခဲ့သော သွေးစသွေးနများကိုသာ တွေ့ရပြီး ရန်သူများကိုတော့ တစ်ယောက်မှ မတွေ့ရတော့ပေ။

တစ်နေရာသို့ ရောက်သောအခါ ချုံပုတ်တစ်ခုအတွင်းမှ ငြီးငြူသံ ကြားသဖြင့် သွားရောက်ကြည့်သောအခါ ချုံထဲတွင် ကြောက်ရွံ့တုန်လှုပ်စွာ ပုန်းနေသော မူတူးကို တွေ့ရလေသည်။

မူတူးမှာ သူတို့ကို မြင်သော်လည်း အပြင်သို့ ထွက်မလာဝံ့ဘဲ အတန်တန် ခေါ်တော့မှ အပြင်သို့ ထွက်လာသေသည်။ သူ့ကိုယ်ပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်များ ရထားဟန်ရှိလေသည်။





"ဘယ်လိုဖြစ်ကြတာလဲ"

"ဆရာတို့ ထွက်သွားပြီး သိပ်မကြာဘူး၊ လူရိုင်းတွေ ရောက်လာပြီး အားလုံးကို ဝင်သတ်တော့တာပဲ၊ ကျွန်တော်တောင် ပြေးနိုင်လို့ လွတ်ခဲ့ရတာ"

ဟု ကြောက်ကြောက်လန့်လန့်နှင့် ပြောပြလေသည်။

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်က နတ်ဘုရားကျောင်း အတွင်း၌ ဆက်နေလျှင် အန္တရာယ်မကင်းတော့မှန်း ရိပ်မိသဖြင့် အသုံးအဆောင်ပစ္စည်းများထဲမှ အရေးတကြီး လိုအပ်သော ပစ္စည်းအချို့ကိုသာ ယူဆောင်၍ ထိုနေရာမှ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၄)

## ခြေရာဖောက်ရန်သူများ

တစ်နေ့သ၌ နံနက်ပိုင်းအချိန်လောက်တွင် တာရာဇာသီ အက်မှ ပျံသန်းလာသော ရဟတ်ယာဉ်တစ်စင်းသည် သာဝတ္ထိ အလွန် တောင်တန်းများအပေါ်၌ အတန်ကြာအောင် ဝဲပျံနေပြီး နောနှင့် မလှမ်းမကမ်း ကွက်လပ်တစ်ခုတွင် ဆင်းသက်လေ သည်။ ၎င်းရဟတ်ယာဉ်မှာ အစိုးရဌာနပိုင် အမျိုးအစား မဟုတ် ဘဲ ပုဂ္ဂလိကပိုင် ရဟတ်ယာဉ်အမျိုးအစား ဖြစ်လေသည်။

ရဟတ်ယာဉ် မြေပေါ်သို့ ဆင်းသက်ပြီးသောအခါ ရဟတ်ယာဉ်ပေါ်မှ မစ္စတာပရာချန်နှင့် ၎င်း၏အဖွဲ့သားများ ဆင်းသက်လာကြလေသည်။

၎င်းတို့အထဲတွင် သမီးဖြစ်သူ သီရိမာလာလည်းပါ်က်



www.burmeseclassic.com

www.burmeseclassic.com



ပါလာလေသည်။ မစ္စတာပရာချန်တို့သည် တောနှင့် မနီးမဝေး ကွက်လပ်တစ်နေရာ၌ ရွက်ဖျင်တဲနှစ်လုံး ထိုးကာ စခန်းချကြလေသည်။

အဖွဲ့သားများမှာ မစ္စတာပရာချန်နှင့် ဆီရီမာလာတို့ အပါအဝင် ဆယ်ယောက်ခန့် ရှိလေသည်။

ရဟတ်ယာဉ်ပေါ်တွင် ရိက္ခာနှင့်ဓာတ်ဆီများ အလုံအလောက် ပါလာသည့်အပြင် ခေတ်မီသေနတ်များလည်း ပါလာကြသည်။ ရဟတ်ယာဉ်မှာ သူတို့ကို လာရောက်ပို့ပြီးသည်နှင့် ဟာရာဏသီသို့ တစ်ခေါက်ပြန်သွားလေသည်။

ရိက္ခာနှင့် ဓာတ်ဆီများ လုံလောက်မှု ရှိစေရန် တစ်ခေါက်ကျော့ယူခြင်းဖြစ်လေသည်။

သူတို့ စခန်းချနေသောနေရာမှ ကြည့်လျှင် အရှေ့မြောက်ယွန်းယွန်းဘက်တွင် မြင့်မားလှသော တောင်စွယ်တောင်တန်းကြီးများကို လှမ်းမြင်ရလေသည်။

ထိုတောင်တန်းကြီးများမှာ ဟိမဝန္တာတောင်မှ ခွဲထွက်လာသော တောင်ကြောများဖြစ်သော်လည်း မိုးထိလုမတတ် မြင့်မားလေသည်။

အနောက်ဘက်မှာတော့ အင်္ဂလိမာလတောဟု အမည်တွင်ခဲ့သည့် သာဝတ္ထိတောနက်ကြီးများ ရှိလေသည်။

တောနက်ကြီးမှာ လူသူအရောက်အပေါက် နည်းလှသောကြောင့် မှိုင်းညို့လျက် ရှိလေသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က အယူ





ကြလေသည်။

ဒေါက်တာမင်းထင်ကျော်၌ ခရီးသွားလေရာ၌ ယူဆောင်လေ့ရှိသော လမ်းပြအိမ်မြှောင်တစ်ခု ပါလာသဖြင့် အတန်အသင့် အဆင်ပြေလေသည်။

"သာဝတ္ထိနဲ့ လုမ္ဗိနီက မိုင်တစ်ရာကျော်လောက် ဝေးတယ်၊ တိတိကျကျ ပြောရရင် (၁၃၇)မိုင် ဝေးတယ်၊ အလယ်ကနေ တစ်ဝက်ပိုင်းရင် မိုင်(၆၀)ကျော်လောက် ဝေးတယ်၊ ကျုပ်တို့ ခြေလှမ်းသွက်သွက်နဲ့ သွားရင် နှစ်ရက်သုံးရက်အတွင်း ရောက်သွားမှာပဲ"

"ကျွန်တော်ကြားဖူးတာတော့ အင်္ဂုလိမာလက ဆင်ပြောင်ငါးစီး အားမာန်ကြီးပြီး ပြေးတဲ့နေရာမှာလည်း သိန္ဓောမြင်းတစ်ကောင်လို လျင်မြန်တော့ သူလိုက်တဲ့အခါ သာမန်လူတွေက ပြေးမလွတ်နိုင်ကြဘူးတဲ့၊ အခု ရတနာတွေ ရှိတဲ့နေရာနဲ့ သာဝတ္ထိတောကို အင်္ဂုလိမာလက အခေါက်ခေါက်အခါခါ အသွားအပြန် လုပ်ခဲ့တယ်လို့ ကြားဖူးတယ်"

ကျော်စွာက ပြောသည်။

"အေးလေ. . . သူ့ခြေလှမ်းနဲ့ တို့ခြေလှမ်းက တူတာမှ မဟုတ်တာ၊ တို့ကတော့ တစ်ရက်နှစ်ရက်တော့ သွားရမှာပေါ့ မောင်ကျော်စွာရယ်"

ဟု ပြောကာ လမ်းပြအိမ်မြှောင် ပြသည့်အတိုင်း အရှေ့ဖူးစူးအရပ်သို့ ခရီးဆက်ကြလေသည်။

လမ်းတစ်လျှောက်မှာ အနားယူကြသည့်အခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တင်မင်းဟန်က ၎င်းတို့ ဘယ်ရောက်နေပြီကို မစ္စတာပရာချန်ထံသို့ လျှို့ဝှက်စွာ သတင်းပို့ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခြေအနေကို သတိပြုမိသော်လည်း မသိဟန်ဆောင်နေသည်။

တင်မင်းဟန် အမြဲတမ်း လွယ်ထားသော ကျောပိုးအိတ်ထဲ၌ စကားပြောစက် ရှိနိုင်မည်ကိုလည်း ရိပ်မိသည်။

သို့သော် မမေးတော့ပေ။

သူတို့တတွေမှာ လမ်းခရီးတလျှောက်လုံးမှာ အခြားအန္တရာယ်များ မတွေ့ရစေကာမူ မလှမ်းမကမ်းဆီမှ လိုက်လာသောခြေသံများကိုတော့ အမြဲကြားနေရလေသည်။

လူရိုင်းများသည် မိမိတို့လက်ထဲ ရောက်နေသော ပတ္တမြားကို ပြန်မရမချင်း ထိုကဲ့သို့ နောက်မှ တကောက်ကောက်လိုက်နေမည်ဟု တွေးမိကာ သတိနှင့် သွားလာကြလေသည်။ သူတို့သည် ခရီးသွားနိုင်ကြသူချည်းမို့ လမ်း၌ အနည်းငယ် နားကြသည်မှအပ တစ်နေကုန် ခရီးဆက်ကြပြီး ညနေစောင်းအချိန် ရောက်သောအခါ လူရိုင်းများရန်မှ ကာကွယ်မှု ရစေရန် ကျောက်ဂူတစ်ဂူအတွင်းသို့ ဝင်ရောက်အိပ်စက်ကြသည်။

ညအချိန်ရောက်သောအခါ ဂူပေါက်ဝ၌ မီးပုံကြီးများ ဖိုထားပြီး အလှည့်ကျ ကင်းစောင့်၍အိပ်ကြရာ မည်သည့် အနှောင့်အယှက်မှ မခံရပေ။

နောက်တစ်နေ့ နံနက်လင်း၍ ရှေ့သို့ ခရီးဆက်ရန် ပြင်ကြစဉ်မှာပင် ဒေါက်တာမင်းထင်ကျော်က တင်မင်းဟန်ကို





ခေါ်မေးသည်။

"ကိုတင်မင်းဟန်. . . သူတို့ ဘယ်နေရာ ရောက်နေပြီလဲ"

ထိုစကားကြောင့် မင်းတင်ဟန်မှာ တအံ့တသြဖြစ်သွားပြီး. . .

"ဘယ်. . . ဘယ်သူလဲ ဆရာ"

ဟု ပြန်မေးသည်။

"ခင်ဗျားရဲ့ဘော့စ် မစ္စတာပရာချန်တို့ကို ပြောတာပါ၊ သူတို့လိုက်လာတာ ဘယ်နေရာ ရောက်နေပြီလဲ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေး အမူအယာနှင့် မေးသော်လည်း တင်မင်းဟန်မှာ မျက်စိမျက်နှာပျက်သွားသည်။

"ဟို. . . ဟို"

"ကျွန်တော့်ကို ဘာမှ ဖုံးကွယ်နေစရာ မလိုပါဘူးဗျာ၊ ခင်ဗျား သူတို့နဲ့ အဆက်အသွယ် အမြဲရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ သူတို့ လိုက်လာရင်လည်း ကျွန်တော်တို့အတွက် ဘာမှ အနှောင့်အယှက် မဖြစ်ပါဘူး၊ အမှန်အတိုင်းပြောရရင် အခုရထားတဲ့ ပတ္တမြားရော၊ ရတနာပစ္စည်းတွေကိုပါ ကျွန်တော့်အနေနဲ့ လုံးဝစိတ်မဝင်စားပါဘူး၊ သူတို့ကို အန္တရာယ်နဲ့ တွေ့မှာစိုးလို့ မေးတာပါ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ၊ ကျွန်တော်လည်း သူတို့ ခိုင်းလို့ လုပ်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဘယ်လိုမှ သဘောမထားပါဘူး၊ ခင်ဗျားကျောပိုးအိတ်ထဲမှာ စကားပြောစက် ပါလာတာကို အစောကြီးကတည်းက သိပါတယ်၊ သူတို့ရောက်လာရင် ပိုကောင်းပါတယ်၊ ဒီကနေ့ ခရီးဆက်ကြရင် ညနေစောင်းအချိန် ရောက်ရင် မြေပုံအညွှန်းမှာ ပါတဲ့ ရတနာတွေ ရှိနိုင်တဲ့နေရာကို ရောက်မယ်၊ အဲဒီနေရာကိုသာ လိုက်လာဖို့ တစ်ခါတည်း ပြောလိုက်ပါ"

ဟု ပြောကာ ရှေ့မှ ထွက်သွားလေရာ ကျန်လူများကလည်း နောက်မှ လိုက်ကြရလေတော့သည်။

သူတို့သည် နံနက်ပိုင်း နေထွက်ရာဘက်ကို မျက်နှာမူ၍ လျှောက်ကြပြီး ညနေပိုင်းအချိန်တွင် နေကို ကျောခိုင်းကာ လျှောက်ကြလေသည်။ လမ်းတစ်လျှောက်လုံးမှာတော့ တောတောင်များချည်းသာ ရှိပြီး အချို့နေရာများမှာ လူသူအရောက်အပေါက် မရှိသောနေရာများ ဖြစ်သဖြင့် ခက်ခက်ခဲခဲ သွားကြရလေသည်။ ညနေပိုင်းအချိန် ရောက်မှ မြေပုံအညွှန်းပါ နေရာတဝိုက်သို့ ရောက်ကြလေသည်။

ထိုအချိန်မှာပင် တင်မင်းဟန် အကြောင်းကြားလိုက်သဖြင့် မစ္စတာပရာချန်တို့၏ရဟတ်ယာဉ် ရောက်လာပြီး ကွက်လပ်တစ်ခုတွင် ဆင်းကြလေသည်။

မစ္စတာပရာချန်က ဒေါက်တာမင်းထင်ကျော်နှင့် တွေ့သောအခါ လက်ဆွဲနှုတ်ဆက်လိုက်ရင်း. . .

"ဒေါက်တာက ကျွန်တော်ထင်တာနဲ့တောင် အများကြီး ပိုတော်နေပါသေးတယ်"





ဟု ပြောလေသည်။

"ဘာကြောင့်လည်း မစ္စတာပရာချန်"

"အမှန်အတိုင်း ပြောရရင် ရတနာပစ္စည်းတွေ ရှိတဲ့နေရာကို သိရဖို့ ကြိုးစားနေတာ နှစ်အတော်ကြာခဲ့ပါပြီ၊ ရတနာပစ္စည်းတွေ ရှိတဲ့နေရာကို သိရဖို့ထက် ဒီပတ္တမြား ရဖို့တောင် တစ်ခါမှ မအောင်မြင်ခဲ့ပါဘူး၊ ဒီပတ္တမြားအတွက်ကြောင့် လူအတော်များများ သေခဲ့ရတယ်"

"အခုတစ်ပတ်လည်း သေရတာပါပဲ"

"ဒါပေမယ့် ပတ္တမြားကို ရခဲ့ပြီဆိုတော့ ကျေနပ်လောက်ပါတယ်"

"ကျွန်တော် မစ္စတာပရာချန်ကို တစ်ခုတော့ ပြောချင်ပါတယ်"

"ပြောပါ ဒေါက်တာ"

"တကယ်လို့ ကျွန်တော်တို့ ရတနာပစ္စည်းတွေ ရသည်ဖြစ်စေ မရသည်ဖြစ်စေ ဒီပတ္တမြားကို သူရဲ့မူလနေရာကို ပြန်ရောက်အောင် ပို့ပေးပါ့မယ်ဆိုတဲ့ကတိပါပဲ"

ထိုစကားကြားသောအခါ မစ္စတာပရာချန်မှာ အနည်းငယ် တွေဝေသွားသည်။

အတန်ကြာတော့မှ. . .

"ဘာကြောင့်လဲ ဒေါက်တာ"

ဟု နားမလည်သလို မေးလေသည်။

"ကျွန်တော် ဒီပတ္တမြားကို ကတိနဲ့ ယူရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကတိမျိုးလဲ ဒေါက်တာ"

"အသုံးပြုပြီးရင် ပတ္တမြားကို မူလနေရာ ပြန်ထားပေးပါ့မယ်ဆိုတဲ့ကတိပါပဲ၊ အဲဒီကတိနဲ့ လူတစ်ယောက်ရဲ့အသက်ကို ကယ်ခဲ့ရတာပါ"

"ဘယ်သူနဲ့များ ကတိထားခဲ့တာလဲ ဒေါက်တာ"

"ဝိညာဉ်လောကသားတစ်ယောက်နဲ့ပါ"

"ဟင်. . . ဝိညာဉ်လောကသား ဟုတ်လား"

"ဟုတ်ပါတယ်. . . ဝိညာဉ်လောကသားတွေကို လှည့်စားလို့ မရပါဘူး၊ သူတို့တွေက ကတိပေးပြီးရင် ပေးထားတဲ့အတိုင်း လုပ်မှ နှစ်သက်တတ်ကြတယ်"

မစ္စတာပရာချန်က အတန်ကြာအောင် စဉ်းစားနေပြီးမှ

"ကောင်းပြီလေ. . ဒေါက်တာပြောတဲ့အတိုင်း ရတနာတွေကို ရှာပြီးရင် ပတ္တမြားကို မူလနေရာကို ပြန်ပို့ပေးဖို့ သဘောတူပါတယ်"

ဟု ပြောလေသည်။

"ကောင်းပြီလေ. . . ဒီလိုဆိုရင် ရတနာတွေကို ဆက်ပြီးရှာကြတာပေါ့၊ မြေပုံအညွှန်းအရဆိုရင် ဒီနေရာတဝိုက်မှာ အထိကရ သစ်ပင်တစ်ပင်ကို အမှတ်အသား ပြထားတော့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်အောင် သက်တမ်းရှည်နိုင်မျိုးက ဘယ်လိုသစ်ပင်မျိုးလဲ"

ထိုအခါ ဦးဇန်ကောင်းက ဝင်ပြောသည်။

"သက်တမ်းအရှည်ဆုံး သစ်ပင်တွေဟာ အစေ့အသေးဆုံးကနေ အပင်အကြီးဆုံး ဖြစ်တဲ့ သစ်ပင်မျိုးတွေပေါ့၊ အနှစ်ကို အကာရံထားတဲ့ သစ်ပင်အမျိုးအစားဖြစ်တယ်"

"အစေ့အသေးဆုံးကနေ အပင်အကြီးဆုံးဖြစ်ပြီး သက်တမ်းအရှည်ဆုံးက ဘယ်လိုအပင်မျိုးတွေလဲ အဘရဲ့"

"အဲဒီအပင်မျိုးက ကမ္ဘာပေါ်မှာ သုံးမျိုးပဲ ရှိတဲ့ (၁)ကုက္ကိုပင်၊ (၂)ညောင်ပင်၊ (၃)ဇမ္ဗူ့သပြေပင်ပေါ့ကွာ၊ အဲဒီအပင်သုံးမျိုးက အစေ့တွေက အသေးဆုံး ရှိပေမယ့် အပင်တွေကတော့ အကြီးဆုံး ဖြစ်တယ်၊ ဒီသစ်ပင်မျိုးကို အထိကရသစ်ပင်၊ ဒါမှမဟုတ် ကမ္ဘာဦးသစ်ပင်လို့လည်း ခေါ်ကြတယ်"

ထို့ကြောင့် ထိုနေရာတဝိုက်သို့ လှည့်ကာ ဦးဇန်ကောင်းပြောသော အထိကရသစ်ပင်မျိုးကို လိုက်ရှာကြရာ တစ်နေရာသို့ ရောက်သောအခါ ပင်စည်မှာ ယောကျ်ားလေးငါးယောက်ခန့် ဖက်လျှင်သော်မှ မမီနိုင်သော ညောင်ပင်ကြီးကို တွေ့ကြရလေသည်။

ထိုညောင်ပင်ကြီးအောက်၌ ကွက်လပ်ကြီးများ ရှိနေလေသည်။

"မောင်ထင်ကျော်. . . အဲဒါ မရဏန္တ အိုင်တွေပဲ၊ အပေါ်က သစ်ကိုင်းတွေမှာလည်း ပင့်ကူမျှင်တွေ အများကြီး တွေ့ရတယ်. . . သတိထား"

ဟု သတိပေးလေသည်။

ညောင်ပင်ကြီးမှာ အထိကရ ညောင်ပင်ကြီးဖြစ်သည့်ကတစ်ကြောင်း၊ နှစ်ပေါင်းများစွာကတည်းက ရှိနေသည်က







www.burmeseclassic.com

www.burmeseclassic.com

တစ်ကြောင်းကြောင့် အကိုင်း၊ အခက်၊ အရွက်များမှာ အောက်သို့ အုပ်ဆိုင်းကျနေပြီး အပေါ်ပိုင်းကို မမြင်ရလောက်အောင် ရှုပ်ထွေးနေသည့် အပင်လုံးက ကြီးသလောက် ပင်စည်မှာလည်း ညောင်မြစ်များ၊ အဖုအထစ်များ၊ သစ်ခေါင်းများဖြင့် ပြည့်နေလေသည်။ ညောင်မြစ်များမှာ တစ်ပင်လုံး ပတ်လည်မှ အောက်သို့ ကျနေရာ အတွင်းသို့ ဝင်ရန်ပင် မလွယ်လှပေ။

"မြေပုံအညွှန်းအတိုင်းဆိုရင်တော့ ဒီနေရာမှာ ရတနာတွေ ရှိမှာပဲ၊ ဒါပေမယ့် အန္တရာယ်ကတော့ အတော်များတယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲ ဒေါက်တာ"

"သစ်ပင်ကြီးရဲ့အပေါ်မှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိမယ်ဆိုတာ မသိရပေမယ့် အပင်ရဲ့အောက်မှာ ရှိတဲ့အိုင်ကတော့ မရဏာန္တအိုင်ပါပဲ၊ ဒီအိုင်ထဲကို ကျသွားပြီး ပြန်တက်လာရင် လူစင်စစ်က ကျောက်ရုပ်ဘဝ ပြောင်းသွားမှာပါပဲ"

"ဟင်. . . ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော်တို့ ဒီအတိုင်း စမ်းတဝါးဝါး လုပ်နေလို့ မသင့်ဘူး၊ ဒီတော့ ဒီနားတဝိုက်မှာ စခန်းချပြီး ပရလောကသားတွေရဲ့အကူအညီကို ယူရလိမ့်မယ်"

ထိုစကားကြားသောအခါ မစ္စတာပရာချန်မှာ သိပ်လက်မခံချင်သော်လည်း ယခုအချိန်တွင် ဒေါက်တာမင်းထင်ကျော်၏စကားကို မလွန်ဆန်နိုင်သဖြင့် သင့်တော်သောနေရာမှာပင် စခန်းချရန် စီမံရလေတော့သည်။

မစ္စတာပရာချန်တို့အဖွဲ့ ရောက်လာသောကြောင့် လက်





နက်အင်အားရော၊ လူအင်အားပါ တောင့်တင်းလာရုံမက အစား အသောက်နှင့် ဆေးဝါးပစ္စည်းများပါ ပြည့်စုံအောင် ပါလာသောကြောင့် အဆင်ပြေလေသည်။

သူတို့သည် ညောင်ပင်ကြီးနှင့် မလှမ်းမကမ်းရှိ တောစပ်၌ ရွက်ဖျင်တဲများ ထိုးကာ စခန်းချကြလေသည်။

ညောင်ပင်ကြီး၏အရှေ့ဘက်၌ တောင်ကုန်းတစ်ခု ရှိပြီး ထိုတောင်ကုန်းပေါ်၌ သစ်ပင်များ မရှိပေ။

ညဦးပိုင်း ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က သေနတ်တစ်လက်၊ လက်နှိပ်မီးတစ်လက်နှင့် ပတ္တမြားကိုပါ ယူ၍ တစ်ယောက်တည်း ထိုတောင်ကုန်းပေါ်သို့ တက်သွားလေသည်။

တောင်ကုန်းရှိသောနေရာမှာ စခန်းချသောနေရာနှင့် အတန်ငယ်ဝေးပြီး ပေလေးငါးရာခန့် မြင့်လေသည်။

တောင်တက်လမ်းဟူ၍ မရှိဘဲ သင့်တင့်သောနေရာမှ တက်ရသဖြင့် အချိန်အတော်ကြာမှ အပေါ်သို့ ရောက်လေသည်။ သူသည် တောင်ထိပ်ပေါ် ရောက်သောအခါ အိတ်ထဲ၌ အမြဲထည့်ထားသော ကိုးဂျပါထရာ သစ်ရွက်နှစ်ရွက်ကို ထုတ်ယူလိုက်သည်။ ထို့နောက်. . .

တင်ပလ္လင်ခွေ ထိုင်၍ သစ်ရွက်ကို လက်ဝါးထဲ ထည့်၍ လက်အုပ်ချီလျက် မျက်စိမှိတ်ကာ အာရုံပြုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၆)

# အန္တရာယ်များကြားမှ ဝိညာဉ်ပုံရိပ်

တောင်ထိပ်ပေါ်၌ အချိန်မည်မျှကြာသွားသည်မသိပေ။ နားထဲမှာ ခြေသံများနှင့် အခြားအသံများကို ကြားလာရတော့မှ မျက်စိကို ဖွင့်ကြည့်လိုက်သည်။

ပထမတော့ အလင်းရောင် ဝိုးတဝါးသာ ရှိသောကြောင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရသေးပေ။

နောက်အသေအချာ ကြည့်လိုက်တော့မှ တောင်ကုန်းတစ်ခုလုံး မည်းမည်းလှုပ်မျှ တက်လာသော သဏ္ဌာန်များကို တွေ့ရလေသည်။ ပထမတော့ ပင့်ကူတွေများ တက်လာသလားဟု ထင်လိုက်မိသည်။ သို့သော် မလှမ်းမကမ်း ရောက်လာတော့မှ မဟုတ်မှန်း သိရလေသည်။ တက်လာသောသဏ္ဌာန်များမှာ



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ။

အင်ဒီးယန်းလူရိုင်းများပင် ဖြစ်တော့သည်။

၎င်းတို့ ကိုင်လာသော ခက်ရင်းခွမျာမှာ ဝိုးတဝါး အလင်းရောင်နှင့်ပင် အရောင်များ လက်နေလေ၏။

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထရပ်ကာ အောက်သို့ ဆင်းရန် လမ်းပေါက်ကြည့်လိုက်သည်။

မရှိတော့ပေ. . . ။

တောင်ကုန်းပတ်လည်တစ်ခုလုံး လူရိုင်းများက ပြည့်နေချေပြီ။ ဒီတစ်ကြိမ်တော့ လွတ်လမ်းမရှိနိုင်တော့ဟု ထင်လိုက်မိသည်။ တဖြည်းဖြည်း တက်လာသော လူရိုင်းများလည်း ပေနှစ်ဆယ်သုံးဆယ် အကွာအဝေးသို့ပင် ရောက်လာကြပြီ။

ယခုအချိန်၌ လှံများဖြင့် ပစ်လွှတ်လိုက်လျှင်တော့ သူ့အတွက် လွတ်လမ်းမရှိတော့ပေ။

တဖြည်းဖြည်းနှင့် တက်လာသောလူရိုင်းများမှာ တောင်ကုန်းတစ်ခုလုံး စက်ဝိုင်းသဏ္ဌာန် တက်လာသော်လည်း ရန်မူတိုက်ခိုက်ရန် တက်လာခြင်းမျိုး မဟုတ်ဘဲ ဖြည်းဖြည်းမှန်မှန် တက်လာနေသောကြောင့် အနည်းငယ်တော့ အံ့ဩသွားသည်။

တကယ်လို့သာ ၎င်းတို့က တရကြမ်း တက်လာပါက မိမိတစ်ယောက်တည်းနှင့် စိစိညက်ညက်ကြေသွားရုံသာ ရှိတော့မည်။

ထိုအခိုက်မှာပင် တောင်ပေါ်သို့ တက်လာသော လူရိုင်းများအားလုံး ရပ်တန့်သွားလေသည်။





ကြည့်နေရင်းမှာပင် အနောက်ဘက်တောင်ကြောဘက်မှ လမ်းကြောင်းတစ်ခု ပေါ်လာသည်။

ထိုသို့ပေါ်လာခြင်းမှာ လူရိုင်းများက နံဘေးသို့ ခွဲပေးလိုက်သောကြောင့် ဖြစ်လေသည်။

လှမ်းကြည့်လိုက်တော့မှ ထိုလမ်းကြောင်းမှ လူတစ်ယောက် တက်လာသည်ကို လှမ်းမြင်ရသည်။

ထိုလူတက်လာသည်ကို မြင်သောအခါ လူရိုင်းများမှာ မြေပေါ်သို့ ပြားပြားဝပ်နေကြသည်။

တက်လာသူမှာ အခြားမဟုတ်ပေ။

သာဝတ္ထိတောနက်ထဲမှ ကုလားတစ်ယောက် အဆိပ်သင့်နေစဉ် သူ့ကို ကိုးဂျပါထရာ သစ်ရွက်နှစ်ရွက် လာရောက်ပေးသွားသော ကုလားအမျိုးသမီးပင် ဖြစ်ပေသည်။

သူမသည် ယခင်တစ်ကြိမ် တွေ့ရစဉ်ကကဲ့သို့ပင် အနက်ရောင်ဆာရီကို တစ်ကိုယ်လုံး ပတ်ခြုံထားလေသည်။

"ခင်ဗျားရောက်လာပြီလား"

ထိုအမျိုးသမီးကို မြင်လိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ အတော်ကလေး အားရှိသွားကာ လှမ်းမေးလိုက်သည်။

"သင် ကျွန်ုပ်နဲ့ တွေ့ဖို့ အလိုရှိနေတယ် မဟုတ်လား"

အမျိုးသမီးက သူနှင့် မလှမ်းမကမ်းနေရာ၌ ရပ်လိုက်သည်။ တောင်ကုန်းထိပ်ပေါ်၌ လေတိုက်နေသောကြောင့် ဆံပင်များနှင့် သူမဝတ်ဆင်ထားသော ဆာရီမှာ တလူလူ



www.burmeseclassic.com

www.burmeseclassic.com



ထူးသွန်းလှုပ်ရှားနေလေသည်။

"မှန်ပါတယ်"

"သင် ပတ္တမြား ရခဲ့ပြီမဟုတ်လား"

"ရခဲ့ပါပြီ. . . ဒါပေမယ့် ရတနာတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို မသိလို့ ခင်ဗျားဆီ အကူအညီတောင်းရတာပါ"

"ရတနာတွေ ရရင် သင်တို့က ဘာလုပ်မှာလဲ"

"ကျွန်တော်က ကတိသစ္စာတစ်ခုကြောင့် အခုလို ဆောင်ရွက်ပေးရတာပါ၊ ရတနာပစ္စည်းတွေကို ယူမှာမဟုတ်ပါဘူး၊ ဘာကြောင့် ဒီလိုမေးရတာပါလဲ"

"ရတနာပစ္စည်းတွေကို ရလို့ ကိုယ်ကျိုးအတွက်ချည်း သုံးမယ်ဆိုရင် တမလွန်မှ မကျွတ်မလွတ်သေးဘဲ ကျန်နေတဲ့ ပစ္စည်းရှင်တွေက နှစ်သက်မှာ မဟုတ်ဘူး၊ အဲဒီလိုလုပ်ရင် သူတို့က နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးကြလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြပေးပါ"

"သူတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပေးမှ သူတို့က ကျေနပ်ကြလိမ့်မယ်၊ အဲဒီတာဝန်ကို သင်ယူပေးမယ်ဆိုရင် ရတနာပစ္စည်းတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ကျွန်ုပ်ညွှန်ပြပေးမယ်"

"ကောင်းပါပြီ. . . ပြုလုပ်ပေးပါ့မယ်"

"သင် ကတိတည်ပါစေ၊ ရတနာပစ္စည်းတွေက သင်တို့ အခုရောက်နေတဲ့ ညောင်ပင်ကြီးရဲ့အရှေ့ဘက်မှာ ရှိတဲ့ ညောင်ပင်အခေါင်းထဲမှာ ရှိတယ်၊ ဒါပေမယ့် ဒီညောင်ပင်ခေါင်းက





ကျိုးပေါင်းတက်နေပြီဆိုတော့ အလွယ်တကူ ရှာလို့တွေ့မယ် မထင်ဘူး"

"ကျွန်တော်တို့ ကြိုးစားရှာပါ့မယ်၊ ညောင်ပင်ပေါ်မှာတော့ အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါတွေ အများကြီး ရှိမယ်ထင်တယ်"

"မှန်ပါတယ်. . . အဲဒီသတ္တဝါတွေက ရတနာပစ္စည်းတွေကို မကျွတ်မလွတ်တဲ့ဘဝနဲ့ စောင့်နေကြရတဲ့ သတ္တဝါတွေပါ၊ သစ္စာပြုလို့ သစ္စာမှန်ရင် အန္တရာယ်ကင်းပါလိမ့်မယ်၊ နောက်တစ်ခုက သင့်ဆီမှာ ကိုးဂျပါထရာသစ်ရွက် ရှိနေတော့ သူတို့က သင့်ကိုတော့ အန္တရာယ်ပြုနိုင်ကြမယ် မဟုတ်ပါဘူး"

"ကောင်းပါပြီ. . ."

"သင်ပေးထားတဲ့ကတိအတိုင်း ရတနာပစ္စည်းတွေကို ရရှိပြီးပါက ပတ္တမြားကို မူလနေရာ ပြန်ပို့ပေးဖို့ သတိပေးခဲ့မယ် ဒါကတော့ မမေ့ပါနဲ့"

"ကျွန်တော်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်လို့ ကတိပေးပါ့မယ်"

ဟု ပြောလိုက်သောအခါ အမျိုးသမီးလည်း လာလမ်းအတိုင်း ပြန်ဆင်းသွားလေတော့သည်။

၎င်းနောက်မှ တလူလူ လွင့်ပါသွားသော ဆာလီလေးကိုသာ လှမ်းမြင်လိုက်ရလေသည်။

သူမ ဆင်းသွားပြီး မကြာခင်မှာပင် လူရိုင်းများလည်း ပြန်ဆင်းသွားကြရာ နောက်ဆုံးတော့ တောင်ကုန်းထိပ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်းသာ ကျန်ခဲ့လေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း အောက်သို့ ပြန်ဆင်းလာခဲ့လေသည်။

တောင်ခြေသို့ ပြန်ရောက်သောအခါ လက်နက်များကို ကိုင်ဆောင်ကာ စိတ်ပူစွာ စောင့်ဆိုင်းနေကြသော အဖွဲ့သားများကို တွေ့ရလေသည်။ သူတို့တစ်ဖွဲ့လုံးမှာ ဒေါက်တာမင်းထင်ကျော်ကို သည်အတိုင်း ပြန်ဆင်းလာတာကို တွေ့ရသဖြင့် တအံ့တသြ ဖြစ်နေကြသည်။

"ဟင်. . . ဒေါက်တာ ဘာမှမဖြစ်ဘူးနော်"

"လူရိုင်းတွေက ဒေါက်တာကို ဘာမှမလုပ်ကြဘူးလား"

"ကျွန်တော်တို့က ဒေါက်တာကို အကူအညီပေးဖို့ လိုက်လာကြတာ၊ ဒီရောက်တော့ လူရိုင်းတွေ အများကြီး တွေ့ရတာကတစ်ကြောင်း၊ နောက်ပြီး တောင်ထိပ်ပေါ်မှာ လူတစ်ယောက်နဲ့ ရပ်ပြီးစကားပြောနေတာလည်း တွေ့ရလို့ တအံ့တသြနဲ့ လှမ်းကြည့်နေကြတာ၊ ဒေါက်တာနဲ့ စကားပြောတာ ဘယ်သူလဲ. . . လူရိုင်းခေါင်းဆောင်လား"

"မဟုတ်ပါဘူး. . . နတ်ဘုရားမရဲ့ဝိညာဉ်ပါ"

"ဝိညာဉ်ဟုတ်လား"

"ဟုတ်ပါတယ်. . . သူနဲ့ တွေ့မှ ရတနာတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သိခဲ့ရတယ်"

ထိုစကားကြားသောအခါ မစ္စတာပရာချန်၏မျက်နှာများ ပြုံးသွားလေသည်။

☺ အောင်မြင်စာပေ ☺



"ရတနာတွေ ရှိတဲ့နေရာကို သိခဲ့ရပြီဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ်. . . ညောင်ပင်ကြီးရဲ့အရှေ့ဘက် မျက်နှာစာဘက်မှာ ရှိတဲ့ ညောင်ခေါင်းထဲမှာပါ၊ ဒါပေမယ့် ကျိုးပေါင်းတက်နေလို့ အတော်ကလေး ရှာရမှာပါ"

"ကိစ္စမရှိပါဘူးလေ. . . ဒီလောက်သိရရင် လုံလောက်ပါပြီ၊ မနက်လင်းတော့မှ အလုပ်စကြတာပေါ့"

ဟု ပြောကာ စခန်းချရာနေရာသို့ ပြန်လာခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ တစ်ညလုံး အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ဘဲ မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

နားထဲမှာ ဆူဆူညံညံအသံများကြောင့် လန့်နိုးလာပြီး မျက်စိဖွင့်ကြည့်လိုက်သောအခါ အပြင်ဘက်မှာ အလင်းရောင်များ ရှိနေပြီး ဆူဆူညံညံအသံများပါ ကြားရသဖြင့် အိပ်ယာမှ၍ အပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။

မစ္စတာပရာချန်တို့ အဖွဲ့သားများမှာ အနီးဝန်းကျင်မှ ကျောက်လုံးများကို လှိမ့်ယူလာပြီး နွံအိုင်ထဲသို့ ပစ်ချနေကြသည်။

၎င်းတို့၏အကြံအစည်မှာ ကျောက်တုံးကြီးများကို ကျောက်သားအဖြစ် ခင်းကာ ညောင်ပင်အောက်ခြေ ရောက်အောင် ကြီးမည့် ရည်ရွယ်ချက်ပင် ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



တင်မင်းကျော်နှင့် ကျော်ဇလတို့က ခေါင်းဆောင်လုပ်နေကြပြီး မစ္စတာပရာချန်နှင့် သီရိမာလာတို့က ရပ်ကြည့်နေကြသည်။ မလှမ်းမကမ်း၌ ရှိနေသော ဦးဇန်ကောင်း၊ ကျော်စွာနှင့် ဇမုန်းထန်တို့က ဒေါက်တာမင်းထင်ကျော် ရှိရာသို့ လျှောက်လာကြသည်။

"သူတို့တော့ ရတနာရှိတဲ့နေရာ သိသွားလို့ ညောင်ပင်ကို ဖောက်ဖို့ လုပ်နေကြပြီ မောင်ထင်ကျော်"

ဦးဇန်ကောင်းက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော် မစ္စတာပရာချန် ရှိရာသို့ လျှောက်သွားကြသည်။

မစ္စတာပရာချန်က သူတို့ကို မြင်တော့ ပြုံးပြသည်။

သို့သော် အနှစ်ပါသောအပြုံးမျိုးတော့ မဟုတ်ပေ။

"နေရာလည်း သိပြီဆိုတော့ ဒေါက်တာတို့တတွေ ပင်ပန်းမှာစိုးလို့ ကျွန်တော့်လူတွေကိုပဲ တူးခိုင်းလိုက်တော့မယ်"

ဟု ဝတ်ကျေတန်းကျေသဘောမျိုးဖြင့် ပြောသည်။

၎င်းတို့ စေခိုင်းသောအဖွဲ့သားများမှာ ကျောက်တုံးကြီးများကို တစ်တုံးပြီးတစ်တုံး နွံအိုင်ထဲသို့ ချသွားကြရာ နောက်ဆုံးတော့ ညောင်ပင်အောက်သို့ ရောက်သွားကြသည်။

ကျောက်လုံးများပေါ်မှ လူနှစ်ယောက်ခန့် အသွားအပြန် လုပ်၍ရနိုင်လေသည်။

အပင်ခြေမှာတော့ နွံအိုင်များ မရှိဘဲ ကုန်းမြေဖြစ်နေသည်။ တင်မင်းဟန်နှင့် ကျော်ဇလတို့ ခေါင်းဆောင်သော အလုပ်သမားများကတော့ လှံ၊ ရဲဒင်း၊ ကပ်ပါး၊ ဓားများဖြင့်





ညောင်ပင်ကြီး၏ပတ်လည်နေရာအနှံ့သို့ လှည့်ကာ အခေါင်း ပေါက် ရှာနေကြသည်။

ထိုအခိုက်မှာပင် ညောင်ပင်ကြီးအပေါ်ဘက်မှ မိုးရွာချ သကဲ့သို့ အဖြူရည်များက အောက်၌ ရောက်နေသူများအပေါ် သို့ ကျလာလေတော့သည်။

"အား. . . အား. . . အား"

ညောင်ပင်ကြီးအပေါ်၌ အသိုက်အမြုံ ဖွဲ့နေသော ပင့်ကူနက် အဆိပ်ရည်များ ထိလိုက်သည်နှင့် အက်စစ်ရေနှင့် လောင်းချလိုက်သကဲ့သို့ လောင်ကျွမ်းသွားလေရာ ထိသည့် နေရာမှာ အခိုးအငွေ့များ ထလာပြီး အရိုးများ ပေါ်လာသေ တော့သည်။

ထိုအခါ-သစ်ပင်အောက်မှ အလုအယက်ထွက်ပြေးရာ ကျောက်တုံးများပေါ်မှ ခြေချော်ကာ နွံအိုင်အတွင်းသို့ ကျပြန် လေသည်။ နွံအိုင်ထဲ ရောက်သွားသူများက အပေါ်သို့ အလု အယက် တက်လာသောအခါ နေရောင်ခြည်နှင့် ထိလိုက်သည် နှင့် ခဏချင်းမှာပင် လူသားကျောက်ရုပ်များ ဖြစ်ကုန်ကြသည်။

ထိုအခိုက်မှာပင် ညောင်ပင်ကိုင်းများကြားမှ မှုန်ရွာ သော ပင့်ကူနက်များက ခုန်ဆင်းလာကြလေပြီ။

ပင့်ကူနက် အဆိပ်ရည် ထိလိုက်သူများမှာလည်း ဝေး ဝေးမပြေးနိုင်ကြပေ။

ကမ်းစပ်အထိ ပြေးလာနိုင်သူများပင် အဆောက်အအုံ သို့ ရောက်အောင် မပြေးနိုင်ကြဘဲ ဗိုင်းကနဲ လဲကျသွား ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သွားကြရာ မစ္စတာပရာချန်တပည့်များမှာ ကုန်သလောက် ဖြစ်သွားလေတော့သည်။

ကုန်းပေါ်မှာ ကျန်နေသူများကတော့ မစ္စတာပရာချန်၊ သီရိမာလာ၊ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ ကျော်စွာနှင့် ဇမုန်းထန်တို့ ဖြစ်ကြသည်။

ညောင်ပင်အပေါ်မှ ဆင်းလာသော ပင့်ကူနက်များက ရာပေါင်းများစွာ ရှိရာ ညောင်ပင်အောက်ခြေတဝိုက်မှာ အမည်းရောင် ရင်ပြင်ကြီး ဖြစ်သွားလေတော့သည်။

ဆင်းလာသော ပင့်ကူနက်များမှာလည်း အကောင်အရွယ်အစားအမျိုးမျိုး ရှိကြသည်။

ပန်းကန်လုံး၊ ပန်းကန်ပြားအရွယ်လောက်မှ ဆန်ကောလင်ဗန်းအရွယ်လောက်အထိ ကြီးသော အကောင်ကြီးများအထိ ပါလာသည်။

အားလုံး အနက်ရောင် များသော်လည်း အဝါကြားအစင်းကြားအကောင်များလည်း ပါသည်။

မျက်လုံးများမှာ ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီလျက် ရှိနေပြီး အစွယ်များက ရှေ့သို့ ထွက်နေသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အသိုက်ဖွဲ့လျက် ပေါက်ဖွားနေသော ပင့်ကူနက်များမှာ အထိကရညောင်ပင်ကြီးမှာ သူတို့အတွက် "ပင့်ကူသိုက်" ကြီးသဖွယ် ရှိနေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ တောအထပ်ထပ်တောင်အသွယ်သွယ်သို့ သွားရောက်ခဲ့ဖူးပြီး အန္တရာယ်မျိုးစုံနှင့်





တွေ့ကြုံခဲ့ဖူးသော်လည်း ယခုလောက် များပြားလှသော ပင့်ကူနက်များကိုတော့ တစ်ခါမှ မမြင်ဖူးခဲ့ပေ။

ညောင်ပင်ပေါ်မှ အဆက်မပြတ် ဆင်းလာသော ပင့်ကူနက်များမှာ ပို၍ပို၍များပြားလာရာ အနက်ရောင်ရင်ပြင်ကြီးတဖြည်းဖြည်းနှင့် များပြားလာလေတော့သည်။

အချို့ပင့်ကူနက်များမှာ နွယ်အိုင်အပေါ်မှ ဖြတ်၍သော်လည်းကောင်း၊ ကျောက်တုံးများအပေါ်မှ ဖြတ်၍သော်လည်းကောင်း၊ ကမ်းစပ်၌ ရပ်နေသူများ ရှိရာသို့ ပြေးလာနေကြသည်။

ထိုအခါ ဇမုန်းထန်က ညဦးက ဖိုထားခဲ့သော မီးဖိုရှိရာသို့ ပြေးသွားပြီး မီးစွဲနေသည့် ထင်းချောင်းများကို ယူ၍ ပင့်ကူများကို လိုက်လံရိုက်သတ်နေသည်။

မစ္စတာပရာချန်ကလည်း သေနတ်ဖြင့် အဆက်မပြတ်ပစ်ခတ်နေရာ ဆူညံလျက် ရှိနေတော့သည်။

သို့သော်လည်း ဘယ်လိုမှ မတတ်နိုင်တော့ပေ။

တစ်ကောင်သတ်လျှင် နှစ်ကောင်တက်လာသည်။

နှစ်ကောင်သတ်လျှင် လေးကောင်ရောက်လာလေရာနောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ပင့်ကူနက်များ၏ဝိုင်းအုံကိုက်ခဲမှုကို ခံကြရလေတော့သည်။

"ဖေဖေ. . . ဖေဖေ"

သီရိမာလာက ပြေးသွားရန် ဟန်ပြင်လိုက်ရာ ဒေါက်တာမင်းထင်ကျော်ဟာ အချိန်မီ လှမ်းဆွဲလိုက်ရသည်။ ဇမုန်းထန်မှာ မစ္စတာပရာချန်ပါ ပင့်ကူနက်များ ဝိုင်းအုံခြင်း ခံလိုက်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် သူတို့ရှိရာသို့ စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းလာလေတော့သည်။

ပင့်ကူနက်များမှာ ချက်ချင်းဆိုသလို ပတ်ဝန်းကျင်တစ်ခုလုံး ပြည့်သွားရာ ဘယ်လိုမှ ရှောင်ချိန်မရနိုင်တော့ပေ။

ပတ်ဝန်းကျင်၌ သက်ရှိလူသားဆိုလို့ သူတို့ လေးယောက်သာ ကျန်တော့သည်။

"ပင့်ကူတွေ ဝိုင်းလာပြီ၊ ဘယ်လိုလုပ်မလဲ ဒေါက်တာ"

ကျော်စွာက အထိတ်တလန့် မေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းဆိုသလို ဆုံးဖြတ်ချက် ချလိုက်ပြီး ကိုးဂျပါထရာသစ်ရွက်တစ်ရွက်ကို ဦးဇန်ကောင်းကို ပေးလိုက်သည်။

"ကျော်စွာ. . . မင်းက ဦးဇန်ကောင်းကျောမှာ ကပ်နေ"

ဟု ပြောကာ ထိတ်လန့်တုန်လှုပ်နေသော သီရိမာလာကို သူ့နောက်မှာ ကပ်ထားပြီး ကျောချင်းကပ်ကာ ရပ်နေလိုက်ကြသည်။ ကိုးဂျပါထရာ သစ်ရွက်ကိုတော့ လက်ထဲမှာ ကိုင်ထားကြသည်။

စက်ဝိုင်းသဏ္ဍာန် တဖြည်းဖြည်း တိုးကပ်လာသော ပင့်ကူနက်များက လက်တစ်ကမ်းအကွာသို့ ရောက်သောအခါ ရပ်တန့်သွားသည်။ ဒေါက်တာမင်းထင်ကျော်တို့လေးယောက် မျက်စိမှိတ်ထားရာမှ နားထဲ၌ အသံများ တိတ်သွားသဖြင့် မျက်စိ ဖွင့်ကြည့်လိုက်သောအခါ မိမိတို့နှင့် လက်တစ်ကမ်းအကွာ၌





စက်ဝိုင်းသဏ္ဍာန် ရပ်တန့်နေသော ပင့်ကူများကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရသည်။

ပင့်ကူနက်များထံမှ. . .

"ကျိ. . . ကျိ. . . ကျလိ. . . ကျလိ"

ဟူသော အသံများကိုတော့ ကြားရသည်။

နတ်ဘုရားမ၏ဝိညာဉ် ပြောသည့်အတိုင်း ပင့်ကူနက်များမှာ သူတို့လက်ထဲ၌ ကိုင်ထားသော ကိုးဂျပါထရာသစ်ရွက်ကို ကြောက်ရွံ့ဟန်ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ဟုတ်မဟုတ် စမ်းသပ်သည့်သဘောဖြင့် သစ်ရွက်ကို ကိုင်ပြီး ရှေ့သို့ တိုးသွားလိုက်ရာ ပင့်ကူများက နောက်သို့ ဆုတ်သွားကြသည်။

ထိုအခါမှ သဘောပေါက်သွားပြီး ရှေ့သို့ ထပ်တိုးကြည့်ရာ ဘေးသို့ ရှဲပေးသည်။

ထိုသို့သိရသဖြင့် မိမိတို့ လွတ်မြောက်နိုင်သည့်ဘက်သို့ ဦးတည်၍ တဖြည်းဖြည်း သွားကြရာ အတန်ကြာသောအခါ ပင့်ကူအုပ်များနှင့် လွတ်မြောက်သောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာမှာ ပင့်ကူနက်များနှင့် လွတ်သွားသလို ချောင်ပင်ကြီးနှင့် အတန်ငယ် ဝေးသောနေရာသို့ ရောက်သွားလေသည်။ မြေပြင်အနှံ့အပြား၌ မည်းမည်းလှုပ်နေသော ပင့်ကူနက်များကတော့ ၎င်းတို့အသိုက်များ ရှိရာ ချောင်ပင်ကြီးအပေါ်သို့ ပြန်တက်နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ညောင်ပင်အောက်သို့ လှမ်းကြည့်လိုက်သောအခါ ညောင်ပင်ကြီးအောက်တွင် လူတစ်ယောက် ရပ်နေသည်ကို လှမ်းမြင်ရသည်။

အခြားမဟုတ်ပေ။

နတ်ဘုရားမ၏ဝိညာဉ်. . .

သို့မဟုတ် သူ့ကို ကိုးဂျပါထရာသစ်ရွက် ပေးသော အမျိုးသမီးပင် ဖြစ်တော့သည်။





အခန်း (၁၇)

# အချစ်၏နိဒါန်း သို့မဟုတ်...

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ မစ္စတာ ပရာချိန် မရှိတော့သဖြင့် အန္တရာယ်များလှသော အထိကရ ညောင်ပင်ကြီးအောက်သို့ မဝင်တော့ဘဲ ရဟာတ်ယာဉ်ဖြင့် နတ်ဘုရားကျောင်း ရှိရာသို့ တစ်ကျော့ပြန်လာကြသည်။

နတ်ဘုရားကျောင်းနှင့် မလှမ်းမကမ်း၌ ရဟာတ်ယာဉ်ကို ရပ်ထားခဲ့ပြီးနောက် ဒေါက်တာမင်းထင်ကျော်က ပတ္တမြားကြီးကို ယူ၍ ဘုရားကျောင်းအတွင်းသို့ ဝင်လာရာ ကျန်သုံးယောက်က အသည်း နောက်မှ လိုက်လာကြလေသည်။

ဘုရားကျောင်းပတ်ဝန်းကျင်နှင့် အတွင်း၌ လူတစ်ဦး တစ်ယောက်မှ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က သေသွားသူများ၏အလောင်းများကိုပင် မတွေ့ရတော့ပေ။

နတ်ဘုရားကျောင်းအတွင်း၌ ရှင်းလင်းလျက် ရှိနေသည်။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်သဖြင့် ဘုရားကျောင်းအတွင်း၌ အနည်းငယ် မှောင်စပြုနေပြီ။

သူသည် ပတ္တမြားကို ကိုင်၍ ရုပ်ထုရှိရာသို့ လျှောက်သွားပြီး အနီးသို့ ရောက်သောအခါ. . .

"နတ်ဘုရားမ. . . ကျွန်ုပ်၏ကတိအတိုင်း ပတ္တမြားအား လာရောက်ပို့ဆောင်ပေးပါ၏၊ ကျွန်ုပ်တို့၏အသက်ကို ကယ်တင်စောင့်ရှောက်ပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ပါ၏၊ သင်၏ရှင်သန်နေသော ဝိညာဉ်သည် ကျွန်ုပ်တို့အပေါ် ထာဝစဉ် စောင့်ရှောက်ပါစေသတည်း"

ဟု ပြောဆိုတိုင်တည်ပြီး ပတ္တမြားကို မူလနေရာ၌ ပြန်လည်တပ်ဆင်ပေးကာ အောက်သို့ ပြန်ဆင်းလာသည်။

သူ အောက်သို့ ပြန်ရောက်သောအခါ ရုပ်ထုနောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

အနက်ရောင်ဆာရီကို ခြုံထားသော အမျိုးသမီးပင် ဖြစ်၏။ သူမလက်ထဲမှာ အထုပ်တစ်ထုပ်ကို ကိုင်လာသည်။

"ကျွန်တော်ပေးထားခဲ့တဲ့ကတိအတိုင်း ပတ္တမြားကို ပြန်ပို့ပေးပြီးပါပြီ၊ ဒီသစ်ရွက်ကိုရော ခင်ဗျားကို ပြန်ပေးရမှာလား"

"ဒီသစ်ရွက်က သင့်ကို အပိုင်ပေးတာမို့ သင်ယူသွား





လေ၊ သင့်ဘဝတစ်သက်တာတွင် ဤသစ်ရွက်နှစ်ရွက်ကို ကောင်းမွန်စွာ သိမ်းဆည်းထားပါက ကမ္ဘာပေါ်၌ ရှိသမျှ အဆိပ်ရှိသော သတ္တဝါများရဲ့ရန်ပြုခြင်းကို ဘယ်တော့မှ မခံရပေ၊ အခြားသူများကိုလည်း ကယ်တင်ပေးနိုင်လိမ့်မည်"

"ကျေးဇူးတင်ပါတယ်"

"ကိုးဂျပါထရာသစ်ရွက်ဆိုတာ သာမန်လူတွေ မရနိုင် မတွေ့နိုင်ဘူး၊ သိဒ္ဓိတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေမှသာ ရနိုင်တဲ့ နတ်ဆေးရွက်ဖြစ်တယ်၊ သင့်တစ်သက် အလိုရှိရာ သုံးပေတော့"

"ကောင်းပါပြီ. . ."

"ဒါထက် ညောင်ပင်ခေါင်းထဲမှာ ရှိတဲ့ ရတနာတွေကို မယူတော့ဘူးလား"

"ကျွန်တော် ဒီကိုလာခဲ့တာ ရတနာတွေကို ရှာဖို့ လာတယ်ဆိုပေမယ့် ကျွန်တော့်အတွက် ရှာဖို့ လာတာမဟုတ်ပါဘူး၊ ကျွန်တော့်သဘောက ဒီရတနာတွေကိုလည်း မလိုချင်ဘူး၊ မက်မောမှုလည်း မရှိပါဘူး၊ နတ်ဆေးရွက်လို့ ခေါ်တဲ့ ကိုးဂျပါထရာသစ်ရွက်ရတာနဲ့တင် ကျေနပ်ဝမ်းမြောက်မိပါတယ်"

"လောဘစိတ်ကင်းတဲ့ သင့်ရဲ့စိတ်ထားကို ချီးကျူးမိပါတယ်၊ မိုးရေစက်တွေဟာ ကောင်းကင်ကနေ မြေပေါ်ကို ကျလာတယ်ဆိုပေမယ့် တစ်ချိန်မှာ အခိုးအငွေ့အဖြစ်နဲ့ ကောင်းကင်ကို ပြန်တက်လေ့ရှိတယ်၊ မိမိရဲ့စေတနာရောင်ပြန်ကလည်း ဒီအတိုင်းပါပဲ၊ အမြဲတစေ တုံ့ပြန်မှုရှိတယ်၊ ကောင်းတာလုပ်ရင် ကောင်းတာ ရသလို မကောင်းတာ လုပ်တဲ့သူဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့ တုံ့ပြန်မှုပဲ ရမှာပါပဲ”

“မှန်ပါတယ်. . .”

“သင့်ရဲ့ကောင်းသောစေတနာအတွက် ကျွန်ုပ်က လက်ဆောင်ပေးလိုက်ပါတယ်၊ ဒီမှာ သင့်အတွက် ရတနာပစ္စည်းတွေပါ”

ဟုပြောကာ လက်ထဲမှာ ကိုင်လာသောအထုပ်ကို လှမ်းပေးသဖြင့် ဒေါက်တာမင်းထင်ကျော်က လှမ်းယူထားလိုက်သည်။

“အခုလိုပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒီပစ္စည်းတွေကို ကျွန်တော့်ကိုယ်ကျိုးအတွက် မသုံးပါဘူး၊ ကုသိုလ်ကောင်းမှုတစ်ခုခု ပြုလုပ်ပြီး အမျှအတမ်း ဝေပေးပါ့မယ်”

“ကောင်းပါပြီ. . . သွားပေဦးတော့”

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း ဘုရားကျောင်းအတွင်းမှ ပြန်ထွက်လာကြသည်။

ထိုအချိန်မှာ အမှောင်ရိပ်များကလည်း တဖြည်းဖြည်း ဖုံးလွှမ်းလာချေပြီ။

နတ်ဘုရားကျောင်း အပြင်ဘက် ရောက်တော့ လမ်းဘေးတစ်ဖက်တစ်ချက်၌ ရပ်နေသော လူရိုင်းများကို တွေ့ရသည်။

လူရိုင်းများက သူတို့ ထွက်လာတာမြင်တော့ လှံများကို မြေသို့ စိုက်၍ ဒူးထောက်ကာ အရိုအသေ ပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း လမ်းအတိုင်း အပြင်သို့ ထွက်ခဲ့ကြလေသည်။





ရဟတ်ယာဉ် ရှိသောနေရာသို့ ရောက်ပြီးနောက် လှည့်ကြည့်လိုက်သောအခါ ၎င်းတို့သဏ္ဌာန်ကို ဝိုးတဝါးမြင်နေရသေးသည်။

ထို့နောက် ရဟတ်ယာဉ်ပေါ် တက်၍ အပေါ်သို့ ပျံတက်ကာ ကာလကတ္တား ရှိရာဘက်သို့ မောင်းနှင်ခဲ့ကြသည်တွင် ကျွန်ုပ်ရေးသော ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ဗတ် အဆုံးသတ်ရန် ဖြစ်သော်လည်း ထိုသို့အဆုံးသတ်ပေးပါက အချစ်ကို နှစ်သက်သော စာဖတ်ပရိသတ်များက ဘဝင်ကျမည် မဟုတ်ပေ။

သို့ကြောင့်. . .

စာမျက်နှာ များနေပြီဖြစ်သော်လည်း ဒီနေရာ၌ အဆုံးမသတ်ဘဲ နောက်ပိုင်းအခြေအနေအချို့ကို ရေးသားတင်ပြရပေဦးမည်။

ကာလကတ္တားသို့ ပြန်ရောက်နေရှာသော သီရိမာလာကို ဖြောင်းဖျနှစ်သိမ့်ပေးနေရသဖြင့် ချက်ချင်းမပြန်နိုင်ကြသေးပေ။

ထိုရက်များအတွင်း၌ မစ္စတာပရာချန်၏ဇနီးဖြစ်သူ “မဟောသီ” က စီစဉ်ပေးသောကြောင့် ဟိမဝန္တာသို့ ရောက်၍ ၎င်းတို့ ယုံကြည်ကိုးကွယ်သော ယောဂီကြီးနှင့်လည်း တွေ့ရ၍ ဒေါက်တာမင်းထင်ကျော် လေ့လာချင်သော ဗေဒင်ကျမ်းများကိုလည်း လေ့လာခွင့်ရခဲ့လေသည်။

ကာလကတ္တား၌ နှစ်ပတ်ခန့် နေပြီး မြန်မာပြည်သို့ ပြန်ရန်ပြင်သောအခါ မစ္စတာပရာချန်၏ဇနီး “မဟောသီ” က



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ကူညီလက်စနဲ့ ကျွန်မတို့ကို တစ်ခုလောက် ထပ်ပြီး ကူညီပေးပါဦး ဒေါက်တာ"

"ဟုတ်ကဲ့ ပြောပါ၊ ဘာများ အကူအညီပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မတို့က မစ္စတာပရာချန် မျက်နှာနဲ့ အိန္ဒိယကို လိုက်နေရပေမယ့် ဒီမှာနေရတာ မပျော်ပါဘူး၊ အခု သူမရှိတော့ဘူးဆိုတော့ ဒီမှာရှိတဲ့ပစ္စည်းတွေကို ထုခွဲရောင်းချပြီး မြန်မာပြည်ကို ပြန်လိုက်ချင်ပါတယ်၊ အဲဒါလေး တဆိတ်လောက် အကူအညီပေးစေချင်တာပါပဲ"

"ရပါတယ်. . . ဒီအတွက် ဘာမှအပန်းမကြီးပါဘူး၊ ကျွန်တော် အကူအညီပေးပါ့မယ်၊ ကျွန်တော်တို့ ပြန်ရင် တစ်ခါတည်း လိုက်ခဲ့ကြမယ် မဟုတ်လား"

"ကျွန်မတို့တော့ ဒီလိုပဲ ဆုံးဖြတ်ထားပါတယ်၊ သမီးကလည်း မြန်မာပြည်ကို ပြန်ဖို့ပဲ ပြောနေပါတယ်"

"ဟုတ်ကဲ့. . . ကောင်းပါတယ်"

ထိုသို့ပြောပြီး မဟေသီက နေရာမှ ထသွားသောအခါ ...ရှိမာလာက. . .

"ဒေါက်တာတော့ ကျွန်မတို့မိသားစုနဲ့ တွေ့ကာမှ ကူညီလို့ မဆုံးအောင် ဖြစ်နေတော့တာပဲ"

ဟု အားနာစွာ စကားဆိုသည်။

"ဒီလို သဘောမထားပါဘူး၊ သီရိတို့ မြန်မာပြည်ကို အပြီးပြန်ကြမယ်ဆိုတာကိုပဲ ကျွန်တော်က ဝမ်းသာနေတာပါ"





"ဟင်. . . ဘာကြောင့်လဲဟင်"

"မြန်မာပြည်မှာ မွေးပြီး မြန်မာသွေး ပါတဲ့သူဟာ မြန်မာပြည်မှာပဲ ပျော်သင့်တာပေါ့၊ မြန်မာပြည်ဟာ ကျွန်တော်တို့အတွက် နွေးထွေးတဲ့ရင်ခွင်တစ်ခုပါပဲ"

"ကျွန်မတို့ မြန်မာပြည်နဲ့ ဝေးနေတာ ကြာပြီဆိုတော့ အဆင်ပြေမှပြေပါ့မလားလို့ တွေးပူနေမိတာ"

"ဒီအတွက် စိတ်မပူပါနဲ့၊ ဟိုရောက်တော့ အစစအရာရာ ကျွန်တော်အကူအညီပေးမှာပါ"

"ကျွန်မတို့မှာ အားကိုးရမယ့်လူ မရှိတော့ ဒေါက်တာကိုပဲ အားကိုးရမှာဆိုတော့. . ."

ထိုအခိုက်မှာ မလှမ်းမကမ်း၌ ကွမ်းစားနေသော ဦးဇန်ကောင်းက. . .

"မိန်းကလေးရယ်. . . ဒီအတွက် ဘာမှအားနာစရာမလိုပါဘူး၊ ကျုပ်တို့ဆရာက တစ်ယောက်တည်းသမားဆိုတော့ အခုလို အကူအညီပေးရမယ့်လူမျိုးကို လိုက်ရှာနေတာ၊ အခုမှပဲ တွေ့ရတာဆိုတော့ အကူအညီလိုနေတဲ့သူနဲ့ အကူအညီပေးချင်တဲ့လူ. . . အဆင်ပြေသွားတာပေါ့"

ဟု ပြောဆိုကာ နေရာမှ ထသွားရာ သီရိမာလာ၏ ဖြူဖွေးသောမျက်နှာလေးပေါ်တွင် ပန်းနုရောင်ကလေးများ သမ်းသွားလေသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့ ဇာတ်လိုက်ကျော်ကြီး ဒေါက်တာမင်းထင်ကျော်မှာလည်း ရှက်ကိုးရှက်ကန်း ဖြစ်နေလေ...ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရမလို ထရမလို ဖြစ်နေသည်တွင်. . .

ကျွန်ုပ်ရေးသားသော(မရဏတောင်ကြား ကျောက်သားမျက်နှာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာ၌ နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ကြိုးသာ

တပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊မတ်လ(၅)ရက်၊
ဗုဒ္ဓဟူးနေ့၊ညနေ(၅)နာရီ၊

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com